www.burmeseclassic.com

အောင်မြင့်တာဝေ

ဂန္ဓရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

# တြိုသင်္ဂ

## ခင်မွန်တန်းမှ လွမ်းပုံပြင်




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ကြီးသစ်
ခင်မွန့်တန်းမှလွှင်းပုံပြင် / ကြီးသစ်။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၄၉ - စာ၊ ၁၃.၅ × ၂၀.၈ စင်တီ။
(၁) ကြီးသစ်

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၀၉၀၁၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၆၀၅၁၁။
ထုတ်ဝေသူ ။ ။ ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ။ ။ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊
သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။



ဖြန့်ချိရေး ။ ။ အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း။
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄ ။
ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ (ဩဂုတ်လ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

## (ဒသမနှလက်ဆောင်)

အောင်မြင်သူတွေ
ဘာကြောင့် အောင်မြင်သလဲဆိုတဲ့
အဖြေတစ်ခု ရှိပါတယ်၊
အောင်မြင်သူတွေ ဘယ်လိုတွေးခေါ်ခဲ့သလဲ...
ဘယ်လို အလုပ်,လုပ်ခဲ့ကြသလဲ
အချိန်ကို ဘယ်လို အသုံးချခဲ့ကြသလဲ...
ဆုံးဖြတ်ချက်တွေကို ပြတ်ပြတ်သားသား
ချမှတ်ခဲ့ကြပြီး..အဲဒီဆုံးဖြတ်ချက်အတိုင်း
မဆုတ်မတွန့် လုပ်ခဲ့ကြလို့
အောင်မြင်မှု ရခဲ့ကြတာပါ...
ဒါပေမယ့် အောင်မြင်သူတိုင်း မေးခွန်းတစ်ခု
ကိုတော့ ဖြေကြရပါတယ်...
အဲဒီမေးခွန်းက..
"ဘယ်လောက်အထိ ဆိုးဆိုးဝါးဝါး
ဆုံးရှုံးမှုတွေနဲ့ ကြုံနိုင်သလဲ..."
ဆိုတဲ့မေးခွန်းပါပဲ၊
ဒါပေမယ့် သူတို့တတွေရဲ့တူညီတဲ့အချက်
ကတော့ အားလုံး ဒီမေးခွန်းကို ဖြေနိုင်ခဲ့ကြ
ပါတယ်။
သင်ရော အဲဒီမေးခွန်းကို ဘယ်လိုဖြေမှာလဲ...
ဖြေဖို့အတွက်ရော ဘယ်လောက်အထိ
အဆင်သင့် ဖြစ်ဆင်ထားပြီးပြီလဲ...။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သော အခန်းများ


အခန်း(၁) ပိုက်ထဲမှ လက်ဖျံရိုးတစ်ချောင်း

အခန်း(၂) လတာပြင်ပေါ်မှာ တွေ့ရသည့်သရဲ

အခန်း(၃) မိကျောင်းလေလား နာနာဘာဝလား

အခန်း(၄) ကုန်းတန်းရွာသို့ အလည်ရောက်ကြခြင်း

အခန်း(၅) လက်ဖျံရိုးတစ်ချောင်းနှင့် သင်္ချိုင်းမြေနေရာပဟောင်း

အခန်း(၆) ရန်ငြိုးဖွဲ့သည့် ဝိညာဉ်ချစ်သူ

အခန်း(၇) နတ်တင်မှားသောသူ

အခန်း(၈) အမှောင်ထဲမှ အကူအညီပေးသူ

အခန်း(၉) စွဲလမ်းမှု သံယောဇဉ်

အခန်း(၁၀) ပရလောကသားတို့၏တိုက်ပွဲ




### အခန်း(၁)

# ပိုက်ထဲမှ လက်ဖျံရိုးတစ်ချောင်း

ခင်မွန်တန်းရွာကလေးမှာ ရေလုပ်သားများ စုဝေးနေထိုင်သော ရွာငယ်ကလေး ဖြစ်သည်။ ဖောင်ဝင်မြစ်၏အရှေ့ဘက် ကမ်းပါးပေါ်တွင် တည်ရှိလေသည်။ မိုးရာသီ ရောက်လာလျှင် မိမိတို့ တဲများကို ထားရစ်ခဲ့ပြီး နေရပ်သို့ ပြန်သွားကြသော ရေလုပ်သားတို့မှာ မိုးရာသီကုန်သည်နှင့် မြောက်ပြန်လေနှင့်အတူ ခင်မွန်တန်း ရွာကလေးသို့ ပြန်လည်ရောက်လာကြသည်။

အတော်များများမှာ အခြားအရပ်ဒေသများမှ လာရောက်၍



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ကိုင်ကြသူများဖြစ်ကာ ရာသီကုန်သည်နှင့် အလုပ်သိမ်းကာ မိမိတို့နေရပ်သို့ ပြန်ကြလေသည်။

ထိုအခါ လူမရှိသော တဲစုတ်ကလေးများသာ ကျန်ရစ်ခဲ့ပြီး တစပြင်သဖွယ် ခြောက်သွေ့တိတ်ဆိတ်ကာ ကျန်ရစ်ခဲ့လေသည်။ အတော်များများမှာတော့ ဘိုကလေး၊ မော်ကျွန်းမြို့များ၏အောက်ပိုင်း အရပ်ဒေသမှ လူများလေသည်။

ဆောင်းဦးပေါက်ရာသီ ရောက်လာသည်နှင့် လှေပေါ်သို့ စားအိုးစားခွက်၊ ပိုက်၊ ကွန်၊ ယင်း အစရှိသော ငါးဖမ်းကိရိယာများ တင်ဆောင်ကာ မိသားစုများနှင့်အတူ ရောက်လာကြသည်။

သူတို့အတွက်တော့ ပြက္ခဒိန် မလိုပေ။

ရာသီမသိ ပန်းနှင့်ညှိ ဟူသော စကားအတိုင်း ရာသီအကူးအပြောင်းကို မသိပါက ပွင့်သောပန်းများကို ကြည့်နိုင်သလို ရေလုပ်သားအတွက်ကတော့ ရာသီပြောင်း လေနှင့်ဒီရေ အတက်အကျကို ကြည့်ရုံနှင့် အလုပ်ဆင်းရမည့်အချိန်ကို သိနိုင်ကြသည်။

သီတင်းကျွတ်၊ တန်ဆောင်မုန်းလ ရောက်သော်လည်း တောင်လေ၊ အနောက်တောင်လေ၊ အနောက်လေ၊ အနောက်မြောက်လေများ တိုက်ခတ်နေသမျှ ကာလပတ်လုံး ပင်လယ်၌ မိုးမကုန်သေးကြောင်း သိနိုင်သလို မြောက်လေ (မြောက်ပြန်လေဟုလည်း ခေါ်သည်) အရှေ့လေ၊ အရှေ့မြောက်လေများ ပုံမှန်တိုက်ခတ်လာပါက မိုးကုန်ပြီဟု သိနိုင်လေသည်။

တောင်ပြန်လေတွင် မိုး၏အနံ့အသက်များ ပါလာသလို





မြောက်ပြန်လေ၌လည်း ဆောင်း၏အငွေ့အသက်များ ပါလာလေ့ ရှိကြသည်။ ထိုအခါ ရေလုပ်သားတို့မှာ မိသားစုများ၊ ကလေးများ၊ ခွေးများ ပါမကျန် လှေပေါ်သို့ တင်ကာ ပိုက်ကွန်၊ ယင်း အစရှိသော ကိရိယာများနှင့်အတူ ဖောင်ဝင်မြစ်ရိုးအတိုင်း စုန်ဆင်းလာကြတော့သည်။

ခင်မွှန်တန်းသို့ ရောက်သောအခါ ယခင်နှစ်က မိမိတို့ နေသွားခဲ့သော တဲအိမ်အဟောင်းများကို ပြန်လည်ပြုပြင်ကြရသည်။ တဲများမှာ ယာယီဆောက်ထားသောကြောင့် တစ်မိုးတွင်းလုံး လေဒဏ်မိုးဒဏ်မိပြီး ပျက်စီးယိုယွင်းနေကြချေပြီ။

တဲပြုပြင်ရာမှာလည်း ပိုက်ဆံအကုန်ခံ၍ ဝယ်စရာ မလိုဘဲ မိန်းမလှကျွန်းပေါ်မှ သစ်သားများကို ခုတ်ယူကာ လတင်ပြင်၍ အလေ့ကျ ပေါက်နေသော ဓနိကိုင်းများ အသုံးပြုလိုက်ရုံနှင့် တစ်နွေလုံး နေဖို့ရသော တဲတစ်လုံး ရရှိနိုင်ပေသည်။

ကြိုးလိုလျှင်တော့ ဒမင်းနွယ်ကြိုးနှင့် သမန်းလျှော်ကြိုးများကို ခုတ်ယူအသုံးပြုကြသည်။ လူဟောင်းများက မိမိတို့ တဲဟောင်းများကို ပြန်ပြင်ရသကဲ့သို့ ယခုနှစ်မှ အသစ်ရောက်လာသော လူသစ်များကလည်း သင့်တော်သောနေရာများတွင် တဲများ ထိုးကြရသည်။

နွေရာသီ ဖြစ်သဖြင့် အမိုးအတွက် သိပ်မလိုရာ တဲတစ်လုံးကို တစ်နေ့နှင့်ပင် ဆောက်နိုင်ကြသည်။ တစ်မိုးတွင်းလုံး ကွဲကွာနေသော မိတ်ဆွေများ အချင်းချင်း ပြန်လည်တွေ့ဆုံကြသောအခါ စကားပြောသံများ၊ အော်ဟစ်နှုတ်ဆက်သံများဖြင့် ဆူညံလျက် ရှိနေတော့သည်။

တစ်မိုးတွင်းလုံး သစ်ပင်ကြီးများအောက်တွင် ငြိမ်သက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော ခင်မွန်တန်း ရွာကလေးမှာ အသက်ဝင်စ ပြုလာခဲ့ချေပြီ၊ နေစရာအတွက် ပြင်ဆင်ပြီးသောအခါ အလုပ်စရန်အတွက် ပိုက်ပြင်သူ ပြင်၊ ကွန်ဖာသူကဖာ၊ ယင်းယက်သူက ယက်နှင့် မိမိတို့ သက်ဆိုင်ရာ ကိရိယာများကို ပြင်ဆင်ကြသည်။

အချို့ကလည်း တောထဲမှ တည်သီး၊ မဒမခေါက်များ ယူဆောင်၍ပြုတ်ကာ ပိုက်များ ဆိုးကြလေသည်။ မဒမခေါက် ပြုတ်ရည်နှင့် တည်သီးရေ ဆိုးထားပါက ချည်သားဖြင့် ယက်လုပ်ထားသော ပိုက်သားများ ကြာရှည်ခံသည်။ ရေငန်စား၍ ဆွေးမြေ့မှာ မကြောက်ရတော့ပေ။

ခင်မွန်တန်းသို့ ရောက်လာသော ရေလုပ်သား အများစုမှာ ကျားပိုက်၊ ငါးပုတ်သင်ပိုက်၊ ဂါးပိုက် ထောင်သူကထောင်၊ ယင်းများ၊ ပိုက်များနှင့် ဘဝင်းပိတ်သူ၊ ချောင်းပိတ်သူကပိတ်၊ ပုစွန်တန်းချသူကချ၊ ဂဏန်းထောင်သူထောင်၊ ငါးမြားတန်း ချသူကချနှင့် လုပ်ငန်းအမျိုးအမည် များသည်။

အချို့ကလည်း ရင်တွန်း၊ ဂေါ်ပိုက်များဖြင့် သောင်ပြင်တလျှောက် ထိုးသူက ထိုးသည်။ ရရှိလာသော ငါးပုစွန်များကိုလည်း အခြားထွက်ရောင်းစရာ မလိုပေ။

စီးပွားရေး လာဘ်မြင်သော ငါးဒိုင်များက စက်လှေများဖြင့် ရွာအထိ လာရောက်ဝယ်ယူကြသဖြင့် အဆင်ပြေသည်။ သို့သော် ဈေးနှုန်းကတော့ ၎င်းတို့ သတ်မှတ်သည့်ဈေးနှုန်းသာ ရသည်။ အခြားရောင်းစရာလည်း မရှိသဖြင့် ပေးတဲ့ဈေးနှင့်ပင် ရောင်းချရသည်။





ပိုလျှံသော ငါးပုစွန်များကိုတော့ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များ ပြုလုပ်ထားကြသည်။ ပစ္စည်းကိရိယာများ ပြင်ဆင်ပြီးနောက် တန်ဆောင်မုန်းလဆန်း(၁၁)ရက်နေ့လောက်ဆိုလျှင် လုပ်ငန်းစတင်လေ့ ရှိကြသည်။ ထိုအချိန်မှာ မိုးအကုန် ဆောင်းအကူးကာလဖြစ်ပြီး မြစ်တွင်းမှာ ရေစီးက ပုံမှန်ဖြစ်သွားပြီး ရေကလည်း ကျသွားချေပြီ။

ငါးပုစွန်များလည်း မြူးတူးသောအချိန်ဖြစ်သည်။ နေရာထိုင်ခင်းအတွက် တဲများ ပြင်ဆင်ခြင်း၊ လုပ်ငန်းအတွက် ငါးဖမ်းကိရိယာများ ပြုပြင်ပြီးသောအခါ အလုပ်ဆင်းရန်ပင် အဆင်သင့် ဖြစ်ချေပြီ။

ထိုအခါ ရေလုပ်သားတို့ ဓလေ့ထုံးစံအရ တင်မြှောက်ခြင်း နှစ်မျိုးလုပ်ရသည်။ တစ်မျိုးက ငါးပုစွန် ရှာဖွေမည့် မိန်းမလှကျွန်းတစ်ဝိုက်သည် ဦးရှင်ကြီးနတ် ပိုင်ဆိုင်သောအရပ်မို့ ဝါကျွတ်ကာလ အလုပ်ဝင်ကာနီး ဆွမ်းတင်ရသည်။

ကောက်ညှင်း၊ အုန်းသီး၊ ငှက်ပျောသီး၊ ထန်းလျက်၊ လက်ဖက်၊ ကွမ်းယာ စသည်တို့ကို လေးတိုင်စင် ပြုလုပ်ထားသော စင်ပေါ်မှာ တင်ပြီး တင်မြှောက်ကြရသည်။ ရေငန်၊ သစ်တောအရပ်များတွင် ၎င်းကဲ့သို့ ဆွမ်းတင်ရသည့်ကိစ္စမှာ များစွာအရေးကြီးသောကိစ္စဖြစ်သည်။

အမှားအယွင်း အဖြစ်ခံ၍ မရပေ။ အမှားအယွင်း တစ်စုံတစ်ရာ ဖြစ်ပါက အန္တရာယ်နှင့် တွေ့ရတတ်သည်ဟု အယူစွဲ ရှိကြသည်။ ကျန်တစ်မျိုးက ရေလုပ်သားတို့ ထုံးစံအတိုင်း ထမင်းဦးပေါင်း၊ ကြက်သားဟင်း၊ ဘဲဥ၊ တောအရက် စသည်တို့ဖြင့် အဘိုးနတ် အစရှိသော ရေပိုင် ချောင်းပိုင်များကို တင်မြှောက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့စေကာမူ တင်မြှောက်ပသခြင်းဆိုင်ရာ အမှားအယွင်း မရှိသော်လည်း တောနက်တွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားကြသော အစိမ်းသေများ ရှိကြပေရာ ခြောက်လှန့်မှု အမျိုးမျိုးနှင့်တော့ တွေ့ကြုံကြရသည်။

တောနက်တွင်းမှာ နာနာဘာဝတို့က နေရာအနှံ့ ရှိနေလေရာ သားစိမ်းငါးစိမ်းများ ပေါသော တံငါရွာတန်းတဝိုက်သို့ လာကြသည်မှာလည်း အထူးအဆန်းတော့ မဟုတ်လှပေ။

အေးလှသောဆောင်းရာသီဝင်စ၌ ချောင်းထဲ ဆင်း၍ အလုပ်လုပ်ကြသူ အတော်များများမှာ အရက်သောက်လေ့ ရှိကြရာ ထိုကဲ့သို့ အခြောက်အလှန့် ခံရသော်လည်း ကြောက်ရွံ့မှု မရှိကြပေ။

မနှစ်က ဆတ်ချောင်းကျွန်း အထက်နားရှိ တဲတန်းတွင် ကြုံရသော အဖြစ်အပျက်တစ်ခုမှာ အကြောက်အလန့် မရှိသူများပင် ကြောက်ရွံ့ရသောအဖြစ်မျိုးဖြစ်သည်။

ထိုနေ့က မိုးကလေး တဖွဲဖွဲနှင့် အလုပ်သိမ်း၍ ပြန်လာကြသော ဖိုးတေနှင့်စံဖဲတို့နှစ်ယောက်မှာ ရွာသို့ ပြန်ရောက်သောအခါ မှောင်စပျိုးနေချေပြီ။

ထိုအခါ နှစ်ယောက်စလုံး မိုးမိလာသဖြင့် အေးစိမ့်နေသောကြောင့် အရက်သောက်ရန် ပြင်ကြသည်။ အရက်ပုလင်းနှင့်အတူ မကင်၊ မဖုတ်ရသေးသော အသားခြောက်များကိုပါ အမြည်းအတွက် ယူလာကြသည်။

နှစ်ယောက်သား တဲအတွင်းမှာထိုင်-အရက်ကို တစ်ယောက်





တစ်ခွက် သောက်လိုက်၊ အမဲကြော် နှိုက်စားလိုက် လုပ်နေကြသည်။ အမှောင်ရိပ်များက ဖုံးနေသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် မမြင်ရပေ။

တောရိပ်များက ဖုံးနေသည်က တစ်ကြောင်း၊ မိုးမှောင်ကလည်း ကျနေသောကြောင့် ထိုမျှမှောင်မိုက်နေခြင်းဖြစ်၏။ တစ်ချို့တစ်ချို့ဝင်းကနဲ လက်လိုက်သော လျှပ်စီးရောင်များကြောင့်သာ အတန်အသင့်မြင်ရလေသည်။

အမဲခြောက်ခွက်ကို အလယ်မှာ ချထားပြီး နှိုက်စားနေကြရာ အမှောင်ရိပ်ကြောင့် သူ့လက်ကိုယ့်လက် မမြင်ရပဲ တစ်ခါတစ်ခါမှသာ ရိပ်ကနဲ ရိပ်ကနဲ မြင်ရသည်။ စံဖဲက အမဲခြောက် ထည့်ထားသောခွက်ကို လက်ဖြင့် စမ်းရင်း. . . .

"ဟေ့ကောင် ဖိုးတေ. . . အမဲခြောက်တွေ စားလှချည်လားဟ၊ စောစောက အများကြီးရယ်၊ အခု မရှိတော့ဘူး"

ဟု စံဖဲက အရက်မူးသံဖြင့် ပြောသည်။

"ငါ ဘယ်မှာ သိပ်စားရသေးလို့လဲ၊ အခုမှ တစ်ခုနှစ်ခုပဲ ရှိသေးတယ်၊ စားတော့ မင်းစားပြီး ငါ့ကို လွှဲချနေတာ မဟုတ်လား"

ဟု တစ်ယောက်နှင့်တစ်ယောက် အပြစ်ပုံချနေကြစဉ် အလယ်မှာ ချထားသော ခွက်ထဲမှ အမဲခြောက်များကတော့ သိသိသာသာလျော့ကျသွားလေသည်။

သူတို့နှစ်ယောက်သည် အရက်မူးနေသည်က တစ်ကြောင်း၊ မှောင်နေသောကြောင့် သဲသဲကွဲကွဲ မမြင်နိုင်ပဲ ရှိနေရာ အမဲခြောက်များ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့လက်ချက် ဆိုသည်ကို အတပ်မပြောနိုင်အောင် ရှိနေကြသည်။ အမှန်တော့ အမှောင်ထဲမှာ အမဲခြောက် နှိုက်နေသောလက်များတွင် သူတို့နှစ်ယောက်၏လက်နှစ်ချောင်းအပြင် အခြားလက်တစ်ချောင်း အပိုရှိနေသည်ကိုတော့ မသိကြပေ။ တစ်ကြိမ်မှာတော့. . .

"ဟေ့ စံဖဲ. . . မင်းလက်က အမွေးတွေက ရှည်လှချည်လား ဟ"

"ငါ့လက်မှာ ဘယ်မှာ အမွေးရှိလို့လဲ၊ မင်းလက်က လက်သည်းတွေကရော ရှည်လှချည်လား"

"ဟေ. . . ငါ့လက်မှာ ဘယ်မှာ လက်သည်းရှည် ရှိမှာလဲ၊ ရေခဲစားထားလို့ လက်သည်းခွံတွေ ထိပ်တောင် မရှိတော့ဘူး"

"ဒါဖြင့် စောစောက ငါ့လက်နဲ့ ဝင်တိုက်မိတာ ဘယ်သူ့လက်လဲဟ"

"အေး. . . ငါလည်း စောစော အမဲခြောက်နှိုက်တော့ အမွေးတွေနဲ့ လက်တစ်ဖက် တွေ့လိုက်တယ်"

ထိုသို့ပြောဆိုပြီး တစ်ယောက်က နေရာမှ ထသွားပြီး ရေနံဆီမီးခွက်ကို လက်ဖြင့် စမ်းယူသည်။ ထို့နောက် သစ်သားမီးခြစ်ကို ယူ၍ မီးခြစ်ကာ မီးခွက်ကို ထွန်းလိုက်သည်။ ထိုအခါမှ အမဲခြောက် နှိုက်စားနေသော တရားခံကို တွေ့ကြရသည်။ တစ်ကိုယ်လုံး အမွေးရှည်များရှိပြီး မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲနှင့် သတ္တဝါတစ်ကောင်ကို တွေ့ရတော့မှ နှစ်ယောက်စလုံး လန့်သွားလေသည်။

"ဒါ ဘာကောင်လဲ"





"ငါလည်း မသိဘူး"

"မသိဘဲနဲ့ ငါတို့အမဲခြောက်တွေ ဝင်နှိုက်စားတဲ့အကောင် ချကွာ"

နှစ်ယောက်သား အရက်မူးမူးနှင့် ဓါး၊ တုတ်များကို ယူပြီး ထိုးနှက်ကြတော့မှ အမွေးရှည်ရှည်နှင့် သတ္တဝါမှာ နေရာမှ ထပြေးသွားတော့သည်။ နောက်တစ်ညတွင် နှစ်ကောင်ရောက်လာပြီး လာရောက်ခြောက်လှန့်ကြရာ ဖိုးတေနှင့်စံဖဲတို့နှစ်ယောက်မှာ ဆက်မနေဝံ့ကြတော့ဘဲ ထိုနေရာမှ ပြောင်းပြေးရလေသည်။

ခင်မွန်တန်းရွာတန်းကလေးမှာ ရေလုပ်သားများ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ရောက်လာကြရာ တဖြည်းဖြည်းနှင့် စည်ကားလာတော့သည်။ အချို့က စောစောရောက်လာကြပြီး အချို့က နောက်ကျပြီးမှ ရောက်လာကြသည်။

နောက်ကျပြီးမှ ရောက်လာသောအဖွဲ့များထဲမှာ နီမောင်တို့သားအဖ နှစ်ယောက်လည်း ပါလာသည်။ နီမောင်တို့မှာ ကပ္ပနန်းရွာသားများဖြစ်ပြီး နှစ်စဉ် ခင်မွန်တန်းရွာသို့ ရောက်လာကာ ငါးပုစွန်ရှာလေ့ရှိသည်။ ယခုလည်း နောက်ကျပြီးမှ ရောက်လာသော ၎င်းတို့သားအဖကို အရင်ရောက်နှင့်သူများက ဝမ်းသာအားရ ကြိုဆိုကြလေသည်။

"ဘကြီးရှိန်တို့ နောက်ကျလှချည်လားဗျ"

"အေးကွာ. . . လှေပြင်ရတာနဲ့ ပိုက်ပြင်နေရတာနဲ့ စောစော မရောက်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအဖ ရောက်လာသောအခါ အခြားရွာသူရွာသားများက ဝိုင်းဝန်း၍ တဲထိုးပေးကြသဖြင့် တစ်နေ့တည်းနှင့် နေစရာ ရကြလေသည်။ သူတို့ရောက်သောအချိန်မှာ နောက်ကျနေပြီး အလုပ်ဆင်းရမည့်အချိန် ရောက်နေပြီ ဖြစ်သဖြင့် ထုံးစံအတိုင်း တင်မြှောက်ပသခြင်းများပင် မပြုလုပ်နိုင်တော့ပဲ အလုပ်ဆင်းရန် ပြင်ဆင်လေသည်။

"အဖေ. . . ကျွန်တော်တို့ မတင်မြှောက်ရသေးဘူး၊ အလုပ်ဆင်းလို့ ဖြစ်ပါ့မလား"

နီမောင်က စိုးရိမ်သဖြင့် မေးလိုက်သည်။

"ဖြစ်ပါတယ်ကွာ. . . ဒီကနေ့က တင်မြှောက်ဖို့ ဘာမှလည်း အဆင်သင့် မလုပ်ရသေးဘူး၊ အချိန်ကလည်း မရှိတော့ဘူး၊ ဒီရေဦးရေဖျားမှာ တစ်ရက်လွတ်လို့ မဖြစ်ဘူး၊ ဒီလိုပဲ တောင်းပန်တိုးလျှိုးပြီး ဆင်းရမှာပဲ"

ဦးဘရှိန်က ပြောပြောဆိုဆိုဖြင့် တဲအရှေ့ဘက်သို့ ထွက်ကာ တောင်းပန်သမှု ပြုသည်။

"တောပိုင်နတ်များ မြစ်ချောင်းပိုင်နတ်များ ခင်ဗျား၊ ဒီကနေ့တော့ဖြင့် အချိန်မမီတော့ပါသဖြင့် တင်မြှောက်ပသမှု မပြုနိုင်တာ ခွင့်လွှတ်သည်းခံတော်မူပါ။ မနက်ဖြန်တော့ဖြင့် ထုံးတမ်းအစဉ်အလာအရ တင်မြှောက်ခြင်း ပြုပါမည်၊

ဒီကနေ့ညမှာ အနှောင့်အယှက်များ ကင်းပြီး ငါးပုစွန်များ အထိအမိကောင်းအောင် ကူညီမစပေးကြပါခင်ဗျား"





ဟု တောင်းပန်ပြောဆိုပြီး သားအဖနှစ်ယောက် အလုပ်ဆင်းရန် ပြင်ကြလေသည်။ ၎င်းတို့ အသုံးပြုသော ငါးဖမ်းကိရိယာမှာ ရေပြန်ပိုက်အမျိုးအစား ဖြစ်သည်။ ဝါးဖောင်တွင် အသုံးပြုသော ပိုက်တစ်ဖက်ပုံစံမျိုးဖြစ်ပြီး ချောင်းငယ်အတွင်းများမှာ ရေတက်သောအချိန်မှာ ထောင်ရသည်။

ပိုက်အတော်များများက ရေကျချိန်တွင် ချောင်းဝမှ ပိတ်ထောင်ကြရပြီး ရေပြန်ပိုက်က ရေတက်ချိန်မှ ထောင်ရသဖြင့် ရေပြန်ပိုက်ဟု ခေါ်ခြင်းဖြစ်၏။ (၁၂)တောင်ခန့် ကျယ်ဝန်းသော ချောင်းအတွင်းမှာ ရှေ့တွင် တိုင်သုံးတိုင်၊ နောက်ဘက်တွင် တိုင်တစ်တိုင်စိုက်ကာ အဝကျယ် အဖျားရှုံးသော ဝါးလုံးတန်းနှစ်ခု ပစ်ပြီး ပိုက်ဆွဲကာ ထောင်ရခြင်းဖြစ်သည်။

ရေထဦးရက်ဖြစ်သော လဆန်း(၁၁)ရက်နေ့မှ စကာ လပြည့်ကျော်(၈)ရက်နေ့အထိ (၁၃)ရက်အထိ အလုပ်လုပ်ကြပြီး (၉)ရက်နှင့် (၁၀)ရက်မှာတော့ နားကာ ပိုက်ပြင်ဆင်ခြင်း၊ ဖာထေးခြင်း၊ မဒမခေါက်ရည် ဆိုးခြင်း၊ တည်သီးရည်ဆိုးခြင်းများ ပြုလုပ်ကြသည်။

တစ်လတွင် (၂၆)ရက် အလုပ်ဆင်းပြီး (၄)ရက်နားသည်။ အများအားဖြင့် ပုစွန်ဆိတ်၊ ပုစွန်ကျော့၊ ပုစွန်ထုတ်နှင့် ငါးမျိုးစုံတို့ရသည်။ ရေထဦးရက်တွင် အထိအမိကောင်းပါက (၁၂)တောင် လှေအပြည့်အမောက် ရတတ်လေသည်။ ရေငန်ဒေသတွင် ပိုက်ထောင်ရခြင်းမှာ ငါး၊ ပုစွန် အထိအမိ များသော်လည်း ပိုက်ကို ဂဏန်းညှပ်သည့်ဒဏ်ကိုတော့ အများဆုံး ခံကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်ခါ ပိုက်ပေါက်များကို ဖာထေးကြရသည်။ ရေထဦးရက်မှာ လဆန်း၊ လဆုတ်(၁၁)ရက်နေ့မှ (၁၅)ရက်နေ့အထိ ဖြစ်သည်။ ထိုရက်မှကျော်လျှင် ရေစီးကြမ်းလာပြီဖြစ်သဖြင့် ငါးပုစွန် အရနည်းသည်။ (၃)ရက်နေ့မှာ ရေအမြင့်ဆုံး တက်ပြီး ထိုနောက်ပိုင်းမှာ (၁၀)ရက်နေ့အထိ တဖြည်းဖြည်းနှင့် ရေသေရက် ဖြစ်သည်။

'(၁၀)ရက်ရေ၊ စင်းစင်းသေ' ဆိုသော စကားအတိုင်း ရေလည်း မတက်တော့၊ ရေစီးလည်း မသန်တော့ပေ။ သို့ကြောင့် လဆန်း(၁၁)ရက်နေ့ ရေထဦးရက်ကို အလွတ်မခံလိုသဖြင့် ဦးဘရှိန်မှာ နတ်မတင်ရသေးဘဲ ပိုက်ဆင်းရန် ကြိုးစားနေခြင်းဖြစ်သည်။

နီမောင်မှာ ဖခင်ဖြစ်သူကို မလွန်ဆန်ဝံ့သဖြင့် သားအဖနှစ်ယောက် ပိုက်ချရန် ပြင်ဆင်ကြသည်။ မိန်းမလှကျွန်းကြီးတဝိုက်တွင် ပိုက်ထောင်၍ ကောင်းသော ချောင်းအတော်များများ ရှိရာ လမုကိုင်းချောင်းအတွင်း ဝင်ရောက်ကာ ပိုက်ချကြလေသည်။

ချောင်းဟူ၍သာ ဆိုသော်လည်း ချောင်းကမ်းနံဘေး တဖက်တချက်တွင် လမုပင်များ အုပ်ဆိုင်းနေသဖြင့် ချောင်းဝကိုပင် ကောင်းစွာမမြင်နိုင်ပေ။ နှစ်ယောက်သား အတွင်းပိုင်းသို့ အနည်းငယ် ရောက်အောင်ဝင်ပြီးမှ ပိုက်ချသည်။ (၁၁)ရက်နေ့မို့ နေဝင်ရီတရောအချိန်တွင် ရေပြန်တက်သည်။

ဖောင်ဝင်မြစ်ကမ်းတလျှောက်ဆီမှ ဘုတ်ငှက်အော်သံ၊ ဒီလှိုင်းရိုက်ခတ်သံများ ကြားရပြီး ချောင်းရေက အတွင်းသို့ စီးဝင်လာသည်။ ရေစီးနှင့်အတူ ငါးပုစွန်များက မြူးတူးစွာ ပါလာကြသည်။ ကောင်းကင်





မှာ လရောင်မှုန်ပျပျ ရှိသော်လည်း သစ်ပင်ရိပ်များ ကွယ်နေသဖြင့် ချောင်းတွင်း၌ မှောင်နေသည်။

နှစ်ယောက်စလုံး လှေပေါ်မှ ထိုင်ကာ ချောင်းအတွင်းသို့ ဝင်လာသော ငါးပုစွန်များကို မျက်တောင်မခတ် လှမ်းကြည့်နေကြစဉ်မှ လှေဦးနှင့် မနီးမဝေးရှိ လမုပင်တစ်ပင်မှာ တစ်စုံတစ်ခုနှင့် ဖိချလိုက်သကဲ့သို့ ချောင်းတွင်းသို့ ကိုင်းကျသွားလေသည်။

"အဖေ. . . ရှေ့မှာ. . ."

နီမောင်က နတ်မတင်ရသေးပဲ ပိုက်ဆင်းလာရသဖြင့် စိတ်ထဲမှာ တထင့်ထင့် ရှိနေသဖြင့် အရာရာကို သတိဖြင့် ကြည့်နေစဉ် ကမ်းစပ်မှ လမုပင် ကိုင်းကျသွားသည်ကို လှမ်းမြင်လိုက်သည်။

"ဘာလဲ. . . ."

"လမုပင်ကြီး ကိုင်းကျသွားတယ်"

"တောသတ္တဝါ တစ်ကောင်ကောင် တက်လို့ဖြစ်မှာပေါ့"

မဖြစ်နိုင်ပေ. . .။

တောသတ္တဝါထဲမှာ ဆင်မှလွဲပြီး လမုပင် ကိုင်းကျသွားသည်အထိ တက်နိုင်အောင် ကြီးသော သတ္တဝါမျိုး မရှိပေ။ ထိုအခိုက်မှာပင် အသံနက်ကြီးဖြင့် အော်သံတစ်ချက် ကြားလိုက်ရသည်။

"ဟေး. . ."

ထိုအသံမှာ ချောင်းရိုးတစ်ခုလုံး ပွဲတင်ထပ်သွားလေသည်။ နီမောင်တို့ သားအဖနှစ်ယောက် လှမ်းကြည့်လိုက်သောအခါ ဒီဘက်ကမ်းရှိ လမုကိုင်းပေါ်မှ တဖက်ကမ်းပေါ်ရှိ လမုကိုင်းပေါ်သို့ လှမ်းကူး



www.burmeseclassic.com

www.burmeseclassic.com



သွားသော ခြေထောက်မည်းမည်းကြီးနှစ်ဖက်ကို လှမ်းမြင်လိုက်ရသည်။

"ဟာ. . ."

ဒီတော့မှ နှစ်ယောက်စလုံး တအံ့တသြ ဖြစ်သွားကြသည်။ ကြည့်နေရင်းမှာပင် နောက်တစ်ကြိမ် အော်သံကြီး ကြားရပြီး ဒီဘက်ကမ်းသို့ ပြန်ကူးလာသည်။ ခြေထောက်ရှည်ကြီးသာ လှမ်းမြင်ရပြီး ခန္ဓာကိုယ်တော့ မမြင်ရပေ၊ ခြေထောက်မှာပင် ကနစိုပင်တမျှ ကြီးမားရှည်လျားလေသည်။

"အဖေ. . . သရဲခြောက်နေပြီ ထင်တယ်၊ ဆက်ထောင်လို့ ဖြစ်ပါ့မလား"

"အခုမှတော့ သိမ်းလို့မှ မရတော့တာ၊ ခြောက်လည်း ခံရရုံပဲ ရှိတော့မပေါ့"

နီမောင်ကတော့ တောပိုင်တောင်ပိုင်များကို စိတ်ထဲမှ ကြိတ်ကာ တောင်းပန်တိုးလျှိုးနေလေသည်။ အတန်ကြာသောအခါမှ ဟိုဘက်ကမ်း ဒီဘက်ကမ်းသို့ ကူးချည်သန်းချည် ပြုလုပ်နေသည့် ခြေထောက်မည်းမည်းကြီးနှစ်ချောင်း ပျောက်ကွယ်သွားတော့သည်။

ထိုအချိန်တွင် ရေစီးကလည်း မှန်လာပြီး ရေဝက်ခန့် ရှိလာချေပြီ။ ငါးပုစွန်များကလည်း ပိုက်အတွင်းသို့ အလုံးလိုက် လိမ့်ဝင်လာလေသည်။ လှေဦးတွင် ရေနံဆီမီးခွက် ထွန်းထားသောကြောင့် ရေစီးနှင့်အတူ ပါလာသော ငါးပုစွန်များကို အတိုင်းသား မြင်နေရသည်။

"အဖေ. . . ငါးပုစွန်တွေ အတော်များပါလား"

"ဒီအတိုင်းသာဆိုရင်တော့ လှေလေးအောင်များ ရမလား မသိ





ဘူး"

ဟု ဦးဘရှိန်က အားရပါးရ ပြောသည်။ သို့သော်လည်း ရေပြည့်၍ ပိုက်ဖော်ချိန် ရောက်သောအခါ ပိုက်ကို လှေပေါ်သို့ ဆွဲတင်ကြသည်။ ထိုအခါမှ အထင်နှင့်အမြင် လွဲလေတော့သည်။ ပိုက်၏ချေးအိတ်ထဲ၌ ငါးပုစွန် တစ်ကောင်တစ်လေမှပင် မတွေ့ရပဲ လူလက်ဖျံရိုး တစ်ချောင်းသာ ရောက်နေလေတော့သည်။ သည်တော့မှ သားအဖနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂)

# လတာပြင်ပေါ်မှာတွေ့ရသည့်သရဲ

နောက်တစ်နေ့ နံနက်ပိုင်း ရွာသို့ ပြန်ရောက်သောအခါ အချင်းချင်း ပြောဆိုသံများ ကြားကြရာ အလုပ်ဆင်းကြသည့်လူ အတော်များများမှာ သရဲခြောက်ခံရသော သတင်းများ ဖြစ်ပေါ်ခဲ့သည်။

"ဟေ့ . . . ဘယ်လို၊ ညက မင်းတို့ သရဲခြောက်ခံရတယ် ဟုတ်လား သာထွန်း"

"ဟုတ်တယ် အဘရှိန်ရဲ့၊ ခြောက်လိုက်တာမှ ပြောင်ဆန်နေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ အလုပ်ကို ဖြောင့်အောင် မလုပ်ရပါဘူးဗျာ”

ဟု သာထွန်းဆိုသူက ပြောသည်။ ထိုအခါ နောက်တစ်ယောက်ကလည်း ဝင်ပြောသည်။

“သူတင် အခြောက်ခံရတယ် ဟုတ်ပါ့မလဲ၊ ကျုပ်တို့သားအဖလည်း ညက အခြောက်ခံရတာပဲဗျ၊ ခြောက်တာမှ ဘယ်လောက်ကြမ်းသလဲဆိုရင် ချောင်းဝက လမုကိုင်းကို ခြေထောက်နဲ့ ချိတ်၊ ဇောက်ထိုးဆင်းလာပြီး လျှာကြီးနဲ့ ရေပြင်ကို တဗျမ်းဗျမ်း ရိုက်နေလိုက်တာ ငါးပုစွန်တွေက လန့်ပြီးထွက်ပြေးကုန်လို့ ဘာမှ မရခဲ့ပါဘူးဗျာ”

ဟု မောင်ခဆိုသူက စိတ်ပျက်လက်ပျက် ပြောသည်။ ထိုအခါ သောင်တန်းပေါ်မှာ ဘဝင်းပိတ်ကြသော ဦးမွန်ထော်တို့ သုံးယောက်ကလည်း ၎င်းတို့ကြုံခဲ့ရသော အတွေ့အကြုံများကို ပြောပြကြသည်။

“ဒီနှစ်တော့ အတော်ကလေး ထူးဆန်းလှတယ်၊ ခင်မွန်တန်းကို ကျုပ်တို့ နှစ်တိုင်းလာပြီး အလုပ်လုပ်နေကြတာပဲ၊ သရဲအခြောက်ခံရတယ်ဆိုရင်တောင် ဒီလိုတစ်ညတည်းနဲ့ အလုပ်ဆင်းတဲ့လူတိုင်းတော့ အခြောက်မခံကြဖူးပါဘူး၊ အခုကာမှ ထူးထူးဆန်းဆန်း တစ်ညထဲနဲ့ အလုပ်ဆင်းတဲ့လူတွေအားလုံး သရဲခြောက်ခံရတာတော့ ထူးဆန်းသလိုပဲ”

“ခင်ဗျားရော ညက အခြောက်ခံရသေးလားဗျ”

ဦးဘရှိန်က မေးလိုက်သည်။

“ဘယ်လွတ်လိမ့်မလဲဗျာ. . . အခြောက်ခံရတာပေါ့”

“ဘယ်လိုများ အခြောက်ခံရတာလဲဗျ”





ထိုအခါ ဦးမွန်ထော်က သူတို့ကြုံခဲ့ရသော အတွေ့အကြုံကို ပြန်ပြောပြလေသည်။ ထိုညက ၎င်းတို့ ဘဝင်းပိတ်သော သောင်တန်းမှာ ဒီးဒုတ်ကျွန်း သောင်တန်းပေါ်တွင် ဖြစ်သည်။

ဒီးဒုတ်ကျွန်းသည် မြောက်တရာဘုရားနှင့် မျက်နှာချင်းဆိုင်နေရာလောက်တွင် ရှိလေသည်။ ညဦးပိုင်း ရေကျသွားသောအချိန်တွင် သောင်ပြင်ပေါ်မှာ ပိုက်တိုင်များ စိုက်ကာ ပိုက်သားများကို နွံထဲမှာ မြှုပ်ထားလေသည်။

တဖြည်းဖြည်း ရေတက်လာပြီးနောက် ရေပြည့်သွားသောအချိန် မြှုပ်ထားသော ပိုက်သားများကို ဆွဲတင်၍ ပိုက်တိုင်များတွင် ချည်နှောင်ထားလိုက်သည်။ ရေက တဖြည်းဖြည်း ပြန်ကျသွားသောအခါ ရေတက်ချိန် ကမ်းပေါ် တက်လာသော ငါးပုစွန်များမှာ ပိုက်သားပေါ် တင်ကျန်နေခဲ့လေသည်။

သူတို့ကတော့ ရေလုံးလုံးမရှိတော့သည့်အချိန် ရောက်အောင် အေးအေးဆေးဆေး စောင့်ဆိုင်းနေကြသည်။ လက်ဖက်ရည်ကြမ်းသောက်လိုက်၊ ပါလာသော အစားအသောက်များကို စားလိုက်နှင့် စကားပြောရင်း စောင့်ဆိုင်းနေကြလေသည်။

လဆန်းရက် ဖြစ်သောကြောင့် ကောင်းကင်၌ ထွန်းလင်းနေသော လရောင်က လတာပြင်ပေါ်သို့ ဖြာကျနေသဖြင့် အလင်းရောင်ကောင်းစွာရရှိနေသည်။ ၎င်းတို့သည် အလယ်နေရာလောက်တွင် လှေကပ်ထားသောကြောင့် ပိုက်လက်နား ဟိုဘက်ထိပ်၊ ဒီဘက်ထိပ် နှစ်ခုစလုံးကို လှမ်းမြင်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေအတော် ကျသွားပြီး ပိုက်ခြေပေါ်ကာနီးအချိန် ရောက်သောအခါ ပိုက်အတွင်းမှာ တင်ကျန်နေသော ပုစွန်ခုန်သံ၊ ငါးခုန်သံများကို အဆက်မပြတ် ကြားနေကြရသည်။ ထိုအခိုက်မှာ မလှမ်းမကမ်းရှိ လမုတောအစပ်မှ လူနှစ်ယောက် ထွက်လာသည်။

၎င်းတို့သည် ပလိုင်းတစ်လုံးစီ လွယ်ထားကြပြီး ကမ်းစပ်မှာ ရပ်ကာ အခြေအနေကို ကြည့်သည်။ ထို့နောက် လတာပြင်ပေါ်သို့ ဆင်းလာကြသည်။ ၎င်းတို့သည် ငါးပုစွန်များ တဖျမ်းဖျမ်း ခုန်နေရာသို့ ဆင်းလာကြခြင်း ဖြစ်သည်။

"အဘ. . . ဟိုမှာ လူနှစ်ယောက် ဆင်းလာနေတယ်"

"ငါးခိုးမလို့ ထင်တယ်"

"တစ်ချက်လောက် လှမ်းအော်လိုက်စမ်းကွာ"

ဦးမွန်ထော်က ပြောသဖြင့် မောင်ထွေးက လှမ်းအော်လိုက်လေသည်။

"ဟေ့လူတွေ ဘာလုပ်ကြမလို့လဲ၊ ဒီမှာ လူတွေ ရှိတယ်ကွ"

ထိုသို့ လှမ်းအော်လိုက်တော့ ခြေလှမ်းတန့်သွားပြီး တစ်ချက်လှမ်းကြည့်လေသည်။ ခဏကြာတော့ ရေစပ်သို့ ဆင်းသွားလေသည်။

"ဒီလူတွေ ပြောမရပါလား"

ထိုလူနှစ်ယောက်သည် ပိုက်အစပ်သို့ ရောက်သောအခါ တဖျမ်းဖျမ်း ခုန်နေသော ကပ်ဘီလူးငါး အပါအဝင် ငါးအတော်များများကို ကောက်ယူကာ ပလိုင်းထဲ ထည့်ကြလေသည်။

"ဒီမှာ ပိုင်ရှင်တွေ ရှိနေရက်သားနဲ့ ဒီလူတွေ ရဲလှချည်လား၊





ငါတို့လှေ အဲဒီနေရာကို သွားစမ်းကွာ"

မောင်ထွေးနှင့်လှကျော်တို့က လှေကြိုးကို ဖြုတ်ပြီး ထိုနေရာသို့ လှော်သွားကြသည်။ ၎င်းတို့ လှေဝမ်းထဲမှာ မိန်း၊ ဓါး၊ လှံ လက်နက်များ အဆင်သင့် ရှိနေကြသည်။ ၎င်းတို့လှေ နီးလာသောအခါ ငါးဖမ်းနေသူ နှစ်ယောက်က အခြားနေရာသို့ ရွှေ့သွားကြသည်။

ထိုနေရာသို့ ဆက်လိုက်ပြန်တော့ နောက်တစ်နေရာ ရွှေ့သွားပြန်သည်။ ထိုလူနှစ်ယောက်သည် ငါးအရှင်များကို ဂုတ်ချိုး၍သော်လည်းကောင်း၊ ပါးစပ်ဖြင့် ကိုက်၍သော်လည်းကောင်း သတ်ပြီးမှ ပလိုင်းထဲသို့ ထည့်ကြသည်။

"တော်တော်အတင့်ရဲတဲ့ လူနှစ်ယောက်ပဲ၊ ဒီအတိုင်းတော့ မရတော့ဘူး၊ လှေဆိုက်ပြီး ကမ်းပေါ် တက်လိုက်မှပဲ ရတော့မယ်ဟေ့"

ဟု ပြောဆိုကာ သုံးယောက်သား ဓါးလှံလက်နက်များကို ယူဆောင်ပြီးနောက် လတာပြင်ပေါ် တက်သွားကြသည်။ ထိုအချိန်အထိ ငါးကောက်နေသူ နှစ်ယောက်က ဟန်မပျက်သေးပေ။ မနီးမဝေးရောက်တော့ ဦးမွန်ထော်က လှမ်းအော်လိုက်သည်။

"ဟေ့လူတွေ. . . အခုရပ်ကြစမ်း၊ ပြောမရကြဘူးလား"

မလှမ်းမကမ်း ရောက်ကြပြီး လှမ်းအော်လိုက်သောအခါမှ နှစ်ယောက်စလုံး လှည့်ကြည့်သည်။

"ဟင်. . ."

"ဟာ. . . ဘယ်လိုမျက်နှာကြီးလဲဟ"

လရောင်မှုန်ပျပျအောက်မှာ လှမ်းမြင်လိုက်ရသော မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



သာမန်လူတစ်ယောက် မျက်နှာမျိုးနှင့် မတူပဲ မျက်လုံးနှစ်လုံးက နီရဲနေကာ အပြင်သို့ ပြူးထွက်နေသည်။

နှာခေါင်းပေါက်က အတွင်းချိုင့်ဝင်နေပြီး ပါးစပ်က ပြဲလှသည်။ ၎င်းတို့သုံးယောက်ကို မြင်သောအခါ မာန်ဖီသည့်အနေဖြင့် ပါးစပ်ကို ဖြဲပြလိုက်ရာ ပါးစပ်အတွင်းမှ သွားနှင့်အစွယ်များက အဖွေးသား ပေါ်လာသည်။

ထိုမျက်နှာများကို မြင်ရသောအခါ ဦးမွန်ထော်တို့သုံးယောက်လည်း ရှေ့ဆက်မတိုးဝံ့ကြတော့သဖြင့် ရပ်တန့်သွားကြသည်။ လူနှစ်ယောက်က ၎င်းတို့ကို လုံးဝဂရုမစိုက်ပဲ ငါး ပုစွန်များကို စိတ်တိုင်းကျ ကောက်၍ ပလိုင်းထဲ ထည့်ပြီးနောက် ကမ်းစပ်မှ တောစပ်ရောက်အောင် ခြေတစ်လှမ်းတည်းဖြင့် လှမ်းတက်သွားလေတော့သည်။

"အဘ. . . ဘာကောင်တွေလဲ"

"ဘာကောင်ရမှာလဲ. . . သရဲခြောက်နေတာပေါ့ဟ၊ သူတို့အားလုံးကောက်ယူသွားလို့ ငါးပုစွန်ကြီးကြီးမားမားလည်း ကျန်တော့မှာမဟုတ်ပါဘူး၊ ပိုက်သိမ်းပြီး ပြန်ကြတာပဲ ကောင်းတယ်၊ ဒီနှစ်တော့ ပွဲဦးထွက် လာဘ်ဦးမကောင်းမှတော့ တစ်နှစ်လုံး အခြေအနေ ကောင်းတော့မယ် မထင်ဘူး"

ဟု စိတ်ပျက်လက်ပျက် ပြောဆိုကာ ပိုက်သိမ်းပြီး ပြန်ခဲ့ကြလေသည်။

"ဒါဖြင့် ညက အဘထော်တို့လည်း ငါးတစ်ကောင်မှ မရခဲ့ကြဘူးပေါ့ ဟုတ်လား"





နီမောင်က မေးလိုက်သည်။

"ငါးကြီးငါးကောင်းနဲ့ ပုစွန်ထုပ်တွေအားလုံး ကောက်ယူသွားမှတော့ ပိုက်ထဲမှာ ဘာကျန်ခဲ့မှာလဲ၊ ဟင်းစားတောင် မရခဲ့ပါဘူးကွာ"

ဟု စိတ်ပျက်လက်ပျက် ပြောသည်။ အခြားသူများကလည်း မိမိတို့ ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများကို အသီးသီး ပြောပြကြသည်။ အခြောက်ခံရသည့် အတွေ့အကြုံချင်း မတူသော်လည်း အားလုံး သရဲခြောက်ခံရသည်ကတော့ အမှန်ဖြစ်ကြသည်။

"ဒီနှစ်တော့ အတော်ထူးဆန်းတယ်၊ တစ်ညတည်းနဲ့ အားလုံး သရဲခြောက်ခံကြရတယ်ဆိုတာတော့ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး၊ တစ်ခုခု အနှောင့်အယှက် ပယောဂ ရှိမယ်ထင်တယ်"

"ဘယ်လို ပယောဂလဲ အဘထော်ရဲ့၊ ဒီနေရာကို ကျုပ်တို့တတွေ လာပြီးအလုပ်လုပ်နေကြတာ နှစ်ကို နည်းတော့တာမှ မဟုတ်တာ၊ တစ်နှစ်မှ ဒီလိုအဖြစ်မျိုး မကြုံခဲ့ဖူးပါဘူး၊ တင်တာမြှောက်တာ အများအယွင်းများ ရှိနေလို့လား"

"အင်း. . . ဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ၊ ကိုင်း. . . ဒါဖြင့် အားလုံးစိတ်ရှင်းသွားအောင် ဒီတစ်ကြိမ် ငါကိုယ်တိုင် ဆွမ်းတင် နတ်တင်ပေးမယ်"

ဟု ပြောဆိုကာ ဦးမွန်ထော်ကိုယ်တိုင် ဦးစီးခေါင်းဆောင် ပြုလုပ်၍ ဆွမ်းတင်ခြင်းကိစ္စ ပြုလုပ်လေသည်။ ဆွမ်းတင်မြှောက်သည့်ညက ထူးထူးခြားခြားတော့ ရှိသည်။ ဆွမ်းတင်မြှောက်ပြီး ဆွမ်းပွဲများ စွန့်သောအခါ တောထဲမှ မည်းမည်းသဏ္ဍာန်များ ထွက်လာပြီး အလု



www.burmeseclassic.com

www.burmeseclassic.com



အယက် စားသောက်ကြသည်ကို မသဲမကွဲ လှမ်းမြင်ကြရသည်။

ဦးရှင်ကြီး နတ်ဆွမ်းတင်ပြီးသည်နှင့် ဆွမ်းပွဲများကို အလု အယက် ဝင်ရောက်စားသောက်သည့် နေရာအမျိုးမျိုး၌ ဓလေ့အမျိုးမျိုး ရှိကြသော်လည်း ယခုကဲ့သို့ သရဲသဘက်များ ထွက်လာပြီး စားသောက်ကြခြင်းမျိုးကိုတော့ သူတို့ တစ်ခါမှ မမြင်ဖူးကြသေးပေ။

ဆွမ်းတင်မြှောက်ခြင်းကိစ္စပြီး၍ နတ်တင်မြှောက်ခြင်းကိစ္စကို ဆက်လုပ်ကြသည်။ ဆွမ်းတင်မြှောက်ခြင်း၌ နယ်တော်ရှင်ပွဲ၊ မြို့တော်ရှင်ပွဲ၊ ရွာတော်ရှင်ပွဲ၊ အဘိုးနတ်ပွဲ၊ နောက်ပါတပည့်လက်သားများပွဲ ဟူ၍ တင်မြှောက်ကြရသလို. . .

နတ်ပွဲတင်သောအခါ ရေငန်ပိုင်အရပ်များ၌ အဘိုးနတ်ကို အဓိက ထားပြီး ချောင်းပိုင်၊ ကွင်းပိုင်စောင့်များနှင့် ပရလောကသားများကို အဓိက ထားပြီး တင်မြှောက်ကြရသည်။ ထမင်းပွဲ၊ ကြက်သားဟင်းပွဲ၊ ဘဲဥပြုတ်၊ အရက် စသည်တို့ဖြင့် တင်မြှောက်ကြသည်။

ဦးမွန်ထော်က ထမင်းပွဲ၊ ဟင်းပွဲများဖြင့် တင်မြှောက်ပြီးသော အခါ ဦးမွန်ထော်က စားပွဲခုံပေါ်မှာ တင်ထားသော အရက်ထည့်ထားသော ဖန်ခွက်ကို လက်နှစ်ဖက်ဖြင့် ကိုင်ပြီး တိုင်တည်ပြောဆိုလေသည်။

"အဘိုးနတ်ခင်ဗျား. . . ကျွန်တော်တို့ အလုပ်ဆင်းသည့်အခါမှာ အနှောင့်အယှက်များနှင့် ကြုံတွေ့နေရပါသည်၊ အကယ်၍ တင်မြှောက်မှုများ အမှားအယွင်း ရှိခဲ့ပါက သည်းခံ ခွင့်လွှတ်တော်မူပါ ခင်ဗျား၊





ဤအန္တရာယ် အနှောင့်အယှက်များ ကင်းပအောင်လည်း ဖယ်ရှားပေးသနားတော်မူပါခင်ဗျား၊

ကျွန်တော်တို့အား သား ငါး ပုစွန်များ ရရှိအောင်လည်း စောင်မပေးတော်မူပါ ခင်ဗျား"

ဟု ပြောဆိုတိုင်တည်ကာ ဖန်ခွက်အတွင်းမှ အရက်အချို့ကို ချောင်းအတွင်းသို့ သွန်ချပေးလိုက်သည်။ ထိုအချိန်မှာ မြစ်ကမ်းနှင့် မနီးမဝေး ရေပြင်ပေါ်မှာ မိကျောင်းတစ်ကောင် စင်းစင်းကြီး ပေါ်လာလေသည်။

"ဟော့. . . ဟိုမှာ မိကျောင်းကြီးဟော့"

"နတ်မိကျောင်း ဖြစ်မယ်ထင်တယ်၊ တစ်ခုခု ထူးခြားမှု ရှိလို့သာ အခုလို ပေါ်ပြတာ ဖြစ်မယ်ထင်တယ်၊ ကိုင်း. . . ကျွန်တော်တို့ကို သတိလာပေးတဲ့ နတ်မိကျောင်း မှန်ပါက အမြီးနဲ့ခေါင်းကို စောင်းကောက်သဏ္ဌာန်ပမာ ရေထဲကနေ ဖော်ပြပါခင်ဗျား"

ဦးမွန်ထော်က အတွေ့အကြုံ ရှိနေသူမို့ ရဲရဲတင်းတင်းပင် တိုင်တည်ပြောဆိုလိုက်သောအခါ ရေထဲမှာ စင်းစင်းကြီး ပေါ်နေသော မိကျောင်းက အမြီးပိုင်းနှင့် ဦးခေါင်းပိုင်း ကြွတက်လာပြီး စောင်းကောက်ပုံသဏ္ဌာန် ဖြစ်လာသည်။

အတန်ကြာအောင် ထိုပုံစံအတိုင်း ရှိနေပြီးမှ တဖြည်းဖြည်းနှင့် ပြန်မြုပ်သွားတော့သည်။ ထိုသို့တင်မြှောက်ပြီး နောက်တစ်နေ့ ညဘက် ရောက်တော့ မိမိတို့ သက်ဆိုင်ရာအလုပ်များ ဆင်းကြပြန်သည်။ ထိုညများမှာတော့ အချို့သာ အခြောက်အလှန့် ခံရပြီး အချို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်ကင်းစွာ အလုပ်လုပ်နိုင်ကြသဖြင့် ငါးပုစွန်များ ရရှိကြပေသည်။

နောက်ပိုင်းရက်များမှာလည်း ငါး ပုစွန်များ ရကြပြီဖြစ်ရာ ငါး ပုစွန် ကောက်ယူသော ငါးရွဲ စက်လှေများ ရောက်လာကာ ရရှိသော ငါး ပုစွန်များ ဈေးပြတ်၍ ဝယ်ယူကြသည်။ ငါးမြားတန်း ချသူများထံမှ ငါးတန်၊ ငါးမြင်း၊ ငါးချောင်း အစရှိသော ငါးကြီးများ ရသလို ချောင်းပိတ်သူ၊ ဘဝင်းပိတ်သူတို့ထံမှာ ကကတစ်၊ ကသပေါင်း၊ ကပ်ဘီလူး၊ ပုစွန်ထုတ်များ ရသည်။

ပိုက်ထောင်သူများထံမှ ပုစွန်၊ ငါးအကြီးအသေးများ ရကြသည်။ အချို့ရေလုပ်သားများက ပုစွန်ထုပ် အကြီးအသေးများကိုသာ ငါးရွဲသို့ ရောင်းပြီး အစိမ်းရောင်းမရသော ပုစွန်အသေးများကိုတော့ ဆားရေဖြင့် ပြုတ်ကာ နေလှမ်းသည်။ ခြောက်သွားသောအခါ ပုစွန်ခြောက် ပြုလုပ်သည်။

ဤသို့ဖြင့် ခင်မွန်တန်း ရွာကလေးမှာ မြောက်ပြန်လေနှင့်အတူ အသက်ဝင်စ ပြုလာချေတော့သည်။ ထိုသို့စည်ကားလာပြီး ငွေကြေးရလာသောအချိန်တွင် အနီးတဝိုက်မှ ဈေးလှေများ ရောက်လာပြီး ဈေးရောင်းကြသည်။ အချို့ဈေးလှေများကတော့ လှေကို အိမ်သဖွယ် ပြုလုပ်နေပြီး ပစ္စည်းများ စုံလင်အောင်တင်ပြီး နေရာအနှံ့ လိုက်လံရောင်းချကြခြင်းဖြစ်သည်။

အချို့ကတော့ မနက်စောစော ရောက်လာပြီး မနက်ပိုင်း စားသောက်စရာများ လာရောက်ရောင်းချလေသည်။ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ မုန့်စိမ်းပေါင်း၊ ပဲပြုတ်၊ ကောက်ညှင်းပေါင်း၊ မုန့်ကြော်များ အစိုက ထား၍ ရောင်းသည်။ အချို့လည်း နေ့လည်ပိုင်းတွင် တစ်ကျော့ပြန်လာပြီး ရောင်းကြသည်။



ထိုသို့ လာရောက် ရောင်းချကြသော ဈေးလှေများမှာ ဘယ်ရွာ ဘယ်နေရာက လာရောင်းမှန်း မသိကြရသော်လည်း နှစ်စဉ်ရောက်လာပြီး နေ့စဉ်လို တွေ့မြင်နေကြရသောကြောင့် တစ်ဦးနှင့်တစ်ဦး မျက်မှန်းတန်းမိကာ ခင်မင်နေကြသည်။

"မုန့်ဟင်းခါး ညှပ်ခေါက်ဆွဲ စားကြဦးမလားရှင်"

ထိုအော်သံ ကြားသောအခါ တဲအတွင်းမှာ ပိုက်ဖာနေသော နီမောင်က အပြင်သို့ ထွက်သွားကာ တံတားထိပ်သို့ ဆင်းသွားသည်။ သူ့ကို မြင်တော့ မုန့်ရောင်းသည့်လှေက တံတားနံဘေး ဝင်ကပ်လာသည်။

လှေပဲ့ပိုင်းမှာ ခင်လေးညိုက လှေလှော်ပေးပြီး လှေဦးပိုင်းတွင် ဒေါ်မယ်အိက မုန့်တောင်းနားမှာ ထိုင်သည်။ သူ့အနီးမှာ လှော်တက်တစ်ချောင်း ချထားသော်လည်း ခင်လေးညို တစ်ယောက်တည်းသာ လှော်လာခြင်းဖြစ်သည်။ တံတားတိုင်မှာ လှေကြိုးချည်ပြီးသောအခါ တဲအတွင်းမှ ဦးဘရှိန်တို့ပါ ထွက်လာသည်။

"အစ်ကိုတို့ ဘယ်ရက်က ရောက်နေကြတာလဲ"

ခင်လေးညိုက ခေါင်းပေါ်မှာ ဆောင်းထားသည့် ခမောက်ကို ချွတ်ရင်း အပြုံးဖြင့် လှမ်းမေးသည်။

"တစ်ရက်နှစ်ရက်ပဲ ရှိပါသေးတယ်၊ ဒီကနေ့မှ ဈေးရောင်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်တာလား"

"နေ့တိုင်းတော့ ထွက်ပါတယ်၊ ဒီဘက်မှာ မရောက်ကြသေးဘူး ထင်လို့ လှည့်မလာတာပါ"

နီမောင်နှင့် ခင်လေးညိုတို့ ဈေးလှေမှာ အလုပ်လုပ်နေသည့် ရာသီတလျှောက်လုံး နေ့စဉ်လိုလို တွေ့မြင်နေကြရာ လူငယ်တို့ သဘာဝ ခင်မင်ရင်းနှီးနေကြလေသည်။

"ကဲ. . . မုန့်ပြင်လိုက်တော့မယ်နော်"

ရှေ့ပိုင်းမှာ ထိုင်နေသော ဒေါ်မယ်အိက ခေါင်းပေါ်မှာ ဆောင်းထားသော ခမောက်ကို နံဘေးသို့ ချထားလိုက်သည်။ နီမောင် စိတ်ထဲမှာ ဒေါ်မယ်အိ၏ပုံသဏ္ဌာန်မှာ မနှစ်က တွေ့ရသည်ထက် ပိုမို အိုစာသွားသည်ဟု ထင်လိုက်မိသည်။ ထိုအခိုက်မှာ ဦးဘရှိန် တံတားဦး ရောက်လာပြီး လှမ်းမေးလိုက်လေသည်။

"မုန့်ဟင်းခါး ဘယ်လိုရောင်းသလဲ အဖွား"

"တစ်ဆယ်သားယူရင် ဆယ့်ငါးပြား၊ နှစ်ဆယ်သား ယူရင်တော့ တစ်မတ်ပဲ ပေးပါကွယ်"

"အဲဒီလိုဆိုရင် နှစ်ဆယ်သား နှစ်ပွဲထည့်ဗျာ၊ မုန့်ဟင်းခါးကို ဟင်းရည်ကောင်းကောင်းနဲ့ မစားရတာ အတော်ကြာနေပြီ၊ အခုမှပဲ စားရတော့မှာ"

"အမေချက်တဲ့ဟင်းရည်ကတော့ ငါးရံ့ ငါးခူကို စပါးလင်၊ ငြုပ်ကောင်းနိုင်နိုင်နဲ့ ငံပြာရည်ကလည်း ဆိုကျရည် သုံးထားတာ ဆိုတော့ တစ်ခါစားမိရင် ခံတွင်းတွေ့သွားစေ့မကွယ်"





"ပြောတာနဲ့တင် သွားရေယိုလာပြီ၊ မြန်မြန်လေးသာ ထည့်ပေးပါတော့ဗျာ"

ဒေါ်မယ်အိက ဇလုံနှင့် မုန့်ပွဲနှစ်ပွဲ ထည့်၍ လှမ်းပေးသဖြင့် တံတားပေါ်မှ လှမ်းယူကာ ထိုနေရာမှာပင် ထိုင်စားကြလေသည်။ ဟင်းရည်က ကောင်းလှပြီး မုန့်ပွဲအပေါ်မှ ဆီချက်ကလေးနှင့် ငြုပ်သီး အလှော်မှုန့် ဖြူးပေးထားသဖြင့် စားရသည်မှာ ခံတွင်းမြိန်လှသည်။

သားအဖနှစ်ယောက် မုန့်နှစ်ဆယ်သားစီ စားပြီးသည့်အပြင် ဒေါ်မယ်အိက ဟင်းရည်အပို ထပ်ထည့်ပေးသဖြင့် ငှက်ပျောအူဖတ်များ ထည့်ထားသော ဟင်းရည်ကို သောက်ကြရပြန်သည်။ ထို့နောက် ပိုက်ဆံငါးမူး ပေးသည့်အပြင် နီမောင်က စင်ပေါ်မှ ငါး ပုစွန်အချို့ကို ဟင်းစားပေးလိုက်သေးသည်။

"ကျေးဇူးတင်ပါတယ် အစ်ကို၊ အစ်ကိုတို့ အလုပ်နားတဲ့ရက်တွေမှာလည်း ကျွန်မတို့ရွာကို လာလည်နိုင်ပါတယ်"

"ညီမတို့ရွာက ဘယ်မှာလဲ"

"မျောက်တစ်ရာဘုရားနဲ့ မျက်စောင်းထိုးလောက်မှာ ရှိတဲ့ ကုန်းတန်းကြီးရွာကပါ"

ကုန်းတန်းကြီးရွာဆိုတာ နာမည်သာ ကြားဖူးပြီး တစ်ခေါက်မှ တော့ မရောက်ဖူးသေးပေ။

"အလုပ်နားတဲ့ တစ်ရက်တော့ လာလည်ပါ့မယ်"

ခင်လေးညိုက ပြုံး၍ခေါင်းညိတ်ပြကာ လှေကြိုးကို ဖြုတ်ပြီး ပြန်ထွက်သွားကြလေသည်။ နီမောင် စိတ်ထဲမှာတော့ ထူးထူးခြားခြား



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးညိုက ရွာသို့ အလည်လာရန် ဖိတ်သွားသောကြောင့် အနည်းငယ် လှုပ်ရှားကာ ကျန်ရစ်ခဲ့လေသည်။





အခန်း(၃)

# မိကျောင်းလေလားနာနာဘာဝလား

ခင်မွန်တန်းရွာတွင် သားငါးရှာသူများ စုဝေးနေထိုင်ကြရာ ဂေါ်တွန်းတဲ့သူများမှသည် မိကျောင်းဖမ်းသမားများအထိ ရှိကြလေသည်။

မိကျောင်းဖမ်းလိုင်စင်ရရှိထားသူမှာ ဘိုကလေးမြို့တွင် ရှိသဖြင့် မိကျောင်းဖမ်းလိုသူများက ၎င်းထံမှတစ်ဆင့် လိုင်စင်ယူကာ မိကျောင်း ဖမ်းကြရသည်။

ဖမ်းမိသော မိကျောင်းကို ၎င်းကိုယ်စားလှယ်ထံမှသာ ပြန်



www.burmeseclassic.com

www.burmeseclassic.com



သွင်းကြရလေသည်။ ခင်မွန်တန်းရွာတွင် မိကျောင်းဖမ်းသူများ ရှိကြသည်။ အဖွဲ့ကို ဦးဆောင်နေသူ နှစ်ယောက်မှာ စောထီးနှင့် ငမဲအောင်တို့ ဖြစ်သည်။

မိကျောင်းဖမ်းနည်းအမျိုးမျိုး ရှိသည့်အနက်တွင် သုတ်ကိုင်းထောင်ခြင်း၊ ထောင်ချောက်တံခါးဖြင့် ဖမ်းခြင်းနှင့် စလွတ်ဖြင့် ထိုးဖမ်းခြင်းတို့ ဖြစ်သည်။

စလွတ်(သန္တတ်ဟုလည်း အချို့ခေါ်သည်)ဖြင့် ထိုးဖမ်းသောနည်းမှာ အစဉ်အဆက် အသုံးပြုခဲ့သောနည်း ဖြစ်သည်။ စလွတ်မှာ မှိန်းနှင့် သဏ္ဍာန်တူပြီး အဖျားၚ္ဒ အသွားထစ် ပါသည်။ စလွတ်ကို ဝါးရိုးတပ်ထားပြီး စလွတ်တံအရင်း၌ ကြိုးတပ်ထားသည်။

မိကျောင်းကို ထိုးစိုက်မိပါက ဝါးရိုးတံက အလိုအလျောက် ကျွတ်ထွက်သွားပြီး မိကျောင်းကိုယ်ပေါ်မှာ စလွတ်တံနှင့် ကြိုးသာ ပါသွားလေသည်။ မိကျောင်း ကျက်စားတတ်သောနေရာများမှာ ချောက်ကမ်းပါးတန်းများ၊ ဝဲခွဆိုင်များနှင့် သရွတ်ချောင်းဖျားနေရာများ ဖြစ်သည်။

သရွတ်ချောင်းဖျားများမှာ ဥချသည့်အချိန်တွင် တက်ရောက်လေ့ရှိသည်။ မိကျောင်းထိုး ထွက်သူများသည် ညအချိန် ထွက်လေ့ရှိသည်။

မိကျောင်းက ရေထဲမှာ နေသည့်အခါ မျက်စိ၊ နှာခေါင်းနှင့် နားအုံနေရာလောက်သာ ရေပေါ်မှာ ဖော်ထားပြီး တစ်ကိုယ်လုံး ရေထဲမှာ နစ်မြှုပ်ကာ နေလေ့ရှိသည်။ သားကောင်ရှိရာသို့ ထိုနည်းဖြင့် ချဉ်း





ကပ်ကာ ဖမ်းဆီးသတ်ဖြတ်လေ့ရှိသည်။

ညအချိန် အမှောင်ထဲတွင် အဝေးသို့ ရောက်နိုင်သော မီးရောင်ဖြင့် ရေပေါ်သို့ ရှပ်ထိုးလိုက်ပါက မီးရောင်က မိကျောင်းမျက်လုံးဖြင့် ထိသည်နှင့် အရောင်ပြန်ထွက်လာသည်။ ထိုအရောင်မှာ ဟသ်ာပြဒါးခဲကဲ့သို့ အနီရောင်ဖြစ်သည်။

အလွယ်ဆုံး ပြောရလျှင်ကား နောက်ဘက် အနီရောင်မီးနှင့် ပုံသဏ္ဍာန်တူလေသည်။

မီးဖြင့် ထိုးကြည့်၍ မိကျောင်းကို တွေ့ပြီဆိုတာနှင့် ထိုနေရာသို့ ရောက်အောင် လှေသံ၊ ရေသံ၊ လှော်တက်သံ မကြားရအောင် လှော်သွားရသည်။

ထိုနေရာတွင် လှေလှော်သည့်လူက လွန်စွာအရေးကြီးသည်။ လှေသံတက်သံ ကြားရသည်နှင့် မိကျောင်းက ရေအောက်သို့ တဖြည်းဖြည်း ငုတ်ပြေးလေ့ရှိသည်။

လှေပေါ်မှာတော့ မီးထိုးပြမည့်သူ၊ လှေဦးမှ စလွတ်ထိုးမည့်သူ၊ စလွတ်ကြိုးကိုင်မည့်သူ၊ လှေလှော်ပေးမည့်သူ ဟူ၍ အနည်းဆုံး လေးယောက်တော့ ပါသည်။ မလှမ်းမကမ်း ရောက်သည်နှင့် မိကျောင်း၏ အနေအထားကိုလည်း အကဲခတ်တတ်ရန် လိုသည်။ ခေါင်းတည့်တည့်နေရာမှ မဝင်ရသလို ကိုယ်လုံးကို ကွေးထားပါက အပြင်ဘက်မှ မဝင်ရပေ။

အကောင်းဆုံးက နောက်ဘက်နှင့် ဘေးဘက်မှ ဝင်သော အန္တရာယ်အကင်းဆုံး ဖြစ်သည်။ ဘေးဘက်မှ ဝင်သည့်အခါ မီးထိုး



www.burmeseclassic.com

www.burmeseclassic.com



သည့်လူက မျက်လုံးနေရာကို မီးရောင်ဖြင့် မပြတ်အောင် ထိုးထားပေးဖို့ လိုသည်။ သို့မှ မိကျောင်းက လှေအနား ကပ်လာသည်ကို မရိပ်မိနိုင်တော့ပေ။

မိကျောင်းထိုးသည့်အခါ ရှေ့မှ စလွတ်ထိုးသည့်လူထက် နောက်ဘက်မှ တက်မကိုင်သူက ပို၍အန္တရာယ်များသည်။

စလွတ်ထိုးတော့မည်ဆိုလျှင် လှေကို မိကျောင်းနှင့် ဘေးချင်းယှဉ်ပေးလိုက်ရသည်။ စလွတ်ထိုးပြီးသည်နှင့် ချက်ချင်း လှေဝမ်းထဲသို့ ဝပ်ချပေးလိုက်ရသည်။ မဟုတ်ပါက စလွတ်ချက် ထိသွားသော မိကျောင်းအမြီးရိုက်ချက် ထိကာ ရေထဲသို့ ပြုတ်ကျတတ်ပေသည်။ တစ်ခါတစ်ရံမှာ မိကျောင်းက လှေအနီးရောက်သည်နှင့် တဖြည်းဖြည်း မြုပ်သွားတတ်သည်။

ထိုအခါ စလွတ်ထိုးသူက မိကျောင်း၏အထာကို သိထားရသည်။ မိကျောင်းမှာ ရေအောက်သို့ ငုတ်ပြေးရာတွင် အခြားသတ္တဝါကဲ့သို့ ရှေ့သို့ တိုး၍မပြေးပေ။

နောက်ဘက်သို့ တုံ့ကနဲ ငုတ်ကာ ပြေးလေ့ရှိသည်။ မိကျောင်းသည် ရေကို နိုင်နင်းကျွမ်းကျင်သောကြောင့် ထိုသို့ ငုတ်ပြေးရာတွင် နောက်ဘက်သို့ လေးတောင် ငါးတောင်ခန့် အကွာအဝေးသို့ ချက်ချင်း ရောက်သွားတတ်သည်။

ကျွမ်းကျင်သော စလွတ်သမားက ထိုအချက်ကို သိပါလျှင် မိကျောင်းကို မလွတ်တမ်း ပစ်ထိုးနိုင်ပေသည်။ မကျွမ်းကျင်သော စလွတ်သမားဆိုပါက မိကျောင်းရှေ့သို့ ငုတ်ပြေးသည်အထင်နှင့်





စလွတ်ဖြင့် လှမ်းထိုးပါက မိကျောင်းက နောက်ဘက်မှ ရောက်လာပြီး ရန်မူလေ့ရှိသည်။

စလွတ်ထိုးချက် ထိပါက ဝါးတံက ကျွတ်ကျန်ခဲ့ပြီး စလွတ်သွားက မိကျောင်းကိုယ်ထဲမှာ စိုက်ဝင်ကာ ပါသွားလေသည်။ အထစ်ပါသောကြောင့် အလွယ်တကူ မကျွတ်တော့ပေ။

မိကျောင်း၏အသားမှာလည်း နူးညံ့လှသောကြောင့် စလွတ်သွားကို စုတ်ယူထားသကဲ့သို့ ရှိလေသည်။ စလွတ်မှာ တပ်ထားသော ကြိုးကတော့ တန်းလန်းပါသွားလေတော့သည်။ စလွတ်ထိသော မိကျောင်းက ရေနက်ပိုင်းသို့ ငုတ်ပြေးကာ ကိုယ်ပေါ်မှာ စိုက်ဝင်နေသော စလွတ်ကျွတ်စေရန် အမျိုးမျိုး ကြိုးစားလေတော့သည်။

အမှန်တော့ လူးလှိမ့်ခြင်းပင် ဖြစ်သည်။ ထိုသို့လူးလှိမ့်လေလေ စလွတ်သွားက အတွင်းသို့ ဝင်သွားပြီး စလွတ်ကြိုးများက ရစ်ပတ်လာလေလေ ဖြစ်၏။

အချိန်တန်လျှင် မိကျောင်းမှာ ရေအောက်မှာ ကြာကြာမနေနိုင်သဖြင့် သောင်ပြန့်ပေါ် တက်ပြေးရတော့သည်။ အများအားဖြင့်တော့ မိကျောင်းမှာ ရေသတ္တဝါ ဖြစ်ပင်ဖြစ်သော်ငြားလည်း ရေအောက်၌ ကြာကြာမနေနိုင်ပေ။

အသက်ရှူကာနီးတွင် ရေပြင်ပေါ် တက်၍ အသက်ရှူရလေသည်။ သို့ကြောင့် ရန်သူနှင့် တွေ့၍ ရေအောက်သို့ ငုတ်ပြေးရသော်လည်း အချိန်တန်ပါက ရေပြင်ပေါ်သို့ ပြန်တက်ပြေးရသည်။ ဒဏ်ရာရထားသည့်အခါ ပိုဆိုးသည်။ သွေးထွက်နေသောနေရာကို ငါးပူတင်း



www.burmeseclassic.com

များက လိုက်လံကိုက်သဖြင့် ရေအောက်၌ မနေနိုင်သဖြင့် သောင်ပေါ် တက်ပြေးရသည်။

ထိုအခါ မိကျောင်းမုဆိုးများက အလွယ်တကူ ဖမ်းနိုင်ကြသည်။ တစ်ခါတစ်ရံလည်း စလွတ်ကြိုးများက ရေအောက်ရှိ သစ်ပင်၊ သစ်မြစ်များနှင့် သွားရောက်ပတ်မိနေပါက အပေါ်သို့ ပြန်မတက်နိုင်တော့ပေ။

ထိုအခါ ရေအောက်၌ အချိန်လွန်သွားကာ ရေမွန်း၍ သေနေတတ်သည်။ ထိုအခါ မိကျောင်းဖမ်းသူများက ရေအောက်သို့ ငုတ်လိုက်သွားပြီး အသက်မသေသေးလျှင်လည်း ကြိုးဖြင့် တုပ်၍သော်လည်းကောင်း၊ အသက်သေနေပါကလည်း ငြိနေသောကြိုးကို ဖြုတ်ကာ အပေါ်သို့ ဆွဲတင်ကြရသည်။

ထောင်ချောက်၊ သုတ်ကိုင်းများဖြင့် ဖမ်းဆီးသူများကတော့ စလွတ်ထိုးသူများလောက် အန္တရာယ်မများလှပေ၊ မိကျောင်း အဆင်း အတက် ရှိသောနေရာများတွင် ခွေးအရှင်ကဲ့သို့ အစာတပ်၍ထောင်ခြင်း၊ ဘဲအရှင်ကို အသုံးပြု၍ သုတ်ကိုင်းထောင်ကြသည်။ ထောင်ချောက်တံခါးဆင်သူများမှာလည်း ထိုနည်းအတိုင်းပင် နံဘေးမှ လမ်းများ၊ ဝင်ပေါက်များကို ပိတ်ထားပြီး ဝင်ပေါက်တစ်ပေါက်တည်း ပေးထားပြီး အစာနှင့်ပြု ထောင်ခြင်း ဖြစ်သည်။

စောထီးနှင့်ငမဲအောင်တို့အဖွဲ့ကတော့ လေးယောက်ရှိပြီး မိကျောင်းဖမ်းဆီးရာတွင် ကျွမ်းကျင်ကြသူများမို့ နည်းအမျိုးမျိုး အသုံးပြုကာ မိကျောင်းဖမ်းဆီးလေ့ရှိသည်။ တစ်နေ့ညက မိကျောင်းဖမ်း ထွက်





သွားကြသော စောထီးနှင့်ငမဲအောင်တို့အဖွဲ့မှာ အံ့ဩစရာလည်းကောင်း၊ ကြောက်စရာလည်း ကောင်းသော အဖြစ်အပျက်တစ်ခုနှင့် ကြုံကြရလေသည်။

ထိုနေ့က ချောင်းဖျားတစ်ခုတွင် မိကျောင်းတစ်ကောင်၏ အသိုက်ကိုက်ထားသော နေရာဟောင်းတစ်ခုကို တွေ့ကြရသည်။ ထိုနေရာသည် ငှက်ကြီးတောင် ဗျိုက်တောများ ပေါလှသည့်နေရာတစ်ခု ဖြစ်သည်။

မိကျောင်းမများမှာ မိုးဦးကျရာသီတွင် အသိုက်ကိုက်ပြီး ဥချလေ့ရှိရာ နှစ်လကျော်ကျော်လောက်တွင် အကောင်ပေါက်လေ့ရှိသည်။

မိကျောင်းပေါက်များ ရေထဲ ဆင်းသွားပြီးနောက်တွင် မိကျောင်းမများလည်း ထိုနေရာမှ စွန့်ခွာသွားလေ့ရှိသည်။ ယခုဆောင်းဦးပေါက်ရာသီ ရောက်နေပြီ ဖြစ်သော်လည်း အသိုက်ဟောင်း ရှိရာနေရာသို့ မိကျောင်းတစ်ကောင် အတက်အဆင်း ပြုလုပ်နေသည့် ခြေရာများကို တွေ့ကြရသည်။ ငှက်ကြီးတောင် ဗျိုက်တောပေါ်မှာ ကိုယ်လုံးဖြင့် ဖိသွားသဖြင့် ကြေမွနေသောနေရာများနှင့် ရွံ့ခြေရာများကို အတိုင်းသား တွေ့မြင်ကြရသည်။

"မိကျောင်းခြေရာတွေပါလား"

"အေး. . . ဟုတ်တယ်၊ ရွံ့တွေ မခြောက်သေးပုံထောက်တော့ ညပိုင်းမှာ တက်သွားတဲ့ခြေရာတွေ ဖြစ်ရမယ်"

"ထူးဆန်းလှချည်လား. . . ဒီအချိန် မိကျောင်းအသိုက် ကိုက်

www.burmeseclassic.com



တဲ့အချိန်လည်း မဟုတ်ပါဘူး၊ မိကျောင်းက ကုန်းပေါ် ဘာတက်လုပ်တာလဲ"

"မိကျောင်းဆိုတာ ရေထဲမှာရော ကုန်းပေါ်မှာပါ နေနိုင်တဲ့ သတ္တဝါပဲ၊ ရေထဲ မနေချင်လို့ ကုန်းပေါ် လာနေတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

"ရေထဲက သတ္တဝါ ကုန်းပေါ် တက်လာလို့ကတော့ သေဖို့သာ ပြင်ပေါ့ကွာ၊ ရေထဲမှာ လိုက်ရှာတာကမှ ခက်နေသေးတယ်၊ ကုန်းပေါ်မှာဆိုတော့ အလွယ်တကူ ဖမ်းယူရုံ ရှိတာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

"ဒီည စောင့်ကြည့်ကြမယ်လေ၊ တွေ့တော့လည်း စလွတ်နဲ့ ထိုးဖမ်းမှာပေါ့"

"ပိုပြီးစိတ်ချရအောင် သုတ်ကိုင်းပါ ဆင်ထားရင် ပိုမကောင်းဘူးလား"

"အင်း . . . ဒါလည်း ကောင်းတာပဲ၊ သုတ်ကိုင်းနဲ့ မိတော့လည်း ဒဏ်ရာဒဏ်ချက် မရှိဘဲ ရတော့ ပိုကောင်းတာပေါ့"

"မိကျောင်းက ဘယ်အချိန် လာမယ်မှန်း မသိတော့ ငါတို့လေးယောက် ညအထိ စောင့်ကြရမယ် ထင်တယ်"

"စောင့်ရတော့လည်း ဘာဖြစ်သလဲကွာ၊ မိကျောင်းတစ်ကောင် ရလိုက်ရင် ငါတို့အတွက်က အတော်ဟန်ကျမှာပဲ"

"ကဲ . . . ဒါဖြင့် ဆင်းလမ်းတက်လမ်းမှာ သုတ်ကိုင်းထောင်ကြရအောင်"





ဟု ပြောဆိုတိုင်ပင်ကာ လှေထဲမှ အသုံးလိုမည့် ပစ္စည်းကိရိယာများကို ကမ်းပေါ် သယ်တင်ကြပြီး သူတို့လှေကို ချောင်းငယ်တစ်ခုအတွင်းသို့ ဆွဲသွင်းကာ ဝှက်ထားလိုက်ကြသည်။

ထို့နောက် မိကျောင်းတက်လမ်းဆင်းလမ်း နေရာမှ သစ်ပင်အချို့ကို ဖယ်ရှားကာ သုတ်ကိုင်းဆင်သည်။ နွယ်ကြိုး၊ ကနစို ကိုင်းများဖြင့် သုတ်ကိုင်းကွင်း ထောင်သောနည်း ဖြစ်သည်။ မိကျောင်းက တက်လမ်းအတိုင်း တက်လာ၍ပဲဖြစ်စေ၊ အပေါ်မှ ဆင်းလာ၍ပဲဖြစ်စေ၊ ကွင်းလျော့ချထားသော ကြိုးကွင်းထဲ ရောက်ပြီး ခလုတ်မောင်းတံကို ဖိမိ၍ပြုတ်သွားပါက သန်မာသော ကနစိုကိုင်းက သုတ်တင်သွားသော အခါ ကြိုးကွင်းက မိကျောင်းကိုယ်ကို ပတ်ပြီး ဆွဲတင်သွားပေမည်။

ထိုအခါ သုတ်ကိုင်းကြိုးပတ်မိထားသော မိကျောင်းကို မုဆိုးများက ခြေလက်၊ ပါးစပ်၊ အမြီးများ မလှုပ်နိုင်အောင် တုပ်နှောင်ကာ အရှင်ဖမ်းယူနိုင်ကြမည် ဖြစ်သည်။ စောထီး၊ ငမဲအောင်၊ စိန်သန်း၊ မြင့်ဆောင်တို့ လေးယောက်သား သုတ်ကိုင်းဆင်နေရင်း စိန်သန်းက ပြောသည်။

"ငါတော့ တောထဲမှာ ညဘက်နေရမှာ နည်းနည်းတော့ လန့်သလိုပဲကွ"

"ဘာကို လန့်တာလဲ"

"အခုတလော ရွာက အလုပ်ဆင်းကြတဲ့လူတွေ သရဲခြောက်ခံနေကြတဲ့သတင်း မင်းတို့ မကြားဘူးလား"

"ကြားသားပဲ . . . သူတို့ သရဲခြောက်တာနဲ့ ငါတို့နဲ့ ဘာဆိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



လဲ”

“မဆိုင်ပဲ နေမလား၊ တော်ကြာ ငါတို့လည်း လာမခြောက်ဘူးလို့ ပြောနိုင်သလား”

“စိန်သန်းရယ် . . . ကြောက်စရာမရှိ ကြံဖန်ကြောက်နေတော့တာပဲ၊ ငါတို့က လေးယောက်တောင်မှ၊ လာခြောက်တော့လည်း ကြောက်စရာလားကွ”

စောထီးက ပြောလိုက်သည်။

“မင်းတို့က မကြုံဖူးသေးလို့ ဒီစကားပြောတာ၊ သရဲဆိုတာ တကယ်ကြောက်အောင် ခြောက်ရင် ကြောက်စရာကောင်းတယ်နော်”

“အေး . . . ကြောက်အောင် လာခြောက်မှပဲ ကြောက်ချင်ကြောက်မယ်၊ အခုတော့ နေမဝင်ခင် သုတ်ကိုင်းမြန်မြန်ပြီးအောင် လုပ်ကြဦးဟေ့”

ဟု ပြောဆိုကာ လေးယောက်သား သုတ်ကိုင်းဆင်ခြင်း လုပ်ငန်းကို ပြီးစီးအောင် ပြုလုပ်ကြသည်။ ညနေပိုင်းအချိန် ရောက်လာသည်နှင့် သစ်ပင်ရိပ်များကြောင့် တောခြေမှာ မှောင်လာလေသည်။ သုတ်ကိုင်းဆင်ခြင်း ပြီးသောအခါ မီကျောင်းတက်လမ်းနှင့် စလွတ်တစ်ကမ်းမျှသာ ဝေးသော သစ်ပင်ပေါ်မှာ လင့်စင်ထိုးကာ တက်စောင့်ကြသည်။

သူတို့နှင့်အတူ ဆလိုက်မီး၊ မီးအုပ်ဆောင်း၊ စလွတ်၊ မှိန်း၊ ဓါး၊ ကြိုးခွေ စသည်တို့အပြင် ဝမ်းပြည့်အောင် စားရန်အတွက် အသင့်ချက်ယူလာသော အစားအသောက်များပါ အပေါ်သို့ တင်ယူကြသည်။





ပစ္စည်းများ အပေါ်ရောက်သောအခါ လေးယောက်သား လင့်စင်ပေါ်သို့ တက်နေကြသည်။ အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန် ရောက်လာပြီမို့ အမှောင်ရိပ်များက လွှမ်းမိုးလာသည်။ တောနက်အတွင်းမှ ညဥ့်ငှက်အော်သံ၊ မျောက်အော်သံများ၊ တောကြက်အော်သံများအပြင် ညအချိန် အစာရှာထွက်လာလေ့ရှိသော တောကောင်ကြီးများ၏အော်သံများပါ ကြားလာရသည်။

ညဦးပိုင်းအချိန် ရောက်တော့ အရှေ့ဘက်မှ လရောင်ထွက်လာသည်။ လရောင်က သစ်ရွက်များကြားမှ ထိုးဖောက်ကာ မြေပေါ်သို့ တစွန်းတစ ကျဆင်းနေသည်။ အလင်းရောင်များက ဟိုနေရာ တစ်ကွက် ဒီနေရာတစ်ကွက် ဖြာကျနေသည်။

လရောင်အောက်မှာ သွားလာနေသော ညဥ့်သတ္တဝါအချို့ကိုလည်း လှမ်းမြင်ကြရသည်။ လထွက်လာသည်နှင့် ရေတက်လာရာ ချောင်းအတွင်းသို့ ရေများ စီးဝင်လာသည်။

“တကယ်လို့ မိကျောင်းတက်ရင်တော့ ဒီရေတက်နဲ့ ဝင်လာမှာ အမှန်ပဲ”

ငမဲအောင်က တိုးတိုးပြောသည်။ ထိုအခိုက်မှာပင် ချောင်းဝပိုင်းဘက်ဆီမှ မိန်းမတစ်ယောက်၏စူးစူးဝါးဝါး အော်သံတစ်ချက် ပေါ်လာသည်။

“အား . . .”

အော်သံက ချောင်းဝပိုင်းဘက်ဆီမှ ဖြစ်သည်။

“မိန်းမတစ်ယောက်ရဲ့အော်သံပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . တစ်ခုခုဖြစ်လို့ အော်တဲ့အသံမျိုးပဲ"

"အလုပ်ဆင်းတဲ့လူတွေကို မိကျောင်းပုတ်ချပြီနဲ့ တူတယ်"

ဒီအချိန်မျိုးမှာ အခြားသူများက အပြင်ထွက်လေ့ မရှိကြပဲ သားငါးရှာသူများသာ ထွက်လေ့ရှိသည်။ ယခုလို ညဦးပိုင်းအချိန်၌ အော်သံကြားရလျှင် သားငါးရှာသူများသာ ဖြစ်ပေမည်။ ငမဲအောင် ခန့်မှန်းသည်မှာ မမှားလှပေ။

အော်သံက တစ်ချက်သာ ကြားလိုက်ရပြီး နောက်ထပ် မကြားရတော့ပေ။ အတန်ကြာတော့ ချောင်းဖျားနေရာသို့ ရေများ 'ဟဲ' ကနဲ ထိုးတက်လာသည်။ ချောင်းဝပိုင်းမှ တစ်စုံတစ်ခု ဝင်လာသဖြင့် ထိုကဲ့သို့ ရေလှိုင်းများ တက်လာခြင်းဖြစ်သည်။ စောထီးတို့လေးယောက်မှာ ထူးခြားလာသော အခြေအနေကြောင့် နံဘေးနားမှာ ချထားသည့် စလွတ်နှင့်လက်နက်များကို အသီးသီး ကောက်ယူလိုက်ကြသည်။

စိန်သန်းက ကျားမီးအုပ်ဆောင်းကို အသင့်ပြင်လိုက်သည်။ ထို့နောက် လေးယောက်သား ချောင်းဝပိုင်းဘက်သို့ မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

ထိုအခိုက်မှာပင် ပြည့်တက်လာသော ရေများနှင့်အတူ စူးစူး ဝါးဝါး ညှီစော်ကြီး နံလာသည်။

သေချာပြီ. . .။

မိကျောင်းတက်လာနေပြီ။

"မိကျောင်းလာနေပြီ. . . စိတ်မလောကြနဲ့၊ ငါတို့ ချထားတဲ့ ထောင်ချောက်ထဲ မဝင်တော့မှ စလွတ်နဲ့ ထိုးကြမယ်"

☺ အောင်မြင်စာပေ ☺



စောထီးက စလွတ်ပြင်ရင်း ပြောသည်။ ကြည့်နေရင်းမှာပင် ရေများက တဖြည်းဖြည်း များလာပြီး အတွင်းသို့ ဝင်လာသော မိကျောင်းတစ်ကောင်၏ပုံရိပ်ကို ဝိုးတဝါး မြင်လာရသည်။ လေးယောက်သား အသက်ပင် မရှူဝံ့အောင် ရှိနေကြသည်။ စလွတ်ကို ကိုင်၍ အဆင်သင့် ပြင်သူကပြင်၊ ကျားမီးအုပ်ဆောင်းကို မီးဖွင့်ရန် ပြင်သူက ပြင်နေကြပြီ။

အတန်ကြာတော့ လူတစ်ယောက်ကို ပါးစပ်မှာ ကိုက်ထားသော မိကျောင်းတစ်ကောင်၏ဦးခေါင်းပိုင်းကြီး 'ဘွား' ကနဲ ပေါ်လာသည်။

"ဟင်. . ."

လေးယောက်စလုံး အထိတ်တလန့် ဖြစ်သွားကြသည်။ မိကျောင်း ပါးစပ်ထဲမှာ ကန့်လန့်အနေအထားဖြင့် ပါလာသောအလောင်းမှာ မိန်းမတစ်ယောက်၏အလောင်းပင် ဖြစ်၏။ ရေထဲမှာ ဝဲနေသော ဆံပင်ရှည်များကြောင့် မိန်းမတစ်ယောက်မှန်း သိနိုင်လေသည်။

မိကျောင်းက ကမ်းစပ်သို့ ရောက်လာသော်လည်း ချက်ချင်း ကမ်းပေါ် မတက်သေးပဲ ရေထဲမှာ ငြိမ်နေသေးသည်။ တကယ်ဆိုလျှင် သူတို့ ရှိနေသောနေရာနှင့် မဝေးလှသောကြောင့် စလွတ်ဖြင့် ထိုးပါက သိနိုင်သည်။

သို့သော် မထိုးပေ။ အဘယ်ကြောင့်ဆိုသော် မိကျောင်းက အစာရထားပြီ ဖြစ်သောကြောင့် ကမ်းပေါ်သို့ တက်တော့မည်မှာ သေချာသောကြောင့် ဖြစ်သည်။ ထို့ပြင် မိကျောင်းဦးခေါင်း တည်ထား

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သောနေရာမှာလည်း သူတို့ ထောင်ချောက်ဆင်ထားသော လမ်းဝပင် ဖြစ်သည်။

အတန်ကြာတော့ မိကျောင်းက လူသေကို ကိုက်ထားလျက်နှင့်ပင် ကမ်းပေါ်တက်လာသည်။

"ဘတ် . . . ဘတ် . . . ဘတ်"

ငှက်ကြီးတောင်ရွက်များပေါ်သို့ လျှောက်လာသောခြေသံကို အပေါ်မှ အတိုင်းသား ကြားနေရသည်။ လူကို ကန့်လန့်အနေအထား အတိုင်း ကိုက်တက်လာသဖြင့် သစ်ပင်သစ်ကိုင်း၊ ငှက်ကြီးတောင်တောများဖြင့် ငြိနေတိုင်း မိကျောင်းက ဆွဲခါလိုက်ရာ လူသေ၏မျက်နှာကို ကြောက်မက်ဖွယ်ရာ လှမ်းမြင်ရသည်။

တဖြည်းဖြည်းနှင့် မိကျောင်းက သူတို့ရှိနေသော သစ်ပင်အောက်သို့ ရောက်လာသည်။ သုတ်ကိုင်းထောင်ထားသောနေရာနှင့် ဝါးတစ်ပြန်လောက်သာ လိုတော့သည်။ သို့သော် မိကျောင်းက ရှေ့ဆက်မသွားတော့ပေ။

အကယ်၍ ရှေ့ဆက်သွားမည်ဆိုလျှင်လည်း ပါးစပ်အတွင်းမှ ကန့်လန့်ပါလာသော လူသေအလောင်းနှင့် လွတ်မည် မဟုတ်ပေ။ စလွတ်ကိုင်ထားသော စောထီးကတော့ မိကျောင်းခေါင်းပြန်လှည့်လျှင် စလွတ်ဖြင့် ထိုးရန် အသင့်ပြင်ထားသည်။

ထိုအချိန်မှာပင် မိကျောင်းက ပါးစပ်ထဲမှ ကိုက်လာသော မိန်းမအလောင်းကို ငှက်ကြီးတောင်ရွက်များပေါ် ချထားလိုက်သည်။ အလောင်းက ပက်လက်အနေအထား ဖြစ်သည်။ လရောင်က သစ်ပင်





များကြားမှ ထိုးဆင်းနေရာ အလောင်း၏မျက်နှာပေါ်သို့ တည့်တည့်ကျနေသည်။

အပေါ်မှ ဆလိုက်မီးရောင်ဖြင့် ထိုးပြထားသလို ရှိနေသဖြင့် အရှင်းသား မြင်နေရသည်။ အမျိုးသမီး၏မျက်နှာမှာ သစ်ပင်ပေါ်မှ သူတို့လေးယောက်ကို မော့ကြည့်နေသကဲ့သို့ ရှိသည်။ ထိုသို့ရှိနေစဉ်မှာ ငှက်ကြီးတောင် ဖျိုက်တောပေါ်မှာ လဲနေသော မိန်းမအလောင်းက ဖျပ်ကနဲ မျက်လုံးပွင့်လာသည်။

"ဟင် . . ."

ထိုအလောင်းမှာ သစ်ပင်အောက်တည့်တည့်၌ ရှိနေသဖြင့် မျက်စိပွင့်လာသည်ကိုလည်း ကောင်းစွာမြင်ကြရသည်။ ပြီးတော့ ထထိုင်လာသည်။ မိကျောင်းက လူထလာတာ မြင်တော့ ပြေးကိုက်ရမည့်အစား ရေထဲသို့ ပြန်ဆင်းပြေးတော့သည်။ သစ်ပင်ပေါ်မှ စောထီးတို့လည်း ဘာလုပ်ရမှန်း မသိကြတော့ပေ၊ စလွတ်ကိုင်ထားသော စောထီးမှာ မိကျောင်းကိုပဲ ပစ်ထိုးရမလား၊ သစ်ပင်အောက်မှ ထထိုင်လာသော အလောင်းကိုပဲ စလွတ်ဖြင့် ထိုးရမလား၊ ဝေခွဲမရအောင် ဖြစ်နေလေသည်။ ကျန်သုံးယောက်မှာလည်း ဘာလုပ်ရမှန်း မသိအောင် ကြောက်လန့်နေကြသည်။

"သစ်ပင်ပေါ်က အစ်ကိုတို့ ကျွန်မကို ကယ်ကြပါရှင်"

ထိုသို့ ဟမ်းပြောသောအခါ မြင့်ဆောင်က တစ်စုံတစ်ခု ပြန်ပြောရန် ငုံ့ကြည့်လိုက်ရာ ငမဲအောင်က ကပျာကယာ ပါးစပ်ကို လှမ်းပိတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာပဲပြောပြော ဘာမှပြန်မပြောနဲ့"

လေသံတိုးတိုးဖြင့်လည်း သတိပေးရသည်။

"ကျွန်မက ချောင်းဝရောက်နေတဲ့ ဈေးရောင်းတဲ့လှေကပါရှင်၊ ကျွန်မတို့က ကုန်းတန်းကြီးရွာကပါ၊ တဆိတ်လောက် ကူညီပေးကြပါ အစ်ကိုတို့ရယ်"

ဟု သနားစဖွယ် ငိုယိုပြောဆိုနေသော်လည်း လင့်စင်ပေါ် ရောက်နေသော စောထီးတို့ လေးယောက်မှာ မလှုပ်ဝံ့ကြပေ။ သူတို့ လေးယောက်ထဲမှာ မြင့်ဆောင်က အတွေ့အကြုံ နုနယ်သူမို့ ငိုယိုကာ ပြောဆိုနေသောမိန်းမကို ကြည့်ပြီး စိတ်ထဲမှ သနားနေမိလေသည်။

သို့သော်လည်း စောထီးနှင့်ငမဲအောင်တို့က ဟန့်ထားသဖြင့် မလှုပ်ဝံ့ပေ။ အမျိုးသမီးမှာ အသက်နှစ်ဆယ်ကျော်လောက်သာ ရှိဦး မည်ဖြစ်ပြီး ရုပ်ရည်ကလည်း သနားကမားဖြစ်သည်။

ထိုအမျိုးသမီးက သစ်ပင်အောက်မှာ ထိုင်ကာ မော့ကြည့် လိုက်၊ ငိုလိုက်၊ တောင်းပန်ပြောဆိုလိုက်နှင့် ရှိနေရာ တဖြည်းဖြည်းနှင့် ရေပြည့်လာသလို ညဉ့်ကလည်း နက်လာချေပြီ၊ ကြည့်နေရင်းမှာပင် ရေက အမျိုးသမီး တဝက်ခန့် ရောက်လာသည်၊ နောက်တော့ တစ် ကိုယ်လုံး မြုပ်သွားတော့သည်။ သူမခေါင်းမှ ဆံပင်ရှည်များက ရေထဲ၌ ဝေ့ဝဲလျက်ရှိနေသည်။ မြင့်ဆောင် စိတ်ထဲမှာတော့. . .

"ဒီမိန်းမတော့ မိကျောင်းကိုက်လို့ မသေဘဲ ရေနစ်လို့ သေ တော့မှာပဲ"

ဟု တွေးလိုက်မိသည်။ ထိုသို့ တွေးနေစဉ်မှာ ပတ်ဝန်းကျင်





တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။ လေးယောက်သား အသက်ပြင်းပြင်းပင် မရှူအားပဲ အခြေအနေကို စောင့်ကြည့်နေကြလေ သည်။ ထိုအခိုက်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်လာသည်။ ရေထဲ မြုပ်နေသော မိန်းမက 'ဘွား'ကနဲ ပြန်ပေါ်လာသည်။

"ဝုန်း. . ."

ရေလှုပ်သံကြောင့် လေးယောက်သား ငုံ့ကြည့်လိုက်ကြသည်။

"ဟာ. . ."

စောစောက ရေထဲမမြုပ်ခင်က မြင်လိုက်ရသော မိန်းမ၏ မျက်နှာမှာ သာမန်လူတစ်ယောက် မျက်နှာမျိုး ဖြစ်သော်လည်း ရေထဲမှ ပြန်ပေါ်လာတော့ မဟုတ်တော့ပေ။

ဆံပင်က ကျိုးတို့ကျဲတဲ၊ မျက်လုံးက အပြင်သို့ ပြူးထွက်နေကာ ကြောက်မက်ဖွယ် မျက်နှာမျိုး ဖြစ်နေသဖြင့် လေးယောက်သား လန့် သွားကြလေတော့သည်။ ထိုမိန်းမက ကြောက်စရာကောင်းသော မျက်နှာကြီးဖြင့် သစ်ပင်ပေါ် မော့ကြည့်သည်။ သူတို့ကို မြင်တော့ သစ်ပင်ပေါ်မှ ဆင်းလာရန် အရိုးပြိုင်းပြိုင်းထနေသော လက်ဖြင့် လက် ယပ်ခေါ်သည်။

ထိုအခြေအနေကို မြင်သောအခါမှ သရဲခြောက်ခံရမှန်း သိ သဖြင့် လေးယောက်သား တစ်ယောက်မှ မလှုပ်ဝံ့ကြတော့ပေ၊ သူတို့ မလှုပ်ဝံ့မှန်း သိသောအခါ ဆံပင်ဖားလျားနှင့် ကြောက်စရာကောင်း သော ရုပ်ဆင်းအင်္ဂါရှိသည့် မိန်းမက သစ်ပင်ပေါ် တက်ရန် ဟန်ပြင် လေသည်။ ထိုအခြေအနေကို မြင်သောအခါ စောထီးက စိတ်မရှည်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ နေရာမှ 'ဝုန်းကနဲ' ထကာ လက်ထဲမှာ ကိုင်ထားသော စလွတ်ဖြင့် ထိုးချလိုက်သည်။

"ဒီလောက်ရှိလှတာ. . . ကဲကွာ"

စလွတ်သွားက ထိုမိန်းမကို စိုက်ဝင်သွားပြီး ပက်လက်လန်ကျသွားလေသည်။ ထို့နောက် တဖြည်းဖြည်းနှင့် ရေထဲ မြုပ်သွားတော့သည်။ အချိန်မှာလည်း သန်းခေါင်ယံအချိန် ရောက်ချေပြီ။ ထိုအချိန်ရောက်မှတော့ လေးယောက်သား အောက်သို့ မဆင်းဝံ့ကြတော့သဖြင့် သစ်ပင်ပေါ်မှာပင် ဆက်နေကြရသည်။

သန်းခေါင်ကျော်တော့ ရေက ပြန်ကျသွားရာ နောက်ဆုံး သစ်ပင်အောက်၌ ရေမရှိတော့ပေ။ လေးယောက်သား သစ်ပင်အောက် ငုံ့ကြည့်တော့ မြေပေါ်မှာ စိုက်ဝင်နေသော စလွတ်ကိုသာ တွေ့ရပြီး တခြားဘာမှ မတွေ့ရတော့ပေ။

"ဟိုမိန်းမ ဘယ်ရောက်သွားပြီလဲ"

"တယ်. . . ဒီကောင်၊ သရဲခြောက်နေပါတယ်ဆိုမှတော့ ရှိပါတော့မလားဟ"


လေးယောက်သား စကားတပြောပြောနှင့် စောင့်ကြရာ နောက်ဆုံး အာရုဏ်တက်လာပြီး တောထဲမှာ အလင်းရောင် ရလာတော့မှ သစ်ပင်ပေါ်မှ ဆင်းဝံ့ကြတော့သည်။ အောက်သို့ ရောက်သောအခါ မြေပေါ်မှာ စိုက်ဝင်နေသော စလွတ်ကို ပြန်ဆွဲနုတ်လိုက်ရာ အဖျားထစ်၌ ပါလာသော သင်းခွေချပ်တစ်ကောင်ကိုသာ တွေ့ရတော့သည်။



ထိုညက ကြုံခဲ့ရသောအဖြစ်မှာ မိကျောင်းမရဘဲ သင်းခွေချပ်တစ်ကောင်သာ ရခဲ့ပြီး ကြောက်လန့်ဖွယ်ရာများနှင့်သာ ကြုံတွေ့ခဲ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄)

# ကုန်းတန်းရွာသို့အလည်ရောက်ကြခြင်း

တဖြည်းဖြည်းနှင့် ရေသေရက်သို့ ရောက်လာခဲ့လေပြီ။ သားငါးရှာဖွေသူများမှာ ရေထရက် တလျှောက်လုံး အလုပ်လုပ်ခဲ့ကြပြီး ရေသေရက်ဟု သတ်မှတ်သော (၉)ရက်နှင့်(၁၀)ရက်နေ့များတွင် အလုပ်နားကြကာ လှေတက်ပြုပြင်ခြင်း၊ ပိုက်၊ ကွန်၊ ယင်း အစရှိသော ငါးဖမ်းကိရိယာများ ပြုပြင်ခြင်းများ ပြုလုပ်ကြရလေသည်။

အမှန်တော့ ၎င်းတို့ဘဝမှာ အလုပ်နားသည်သာ ဆိုသော်



www.burmeseclassic.com

လည်း ရေထဲ မဆင်းသည်ကလွဲ၍ ကုန်းပေါ်ရှိ အလုပ်များကို တစ်ချက်မှ မနားရအောင် လုပ်ကိုင်ကြရလေသည်။

အလုပ်နားရက် မနက်ပိုင်း စောစောတွင် ခင်လေးညိုတို့ မုန့်ရောင်းသောလှေ ရောက်လာသည်။

"မုန့်ဟင်းခါး ညှပ်ခေါက်ဆွဲ စားကြဦးမလား"

ခင်လေးညိုအသံ ကြားသောအခါ နီမောင်က တဲတားအနီး ထွက်သွားပြီး ခေါ်သဖြင့် ဝင်လာကြသည်။

ထုံးစံအတိုင်း သားအဖနှစ်ယောက် တစ်ယောက်လျှင် မုန့်နှစ်ဆယ်သားစီ ဝယ်စားကြသည်။

ဦးဘရှိန်က မုန့်နှစ်ဆယ်သားနှင့်ပင် ဝမ်းမပြည့်သောကြောင့် ထမင်းကြမ်းနှင့် ရောနှောစားရန် တဲအတွင်းသို့ ဝင်သွားလေရာ တံတားထိပ်တွင် နီမောင်တစ်ယောက်တည်း ကျန်ခဲ့တော့သည်။

"အစ်ကိုတို့ ဒီကနေ့ အလုပ်မဆင်းရဘူးလား"

ခင်လေးညိုက လှမ်းမေးသည်။

"ရေသေရက်ဆိုတော့ အလုပ်နားကြပြီလေ"

"ဒီလိုဆိုရင် ကျွန်မတို့ရွာကို အလည်လာပါလားဟင်"

"ညီမတို့ရွာက ဘယ်မှာလဲ"

"ဟိုဖောင်ဝင်မြစ်ရဲ့မြောက်ဖက်ကမ်း၊ မျောက်တစ်ရာဘုရားရဲ့ မျက်စောင်းထိုးနေရာလောက်မှာ ရှိတယ်၊ ဟိုဘက်ကမ်း ရောက်တာနဲ့ 'ကုန်းတန်းကြီးရွာ' ဘယ်မှာလဲလို့ မေးရင် ဘယ်သူ့မေးမေး ရပါတယ်"

"ဒီလိုဆိုရင် ညနေဘက် အလုပ်နားရင် လာခဲ့ပါ့မယ်"



"အစ်ကို ဆက်ဆက်လာခဲ့နော်၊ ကျွန်မ မျှော်နေမယ်"

"လာခဲ့ပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။ ညနေပိုင်းရောက်တော့ မိမိတစ်ယောက်တည်း မသွားလိုသဖြင့် စောထီးနဲ့ ငမဲအောင်တို့ နှစ်ယောက်ကို အဖော်ညှိရသည်။

"ငါနဲ့ အဖော်လိုက်ခဲ့ကြစမ်းပါကွာ"

"မင်းက ဘယ်သွားမှာလဲ"

"ဟိုဘက်ကမ်းမှာ ရှိတဲ့ ကုန်းတန်းကြီးရွာကို သွားမလို့"

"နေစမ်းပါဦး. . . ဟိုဘက်ရွာမှာ ဘယ်သူရှိလို့ သွားမှာလဲ"

"မုန့်ရောင်းလာတဲ့ ကောင်မလေးဆီ သွားလည်မလို့"

"အော်. . . မင်းတို့က ဒီအခြေအနေတောင် ဖြစ်နေကြပြီလား"

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ ရိုးရိုးခင်တာပါ"

"ရိုးရိုးခင်တာလောက်နဲ့တော့ မြစ်ကူးချောင်းဖျား သွားမလည်ပါဘူး နီမောင်ရယ်၊ ဒါထက် မင်းဟာ သေချာရဲ့လား၊ ငါကြားတာတော့ ထော်စီထော်ပိုင်ဘက်တွေမှာ ကရင်လူမျိုးတွေ အနေများတယ်လို့ ကြားဖူးတယ်၊ တော်ကြာ ဘုမသိ ဘမသိနဲ့ သူတို့ရွာ လာရှုပ်တယ် ထင်နေပါဦးမယ်"

ဟု ငမဲအောင်က ပြောသည်။

"ဒီလိုမဟုတ်ပါဘူး၊ သူက လာဖို့ ခေါ်ထားလို့ သွားမှာပါ"

"ဒီလိုသေချာတော့လည်း ကောင်းတာပေါ့ကွာ၊ ပါရှင် ပြည့်ဖို့

www.burmeseclassic.com



လိုက်ပေးရမှာပေါ့"

ဟု ပြောဆိုကာ သုံးယောက်သား လှေတစ်စင်းနှင့် ဖောင်ဝင်မြစ် မြောက်ဖက်ကမ်းသို့ ကူးခဲ့ကြလေသည်။

နေဝင်ကာနီးအချိန်မို့ မြစ်ရေပြင်ပေါ်မှာ ပုစွန်ဆီရောင်များ ယှက်သန်းနေသည်။

ရေကျချိန် တောင်လေက တက်နေသောကြောင့် လှိုင်းကြက်ခွပ်ကလေးများ ထနေသည်။

ဆည်းဆာရောင်များက လှိုင်းကြက်ခွပ်ကလေးများအပေါ်သို့ ဖြာကျနေရာ စုတ်ချက်ကြမ်းကြမ်းဖြင့် ရေးထားသော ပန်းချီကား တစ်ချပ်ပမာ ရှိလေသည်။

သူတို့လှေ တဖက်ကမ်းရောက်တော့ နေဝင်စအချိန် ဖြစ်နေချေပြီ။

နေဝင်ရီတရောအချိန် ငါးရှာရန် ထွက်လာသော လှေတစ်စင်းကို တွေ့သဖြင့် 'ကုန်းတန်းကြီးရွာ ဘယ်နေရာမှာ ရှိသလဲ' ဟု လှမ်းမေးကြည့်သောအခါ လမုပင်များ အုံ့ဆိုင်းနေသော ချောင်းဝတစ်ခုသို့ လက်ညှိုးထိုးပြပြီး ရှေ့ဆက်လှော်သွားလေသည်။

ထိုချောင်းဝ ရောက်သောအခါ ချောင်းကမ်းနံဘေး တစ်ဖက်တစ်ချက်တွင် လမုကိုင်းများ ကျနေသဖြင့် လှေတစ်စင်း ဝင်သာရုံပင် ရှိလေသည်။

နေဝင်ချိန်မို့ ချောင်းအတွင်းမှာ မှောင်နေသည်။

"နီမောင် . . . ဒီချောင်းဟုတ်ရဲ့လား၊ ဒီအထဲမှာ ရွာရှိတယ်ဆိုတာရော ဟုတ်ပါ့မလား"





"ငါလည်း တစ်ခေါက်မှ မရောက်ဖူးတော့ မသိဘူး၊ အတွင်းရောက်မှပဲ သိရတော့မှာပဲ"

"အတွင်းမှာ ရွာရှိတယ်၊ လူတွေ နေတယ်ဆိုရင် အဝင်အထွက်ကောင်းအောင် ချောင်းဝကို ရှင်းထားကြမှာပေါ့၊ အခုလောက် ရှုပ်ထွေးနေပုံထောက်ရင် ဒီချောင်းထဲမှာ လူမရှိလောက်ဘူး ထင်တယ်"

"ဟုတ်မဟုတ် သိရအောင် အတွင်းဝင်ကြည့်ကြရအောင်"

ဟု ပြောဆိုကာ လှေတစ်စင်း ဝင်သာရုံ ရှိသော ချောင်းအတွင်းမှ ချောင်းဝပိုင်းလောက်မှာတော့ ဘာမှမတွေ့ရပဲ အတွင်းဘက်အတော်ရောက်တော့မှ လူသံသူသံများ ကြားလာရသည်။

"ရွာရှိပါတယ်ကွ"

ထိုအခါ နီမောင်မှာ အနည်းငယ် ဘဝင်ကျသွားသလို ရင်ခုန်သလိုလည်း ဖြစ်လာလေသည်။

အဘယ်ကြောင့်ဆိုသော် ခင်လေးညိုနှင့် တွေ့ရတော့မည် ဖြစ်သောကြောင့်ပင်။

ရွာနှင့် နီးလာတော့ မီးရောင်အချို့ကို လှမ်းမြင်ရသည်။

ရွာမှာ ချောင်းရိုးအတိုင်း တန်းထားသောကြောင့် ချောင်းကမ်းစပ် လတာပြင်ပေါ်မှာ ဆောက်ထားသော တဲအိမ်တန်းများကို တွေ့ကြရသည်။

ရွာထိပ်ရောက်သောအခါ တံတားဆိပ်တွင် လှေကို ကြိုးချည်ထားခဲ့ပြီး သုံးယောက်သား ကမ်းပေါ်သို့ တက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ ရွာလမ်းကို အလယ်မှာ ထားပြီး တဲအိမ်များက ဟိုဘက် ဒီဘက် ဆောက်ထားကြသည်။

လမ်းမပေါ်မှာ သွားလာနေသောလူများ၊ ဆော့ကစားနေသော ကလေးများအပြင်. . .

မွေးထားသော ဝက်၊ ကြက်၊ ဘဲနှင့်ခွေးများကိုလည်း တွေ့ရသည်။

ခွေးများက သူတို့သုံးယောက်ကို မြင်သောအခါ စူးစူးဝါးဝါး ထိုးဟောင်ကြသည်။

ခွေးဟောင်သံများကြောင့် တဲအတွင်းမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

ထိုအမျိုးသမီး မျက်နှာကို မြင်တော့ စောထီးနှင့်ငမဲအောင်တို့မှာ ဇဝေဇဝါ ဖြစ်သွားကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ထိုအမျိုးသမီးက သူတို့ကို မြင်တော့ ပြုံးမြပြီး မေးသည်။

"ဘယ်သွားကြမှာလဲရှင့်"

"ဒီရွာက ကုန်းတန်းကြီးရွာလားဗျ"

"ဟုတ်ပါတယ်"

"ဒီရွာမှာ မုန့်ရောင်းတဲ့ မြေးအဖွားက ဘယ်နားမှာ နေတာလဲ"

"အော်. . . ခင်လေးညိုတို့ မြေးအဖွားကို မေးတာ ထင်တယ်၊ သူတို့က ဟိုဘက်နားက လဖက်ပင်ကြီးအောက်မှာပါ. . . သိပ်မဝေးတော့ပါဘူး"





"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်"

ဟု ပြောကာ သုံးယောက်သား ရှေ့ဆက်လာကြသည်။ လမ်းရောက်တော့ ငမဲအောင်က ပြောသည်။

"စောထီး. . . စောစောက မိန်းမကို မင်းမြင်ဖူးတယ် မဟုတ်လား"

"အေး. . . မြင်ဖူးတယ် ထင်တာပဲ"

"မင်းကလည်း မေ့တတ်လိုက်တာကွာ၊ တလောက တောထဲမှာ သရဲခြောက်ခံရတုန်းက သစ်ပင်အောက်မှာ တွေ့ရတဲ့မိန်းမရဲ့မျက်နှာနဲ့ မတူဘူးလား"

"ဟာ. . . ဟုတ်သားပဲ၊ မင်းပြောမှပဲ သတိရတော့တယ်၊ တူတာမှ အတော်တူတာပဲ၊ သူက ဒီရွာကို ဘယ်လိုရောက်နေတာလဲ"

"ဒါတော့ ဘယ်သိမှာလဲဟ"

သူတို့နှစ်ယောက် ပြောနေသံကြားတော့ နီမောင်က ဝင်ပြောသည်။

"မင်းတို့ကလည်းကွာ. . . လူတူမရှား၊ နာမည်တူမရှား ဆိုတာ ရှိတာပဲ၊ လူတူလို့ ဖြစ်မှာပေါ့"

သို့ကြောင့် ကျန်နှစ်ယောက်ကလည်း ဘာမှမပြောကြတော့ပေ။ သို့သော်လည်း စိတ်ထဲမှာတော့ မတင်မကျ ရှိနေကြလေသည်။

ထိုအမျိုးသမီး ညွှန်ပြပေးလိုက်သည့်အတိုင်း လဖက်ပင်ကြီး တစ်ပင်အောက်ရှိ တဲတစ်လုံးရှေ့သို့ ရောက်သွားသောအခါ တဲအတွင်းမှ ခင်လေးညို ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . အစ်ကိုတို့ပါလား၊ ကျွန်မ အတော်စောစော ကတည်းက ရောက်လာမယ်ထင်လို့ မျှော်နေတာ၊ လာကြ. . . လာကြ"

ဟု ထွက်ခေါ်သဖြင့် သုံးယောက်သား တဲအတွင်းသို့ ဝင်သွားကြသည်။ တဲအတွင်းမှာတော့ ရေနံဆီမီးခွက်တစ်လုံး ထွန်းထားပြီး အိမ်အလယ်လောက်မှာတော့ အဖွားဖြစ်သူ ဒေါ်မယ်အိက ခေါက်ဆွဲပြားများကို ကတ်ကြေးတစ်လက်ဖြင့် ထိုင်ညှပ်နေရာမှ နီမောင်ကို မြင်တော့ မှတ်မိသွားဟန်ဖြင့် ပြုံးပြလေသည်။

"အစ်ကိုတို့ ညစာစားပြီးခဲ့ပြီလား၊ ညစာ စားမယ်ဆိုရင် ထမင်းနဲ့ဟင်းတွေ အဆင်သင့် ချက်ပြုတ်ထားတယ်"

"မစားတော့ပါဘူး"

"အစ်ကိုတို့အတွက် ချက်ထားတာ၊ မစားရင် အလကား ဖြစ်ကုန်မှာပေါ့. . . ပြင်လိုက်မယ်နော်"

ဟု ပြောဆိုကာ ခင်လေးညိုက သွက်လက်သော အမူအယာဖြင့် ထမင်းနှင့်ဟင်းများ ပြင်ဆင်ပေးသဖြင့် သုံးယောက်သား အားနာနာနှင့်ပင် စားကြရသည်။

ကြက်သားဟင်း၊ ဟင်းချို၊ ငါးပိချက်၊ သင်ပေါင်းဖူးပြုတ် တို့ စရာတို့မှာ ခံတွင်းမြိန်စရာ ဖြစ်သည်။

ငါးပိချက်ထဲမှာလည်း ရင်တောင်းသီးမှည့်ကလေးများ ထည့်ချက်ထားသဖြင့် ချဉ်စပ်စပ်နှင့် အရသာရှိလှသည်။ ဘာပဲဖြစ်ဖြစ် နီမောင်တို့တတွေမှာ အိမ်ရှင်မ မရှိပဲ ယောကျာ်းသားများချည်းဆိုတော့ အစားအသောက်ကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်မစားနိုင်ကြပေ။





သားငါးများ ရသော်လည်း ဟင်းဖြစ်ရုံသာ ချက်စားရသဖြင့် ယခုကဲ့သို့ အဆင်ပြေပြေ စားရသောအခါ ခေါင်းမဖော်တမ်း စားကြလေသည်။

ခင်လေးညိုကလည်း အနီးမှ လိုလေသေး မရှိအောင် ပြုလုပ်ပေးရှာသည်။ ထမင်းစားပွဲသိမ်းတော့ လက်ဖက်ရည်ကြမ်းနှင့် ထန်းလျက်ခဲကို စားသောက်ရင်း စကားပြောကြသည်။ နီမောင်က လူရင်းဖြစ်သဖြင့် မိတ်ဆက်ပေးရသည်။

"အစ်ကို့နာမည်က နီမောင်လို့ ခေါ်တယ်၊ သူတို့နှစ်ယောက်က စောထီးနဲ့ ငမဲအောင်လို့ ခေါ်ကြတယ်"

ခင်လေးညိုက ပြုံး၍ခေါင်းညိတ်ပြရင်း သူမတို့ မြေးအဖွားအကြောင်းကို အကျဉ်းချုပ်ကာ ပြောပြသည်။

"ကျွန်မရဲ့အဖွားက ဒေါ်မယ်အိလို့ ခေါ်တယ်၊ ကျွန်မနာမည်ကတော့ ခင်လေးညိုလို့ ခေါ်ပါတယ်၊ ဒါပေမယ့် အညိုလို့ပဲ ခေါ်ကြပါ၊ ကျွန်မတို့မှာ ဒီမြေးဖွားနှစ်ယောက်ပဲ ရှိပါတယ်၊ ကျွန်မရဲ့အဖေ အမေနဲ့ ကျန်တဲ့မိသားစု ခွေကတော့ အားလုံးမရှိကြတော့ပါဘူး"

ထိုစကားကြားသောအခါ နီမောင်မှာ စိတ်မကောင်း ဖြစ်သွားမိလေသည်။

"မိသားစုတွေအားလုံး မရှိကြတော့ဘူးဆိုတော့. . ."

"အရင်တုန်းက ဒီကုန်းတန်းကြီးရွာမှာ ဝမ်းရောဂါတွေ ဖြစ်ခဲ့ဖူးတယ်၊ လူအတော်များများ သေကြတဲ့အထဲမှာ ပါသွားခဲ့ကြတာပါ"

ထိုစကားကြားသောအခါ နီမောင်တို့သုံးယောက်မှာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်သွားကြလေသည်။

"ဖြစ်မှဖြစ်လေဗျာ"

ခင်လေးညို ပြောဆိုနေသည်ကို ခေါက်ဆွဲညှပ်ရင်း နားထောင်နေသော ဒေါ်မယ်အိကြ တစ်ချက်လှမ်းကြည့်သည်။

"ဟဲ့. . . မိညို၊ ဧည့်သည်တွေကို ဘာတွေပြောနေတာလဲ"

ဟု လှမ်းတားသဖြင့် ခင်လေးညိုလည်း ဆက်မပြောတော့ပေ။ ထို့နောက် နီမောင်တို့လည်း အတော်မှောင်သည့်အချိန်အထိ စကားပြောနေကြပြီးနောက် နှုတ်ဆက်၍ ပြန်ရန်ပြင်ကြသည်။

ခင်လေးညိုက အိမ်အပြင်ရောက်အောင် လိုက်ပို့ပေးသည်။ ထိုအခိုက်မှာပင် အိမ်ထဲမှ အသံတစ်သံ ကြားလိုက်ရသည်။

"ဟဲ့. . . ဒီမှာ ဧည့်သည်တွေရဲ့ပစ္စည်းတစ်ခု မေ့ကျန်နေခဲ့တယ်ဟဲ့. . . ပေးလိုက်ဦး"

ဟု အသံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သောအခါ ခင်လေးညိုလက်ထဲတွင် နီမောင် မေ့ကျန်နေခဲ့သော လက်နှိပ်မီးက ရောက်နေလေသည်။

"ရော့. . . ဒီမှာ အစ်ကို ကျန်ခဲ့တဲ့ပစ္စည်း"

နီမောင်က လှမ်းယူပြီး နှုတ်ဆက်ကာ မိမိတို့လှေရှိရာသို့ ပြန်ခဲ့ကြရာ အလာတုန်းက သတိမထားမိသော လူအချို့က သူတို့ ပြန်တော့တဲအတွင်းမှ ထွက်လာကြပြီး နှုတ်ဆက်ကြလေသည်။

"ပြန်ကြတော့မလား"

"နောက်လည်း မကြာမကြာ လာလည်ကြနော်"





ကလေးလူကြီး နှုတ်ဆက်တာ မြင်သောအခါ နီမောင်တို့မှာ အနည်းငယ်တော့ အံ့ဩသွားကြလေသည်။

ထို့နောက် မိမိတို့လှေရှိရာသို့ လာကြပြီး ချောင်းအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

# လက်ဖျံရိုးတစ်ချောင်းနှင့် သချိုင်းမြေနေရာဟောင်း

နောက်ပိုင်းရက်များမှာလည်း ခင်လေးညိုတို့ကလည်း ဈေးရောင်းရင်းနှင့် နီမောင်တို့တဲသို့ ဝင်လာကြသလို ရေသေရက် အလုပ်နားသောအချိန်များမှာလည်း နီမောင်က ကုန်းတန်းကြီးရွာသို့ သွားရောက်လည်ပတ်လေ့ရှိသည်။

တစ်ခါတစ်ရံလည်း နီမောင်တစ်ယောက်တည်း သွားလေ့ရှိသည်။ နီမောင်တို့ ရောက်သွားသောအခါ ခင်လေးညိုက အစားအ



www.burmeseclassic.com

www.burmeseclassic.com



သောက်များ ချက်ပြုတ်ကျွေးမွေးလေ့ရှိသည်။

တစ်နေ့တော့ ကုန်းတန်းကြီးရွာမှ ပြန်လာပြီး စောထီးနှင့် ငမဲအောင်က ပြောကြသည်။

"နီမောင်. . . ငါတို့သုံးယောက် တစ်ခုခုတော့ မှားနေပြီနဲ့ တူတယ်"

"ဘယ်လို မှားတာတုန်း"

"ကုန်းတန်းကြီးရွာက ပြန်လာပြီးတာနဲ့ ဗိုက်ထဲက အမြဲနာတယ်၊ ဝမ်းသွားရင်လည်း သစ်ရွက်သစ်ခေါက်တွေပဲ တွေ့ရတယ်၊ ရိုးမှရိုးရဲ့လား မသိဘူး"

"မင်းတို့ဖာသာ အစားအသောက်တွေ စုံပြီး ဗိုက်နာတာ ဖြစ်မှာပါကွာ"

"ဒါထက် မင်းရော ဗိုက်မနာဘူးလား နီမောင်"

"ငါတော့ မနာဖါဘူး"

နီမောင် စိတ်ထဲမှာ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်မှာ ကုန်းတန်းကြီးရွာသို့ မသွားလိုခြင်းကြောင့် ပြောနေသည်ဟု ထင်မိသည်။

နောက်ပိုင်းရက်များမှာလည်း စောထီးနှင့် ငမဲအောင်တို့ မပါလည်း နီမောင်တစ်ယောက်တည်း သွားလေ့ရှိသည်။ သူရောက်သွားတိုင်း ခင်လေးညိုက သနပ်ခါး အဖွေးသား လိမ်းကာ စောင့်ကြိုနေတတ်လေသည်။

သူရောက်မလာလျှင်လည်း စောင့်မျှော်နေတတ်လေသည်။





တကယ်တော့ သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် တိတ်တခိုး သံယောဇဉ် တွယ်နေကြလေသည်။

တစ်နေ့တော့ ညနေပိုင်း နီမောင်တစ်ယောက်တည်း ရောက်သွားချိန်မှာ ဒေါ်မယ်အိကို မတွေ့ရဘဲ ခင်လေးညိုတစ်ယောက်တည်း တွေ့ရလေသည်။

"အညိုတစ်ယောက်တည်းလား၊ အဖွားရော ဘယ်သွားသလဲ"

"အဖွား ရွာထဲမှာ နေမကောင်း ဖြစ်နေတဲ့ အိမ်တစ်အိမ်ကို သွားတယ်၊ လာလေ အစ်ကို"

နီမောင် အိမ်အတွင်း ဝင်ထိုင်သည်။ နီမောင်မှာ ခင်လေးညိုနှင့် နှစ်ယောက်တည်း ရှိနေခိုက်တွင် ပြောလိုသောစကားများကို ပြောရန် စိတ်ကူးသော်လည်း အတွေ့အကြုံ မရှိသောကြောင့် ရင်တုန်နေသည်။ လူကလည်း ကတုန်ကယင် ဖြစ်နေသည်။

"အစ်ကို ဒီကနေ့ ဘာဖြစ်နေတာလဲ. . . သိပ်နေမကောင်းဘူးလား"

"ကောင်း. . ကောင်းပါတယ်"

"ကောင်းတယ်သာ ဆိုတယ်၊ အစ်ကို့ကြည့်ရတာ ကတုန်ကယင် ဖြစ်နေသလိုပဲ"

"ဟုတ်တယ်. . . ရင်တွေ တုန်နေသလိုပဲ"

"ဘာဖြစ်လို့ ရင်တုန်နေရတာလဲ"

"ဟို. . ဟို. . အညို့ကို ပြောစရာစကားရှိလို့"

"ဒါများ အစ်ကိုရယ်၊ ပြောစရာရှိတာ ပြောလေ"



www.burmeseclassic.com

ထိုစကားကြားသောအခါ နီမောင်မှာ အနည်းငယ် အားရှိလာသဖြင့် ဖွင့်ပြောရန် စိတ်ဆုံးဖြတ်လိုက်သည်။

"တခြားတော့ မဟုတ်ပါဘူး၊ ပြောလိုက်ရင် အညိုများ စိတ်ဆိုးသွားမလားဆိုပြီး ချီတုံချတုံ ဖြစ်နေမိတာပါ"

"အစ်ကို ပြောမယ့်စကားထဲမှာ ကျွန်မကို မေတ္တာရှိနေပါတယ်ဆိုပြီး ပါရင်တောင် စိတ်ဆိုးစရာ မရှိပါဘူး"

ထိုကဲ့သို့ ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့မှ စိတ်ထဲမှာ ရဲလာပြီး. . .

"အဲ. . . ဟုတ်တယ်၊ အဲ. . အဲဒါ ပြောမလို့"

ဟု အထစ်ထစ် အငေါ့ငေါ့ ပြောလိုက်သည်။ နီမောင် အမူအယာကြည့်ပြီး ခင်လေးညိုက သဘောကျစွာ ရယ်လိုက်လေသည်။

"အစ်ကိုကလည်း ဘာမှန်းလည်း မသိဘူး၊ အဲဒါပြောတယ်ဆိုတာ ဘာပြောတာလဲ"

"ဟို. . ဟို အညို့ကို မေတ္တာရှိနေပြီဆိုတာ ပြောချင်လို့ပါ၊ အဲဒါ ပြောသင့်မပြောသင့် စဉ်းစားနေတာ"

"ဒါဖြင့် မပြောသေးဘူးပေါ့"

"မဟုတ်ဘူး. . . ပြောပြီးပြီလေ၊ အဲဒါ အညိုက အဖြေပေးဖို့ ပြောတာ"

"ဟင်. . . ကျွန်မက ချက်ချင်းကြီး အဖြေပေးရမယ် ဟုတ်လား၊ နည်းနည်းပါးပါးတောင် မစဉ်းစားရတော့ဘူးလား အစ်ကိုရယ်"

"စဉ်းစားပါ. . . အညို စိတ်မဆိုးတာကိုပဲ ဝမ်းသာလှပါပြီ၊





ဘယ်တော့ အဖြေပေးမှာလဲဟင်"

"ဟို. . ဟိုလေ. . အစ်ကို နောက်တစ်ပတ် လာတော့မှပဲ ကျွန်မ အဖြေပေးပါ့မယ်"

ထိုစကား ကြားသောအခါ နီမောင် စိတ်ထဲမှာ ဝမ်းသာသွားမိလေသည်။

ထိုသို့ အေးအေးဆေးဆေး စကားပြောနေစဉ် ရေတက်ချိန်နီးပြီဖြစ်သောကြောင့် လေကတိုက်လာသည်။ လမုတောအတွင်းမှ ဖြတ်တိုက်လာသော လေပြင်းတစ်ချက်က တဲအတွင်း ဝေ့ဝင်လာရာ ထွန်းထားသော ရေနံဆီမီးခွက်က ဟုပ်ကနဲ ငြိမ်းသွားသည်။

"ဟော. . ."

"အဲဗျ. . ."

နှစ်ယောက်သား မီးတိုင်နံဘေးနားမှာ အသင့်ချထားသော မီးခြစ်ကို ပြိုင်တူစမ်းလိုက်ကြရာ လက်ချင်း ထိမိသွားရုံမက မီးခြစ်ကိုပါ တိုက်မိသဖြင့် မီးခြစ်က ကြမ်းပေါက်မှ အောက်ကျသွားတော့သည်။

"ဟင်. . . မီးခြစ် အောက်ကျသွားပြီ၊ ဘယ်လိုလုပ်ကြမလဲ"

"နေ. . နေ. . ကျွန်မ ကောက်လိုက်မယ်"

ခင်လေးညိုအသံ ကြားရပြီး ခဏကြာတော့ မီးခြစ်,ခြစ်သံကြားရပြီး မီးပြန်လင်းလာသည်။

နီမောင်က အံ့သြနေသည်။

"မှောင်ကြီးထဲမှာ အညို ဘယ်လိုကောက်ယူလိုက်တာလဲ"

"ဒီလိုပဲ လက်နဲ့ လှမ်းစမ်းလိုက်တာပေါ့"

ကြည့်လိုက်တော့ မီးခြစ်အဖုံးပေါ်မှာ ရွှံ့တွေ ပေနေသည်။ နီမောင့်စိတ်ထဲမှာ အိမ်ကြမ်းပြင်နှင့် အိမ်အောက်မှ အတန်ငယ် မြင့်နေသည်ကို ခင်လေးညို ဘယ်လိုများ ကောက်ယူလိုက်ပါလိမ့်ဟု စဉ်းစားနေမိသည်။

ထိုအချိန်မှာ အပြင်သွားနေသော ဒေါ်မယ်အိ ပြန်ရောက်လာသဖြင့် နီမောင်လည်း နှုတ်ဆက်ကာ ပြန်လာခဲ့လေသည်။ နောက်တစ်ပတ် ရေသေရက် အလုပ်နားလျှင် ခင်လေးညို ရှိရာသို့ သွားပါက အဖြေရတော့မည်မို့ စိတ်ထဲမှာ ကြိတ်၍ဝမ်းသာနေမိလေသည်။

နောက်တစ်ပတ် ရေပြန်ထလာသောအခါ အလုပ်ပြန်ဆင်းကြပြန်လေသည်။

ထိုသို့အလုပ်ဆင်းကြရာတွင် အချို့မှာ သရဲခြောက်မခံရသော်လည်း အချို့မှာ အလုပ်ကို ဆက်မလုပ်ဝံ့တော့အောင် ဖြစ်သဖြင့် အလုပ်သိမ်းကာ ပြန်ပြေးလာကြရသည်။

ခါတိုင်းနှစ်များက ထိုကဲ့သို့ မဟုတ်ဘဲ ယခုနှစ်ရောက်မှ ထိုကဲ့သို့ အခြောက်အလှန့်များ ခံကြရလေရာ မစဉ်းစားတတ်အောင် ရှိကြတော့သည်။

အချို့ အယူစွဲ မရှိသူများကတော့ တင်မြှောက်ပသခြင်းများ အမှားအယွင်း ရှိသည်အထင်နှင့် အကြိမ်ကြိမ် ပြန်လည်တင်မြှောက်သော်လည်း သိပ်မထူးလှပဲ အခြောက်ခံရမြဲ အခြောက်ခံနေကြရလေသည်။

တစ်နေ့တော့ ရွာတန်းဘက်မှ ခွေးတစ်ကောင်က လူလက်ဖျံရိုး





တစ်ချောင်း ကိုက်ချီလာသည်။

ထိုအခါ သခင်ဖြစ်သူက ထိုလက်ဖျံရိုးကို မြစ်ထဲ ပစ်ချလိုက်သည်။

ခွေးက နောက်တစ်ခါ တောတွင်း ဝင်သွားပြန်သည်။ ပြန်ထွက်လာတော့ နောက်ထပ် လက်ဖျံရိုးတစ်ချောင်း ကိုက်ယူလာပြန်သည်။

"ဟာ. . . ဒီခွေး. . . ဘယ်က လူအရိုးတွေ ကိုက်ယူလာနေတာလဲဟ"

ဟု ပြောကာ မြစ်ထဲ လွှင့်ပစ်လိုက်ပြန်သည်။ နောက်တစ်ကြိမ် ခွေးတောထဲ ဝင်သွားသောအခါ နောက်မှ လိုက်ကြည့်ကြသည်။ ခွေးက သစ်ရွက်ခြောက်များအောက်မှ မြေမို့မို့များအား လက်ဖြင့် ယက်တင်ထားပြီး အတွင်းမှ လူဦးခေါင်းခွံတစ်ခုကို အပေါ်သို့ ဆွဲတင်နေလေသည်။

ထိုအခါမှ သဘောပေါက်သွားပြီး အနီးသို့ သွားကြည့်သောအခါ လူသေမြှုပ်ထားသော မြေပုံဖြစ်မှန်း သိရလေသည်။

မြေကျင်းထဲမှာ အရိုးများက တစွန်းတစ ပေါ်နေသည်။ အလောင်းမှာ ပတ်ထားသော အဝတ်စများပင် မဆွေးသေးသဖြင့် လသိပ်မကြာခင်က မြှုပ်ထားသော အလောင်းဖြစ်မှန်း ရိပ်မိကြလေသည်။

"ဘယ်က လူသေများ ဒီနေရာ လာမြှုပ်ထားတာလဲ မသိဘူး"

"သစ်ခုတ်တဲ့လူတွေထဲက သေလို့ ကြုံတဲ့နေရာ မြှုပ်ခဲ့တာ ဖြစ်မှာပေါ့"

www.burmeseclassic.com



"ဒါ တို့တတွေ ဒီနှစ်ကျမှ ထူးထူးခြားခြား သရဲအခြောက်ခံနေရတာ ဒီနေရာမှာ လူသေတွေ မြှုပ်ထားလို့များ ဖြစ်မလား မသိဘူး"

ဟု သံသယ ဝင်ကြလေသည်။

ထို့နောက် ခွေးယက်ထားသော မြေပုံကို ပြန်ဖုံးထားခဲ့ပြီး တဲသို့ ပြန်လာကြသည်။ ညဦးပိုင်းရောက်တော့ မအိပ်ကြရတော့ပေ။ တဲအနောက်ဖက် တောစပ်၌ မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင် ဆောင့်ကြောင့်လာထိုင်နေပြီး. . .

"ငါ့လက်ဖျံရိုးတွေ ပြန်ပေး၊ ငါ့လက်ဖျံရိုးတွေ ပြန်ပေး"

ဟူသော အသံနက်ကြီးဖြင့် အော်သံကို ကြားရသဖြင့် မနေဝံ့တော့ဘဲ တဲပေါ်မှ ဆင်းပြေးကြရလေသည်။

"ဘကြီး ဦးမွန်ထော်. . . လုပ်ပါဦးဗျ. . . ကယ်ပါဦးဗျ"

တဲအတွင်းမှာ အိပ်ပျော်စ ပြုနေသော ဦးမွန်ထော်မှာ တဲပေါ် ပြေးတက်လာသောခြေသံများနှင့် ခေါ်သံများကြောင့် ပြန်လန့်နိုးလာသည်။

"ဟဲ့. . . ဘယ်သူတွေလဲဟ"

"ကျွန်တော်တို့ သာထွန်းနဲ့ မောင်ခတို့ပါဗျ"

"ဘာဖြစ်လာကြတာလဲ"

"ကျွန်တော်တို့တဲမှာ သရဲလာခြောက်လို့ မနေဝံ့လို့ ပြေးလာကြတာပါ"

ထိုအခါ ဦးမွန်ထော်က အိပ်ယာမှ ထပြီး မီးခွက်ကို ထွန်းလိုက်သဖြင့် အလင်းရောင် ရလာလေသည်။



"ဘယ်လိုများ ကြောက်အောင် ခြောက်လို့ ဒီလောက် ဖြစ်လာကြတာတုန်းဟ"

"ညနေတုန်းက ကျွန်တော့်ခွေးက လူလက်ဖျံရိုးတစ်ချောင်း ချီလာလို့ ရေထဲ ပစ်လိုက်တယ်၊ မကြာပါဘူး. . . နောက်လက်ဖျံရိုး တစ်ချောင်း ထပ်ချီလာပြန်တာနဲ့ လွှင့်ပစ်လိုက်ပြန်တယ်၊ ဒါနဲ့ မသင်္ကာလို့ လိုက်ကြည့်တော့ တဲအနောက်ဘက်က တောထဲမှာ လူသေမြှုပ်ထားတဲ့ မြေပုံဟောင်းတစ်ခု တွေ့ရတယ်၊ ခွေးက အဲဒီက အရိုးတွေ ချီချီလာတာဗျ"

"ဘယ်က မြေပုံလဲဟ"

"ကျွန်တော်တို့လည်း မသိဘူး၊ မြှုပ်ထားတာတော့ သိပ်ကြာပုံမရဘူး၊ အဝတ်တွေတောင် သိပ်မဆွေးသေးဘူး၊ ညကျတော့ တဲအနောက်ဘက်မှာ မည်းမည်းအကောင်ကြီးတစ်ကောင် ငုတ်တုတ်လာထိုင်ပြီးတော့ 'ငါ့လက်ဖျံရိုးတွေ ပြန်ပေး' လို့ အသံနက်ကြီးနဲ့ လာအော်တောင်းနေတာနဲ့ မနေဝံ့တော့တာနဲ့ ဆင်းပြေးလာကြရတာဗျ"

ထိုစကား ကြားသောအခါ ဦးမွန်ထော်မှာ တအံ့တဩ ဖြစ်သွားလေသည်။

"တဲ. . . တဲ. . . မင်းတို့တဲမှာ မအိပ်ဝံ့ရင် ငါ့တဲမှာပဲ အိပ်ကြပေါ့ကွာ၊ မနက်ကျမှပဲ သွားကြည့်ကြတာပေါ့"

ဟု ပြောဆိုကာ ထိုင်စကားပြောနေစဉ် တဲနောက်ဘက်မှ မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင် လျှောက်နေသောခြေသံကို ကြားကြရသဖြင့် မအိပ်ဝံ့ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းများ၊ သစ်ရွက်များပေါ်မှ လျှောက်နေသောခြေသံကြားရသဖြင့် ထရံပေါက်မှ ချောင်းကြည့်သောအခါ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော မည်းမည်းသဏ္ဍာန်ကြီးကို တွေ့ကြရခြင်း ဖြစ်သည်။ မိုးလင်းကာနီးမှ တောထဲသို့ ပြန်ဝင်သွားတော့သည်။ မနက်ပိုင်းအလင်းရောင် ရလာသောအခါ ဦးမွန်ထော်ကပင် ဦးဆောင်ပြီး သာထွန်းတို့ တဲနောက်ဘက်သို့ သွားကြည့်ကြလေသည်။

ထိုနေရာတွင် မြေပုံဟောင်းတစ်ခုရှိပြီး သာထွန်းတို့က ခြေရာလက်ရာမပျက် ပြန်ဖို့ထားလေသည်။ ဦးမွန်ထော်က မသင်္ကာသဖြင့် အနီးတဝိုက်သို့ လိုက်ကြည့်ကြသောအခါ အခြားနေရာများမှာလည်း မြေပုံဟောင်း တစ်ခုနှစ်ခုကို တွေ့ကြရသည်။

"မြေပုံတွေနဲ့တော့ တူတာပဲ. . . တူးကြည့်စမ်းကွာ"

ဟု ဦးမွန်ထော်က ပြောသဖြင့် နှစ်ယောက်သုံးယောက် ဝိုင်းဝန်း၍ တူးကြည့်သောအခါ ဖြစ်သလို မြှုပ်နှံထားသော လူသေအလောင်းကို တွေ့ရပြန်သည်။

"ဒီအလောင်းတွေ ဘယ်က ရောက်နေတာလဲ၊ တစ်လောင်းလောက်ဆိုရင် ပြောစရာမရှိပါဘူး၊ အခုဟာက ငါတို့ရွာရဲ့အနောက်ဘက်မှာ အများကြီး လာမြှုပ်ထားတာပဲ"

"ဒါကြောင့်များ ကျုပ်တို့တတွေ အလုပ်ဆင်းတိုင်း သရဲခြောက်ခံနေရတာများလား မသိဘူး"

"ဒါဖြင့် ဘယ်လိုလုပ်ကြမှာလဲ"

"ဒီအတိုင်းတော့ နေလို့မရဘူး၊ ကျွမ်းကျင်တဲ့ဆရာ တစ်





ယောက်ယောက်ကို ခေါ်ပြမှပဲ ဖြစ်တော့မယ်"

"ဒီလိုဆိုရင်လည်း ခပ်မြန်မြန်လေးသာ လုပ်ပါ အဘထော်ရယ်၊ ကျုပ်တို့တတွေမှာ အလုပ်လုပ်ရတာ စိတ်ကို မဖြောင့်လှဘူး"

ဟု ပြောဆိုကြလေသည်။ သို့သော်လည်း ရေထရက် အလုပ်များနေသဖြင့် ဆရာ သွားခေါ်မည့်ကိစ္စကို မလုပ်အားကြပေ။ တစ်ညတော့ သာထွန်းတို့ တဲဘက်မှ စူးစူးဝါးဝါး အော်သံကြားရသဖြင့် အလုပ်စဆင်းကြသည့်လူများ စုဝေးရောက်သွားကြသောအခါ သာထွန်းနှင့် အလုပ်အတူတူ လုပ်နေသော မောင်ခ ဆိုသူမှာ သတိမေ့ပြီး ဝူးဝူးဝါးဝါး ဖြစ်နေလေသည်။

"ဘာဖြစ်တာလဲ သာထွန်း"

"ကျွန်တော်လည်း မသိပါဘူး၊ အိပ်ပျော်နေတုန်း အော်သံကြားလို့ ထကြည့်လိုက်တော့ အခုလို တွေ့ရတော့တာပါပဲ"

မောင်ခကို မေးဖို့ဆိုပြန်တော့လည်း မျက်ဖြူလန်ကာ ဝူးဝူးဝါးဝါး ဖြစ်နေသောကြောင့် မေးလို့မရတော့ပေ။ သို့ကြောင့် နောက်တစ်နေ့တွင် ဦးမွန်ထော်က နီမောင်ကို ခေါ်ကာ ဆရာသွားပင့်ခိုင်းလေသည်။

"စက်စုဘက်ကမ်းမှာ ငါနဲ့ သိတဲ့ ဆရာကြီး ဦးဗန်ကောင်းဆိုတာ ရှိတယ်၊ မေးစမ်းပြီးတော့ ရအောင် ခေါ်လာခဲ့၊ ငါ့နာမည်ပြောရင် သူလိုက်လာလိမ့်မယ်"

ဟု ပြောသဖြင့် နီမောင်က လှေလှော်သမားနှစ်ယောက်နှင့်အတူ စက်စုဘက်ကမ်းသို့ ကူးသွားလေသည်။ စက်စုဘက်ကမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စခန်းချနေသော ခင်မွန်တန်းနှင့် တဖက်ကမ်းစီ ရှိလေသည်။ စက်စုရွာသို့ ရောက်သောအခါ ဆရာကြီး ဦးဗန်ကောင်း၏အမည်ကို အလွယ်တကူ မေး၍ရလေသည်။ ရွာလည်ပိုင်းလောက်မှာ ရှိသော ဦးဗန်ကောင်းနေအိမ်သို့ ရောက်သောအခါ ဆရာကြီးက မေးသည်။

"ဘယ်က လာကြတာလဲ"

"ခင်မွန်တန်းကပါ ဆရာကြီး၊ အဘဦးမွန်ထော် လွှတ်လိုက်တာပါ"

"ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်တို့နေရာမှာ ပယောဂ အနှောင့်အယှက်တွေ များနေလို့ ဆရာကြီးကို အခေါ်ခိုင်းလို့ လာခေါ်တာပါ"

"ခင်မွန်တန်းဆိုတာ မျောက်တစ်ရာဘက်က တံငါရွာကလေး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

ဦးဗန်ကောင်းက ဘာမှမပြောတော့ပဲ ဆေးလွယ်အိတ်ကို ယူကာ နီမောင်တို့နှင့်အတူ လိုက်လာလေသည်။ ခင်မွန်တန်း ရောက်တော့ ဦးမွန်ထော်တဲမှာပင် တည်းသည်။ ဆရာရောက်လာသည်ဆိုသဖြင့် နီမောင်အပါအဝင် လူအတော်များများက လာရောက်ကြလေသည်။

"ဆရာကြီးကို ခေါ်ရတာ တခြားတော့ မဟုတ်ပါဘူး။ ကျုပ်တို့ ဒီနေရာမှာ စတည်းချပြီး အလုပ်လုပ်လာကြတာ နှစ်ကို မနည်းတော့ပါဘူး၊ တစ်နှစ်မှ ဒီလိုမဖြစ်ဖူးပါဘူး၊ ဒီနှစ်မှပဲ အနှောင့်အယှက်တွေ





များလိုက်တာ အလွန်ပါပဲ၊ တဆိတ်လောက် ကြည့်ပေးပါဦးဗျာ"

ဦးမွန်ထော် စကားကြားသောအခါ ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးရင်း တစ်ချက်ပြုံးလိုက်သည်။

"ဖြစ်မှာပေါ့ ဦးမွန်ထော်ရဲ့၊ ခင်ဗျားတို့က သင်္ချိုင်းမြေပေါ်မှာ ရွာတည်ထားကြတာကိုးဗျ"

"ဗျာ. . . ဘယ်လို၊ သင်္ချိုင်းမြေပေါ်မှာ ရွာတည်ထားတယ် ဟုတ်လား"

"ဟုတ်တယ်လေဗျ"

"ကျုပ်တို့ ဒီနေရာမှာ ရွာတည်ပြီး အလုပ်လုပ်လာကြတာ နှစ်ကို မနည်းတော့ပါဘူး၊ တစ်နှစ်ကမှ ဒီလိုမဖြစ်ခဲ့ဖူးပါဘူး၊ သင်္ချိုင်းမြေဆိုရင် အရင်နှစ်တွေကလည်း ဖြစ်မှာပေါ့"

"မဟုတ်ဘူး ဦးမွန်ထော်ရဲ့၊ မနှစ်တုန်းက မိုးဦးကျမှာ ဒီနယ်ဘက်မှာ ဝမ်းရောဂါတွေ အတော်ကလေး ဖြစ်လိုက်ကြတယ်၊ လူတွေလည်း သေလိုက်ကြတာ ရွာလုံးကျွတ်ပဲ"

"ဟင်. . ."

"ကုန်းတန်းကြီးရွာဆိုရင် ရွာလုံးကျွတ်နီးပါး ကုန်တာပဲ၊ ကျန်တဲ့လူတွေလည်း မနေဝံ့ကြလို့ ပြောင်းပြေးကြတော့ ရွာကို ဖျက်ကရောဗျာ"

ထိုစကားကြားသောအခါ အခြားသူများထက် နီမောင်မှာ ပိုမိုအံ့ဩသွားလေသည်။

"ဆ. . ဆရာကြီး ကုန်းတန်းကြီးရွာဆိုတာ မျောက်တစ်ရာ တဖက်ကမ်းမှာ ရှိတဲ့ရွာကို ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ. . . အဲဒီရွာက ရွာလုံးကျွတ်ကို သေတာ၊ သေတဲ့အလောင်းတွေကို ဒီဘက်ကမ်းမှာ လာပြီးမြှုပ်တော့ ခင်ဗျားတို့နေရာတွေက သင်္ချိုင်းနေရာ ဖြစ်ကုန်တာပေါ့ဗျာ"

ထိုစကားကြားသောအခါ ဦးမွန်ထော်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

"အဲဒီကုန်းတန်းကြီးမှာ ရွာမရှိတော့ဘူးလား ဆရာကြီး"

"လူတွေတော့ မရှိကြတော့ ရွာပျက်ကြီးပဲ ရှိတော့တယ်၊ ရှိတဲ့လူတွေလည်း သရဲတစ္ဆေခြောက်တာ မခံနိုင်ကြလို့ ထွက်ပြေးကုန်ကြပြီ"

"ဟင်. . ."

ထိုစကားကြောင့် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က နီမောင်ကို လှမ်းကြည့်လိုက်ကြလေသည်။

"ဒီ. . ဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"မြေအောက်မှာ မြှုပ်ထားပြီးသား အလောင်းတွေကို ရွှေ့လို့မှ မရတော့တာ၊ ခင်ဗျားတို့ရွာကိုပဲ တစ်နေရာ ရွှေ့ကြပေါ့ဗျာ"

ဟု ပြောဆိုကာ ဦးဗန်ကောင်းက သတိလစ်နေသော မောင်ခကို ဆေးကုပေးလေသည်။ သတိရလာပြီးမေးကြည့်သောအခါ မောင်ခက ပြောပြသည်။

"ညက အိပ်မလို့ လုပ်နေတုန်း မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင် တက်လာပြီး သူ့အရိုးတွေ ပြန်တောင်းတယ်၊ နောက်တော့ လည်ပင်းတက်ညှစ်တော့တာပါပဲ"

"ဒီအတိုင်းတော့ မဖြစ်တော့ဘူး၊ ဒီနေရာက အမြန်ဆုံး နေရာ






ရွှေ့ဖို့သာ ပြင်ကြရမှာပဲ"

ဟု ဦးမွန်ထော်က ပြောသဖြင့် ရွာသားများမှာ မိမိတို့ပစ္စည်းများ သိမ်းသူကသိမ်း၊ တဲဖျက်သူက ဖျက်နှင့် ဆူညံနေတော့သည်။ နီမောင် စိတ်ထဲမှာတော့ ဇဝေဇဝါနှင့် ချိတုံချတုံ ဖြစ်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

# ရန်ငြိုးဖွဲ့သည့်ဝိညာဉ်ချစ်သူ

သုံးယောက်သား ချောင်းပေါက်ဝ ရောက်ကာမှ အဖွင့်ဝ၌ ဆက်ဝင်ရကောင်းနိုးနိုး၊ မဝင်ရကောင်းနိုးနိုး ဖြစ်နေကြသည်။ အချိန်က ညနေပိုင်း ရောက်နေပြီ။

"ဝင်လို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . ဝင်ကြည့်မှပဲ ဆရာကြီး ပြောတဲ့အတိုင်းမှန် မမှန် သိရတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုအတွင်းရောက်မှ အခြေအနေ မကောင်းရင် ဘယ်လိုလုပ်မလဲ"

"ဘာကြောက်စရာ ရှိသလဲကွာ၊ ဆရာကြီး ပေးလိုက်တဲ့ ပရိတ်ချည်တွေ ငါတို့လည်ပင်းမှာ ပါတာပဲ"

"ဒီလောက်လည်း မကြောက်ကြပါနဲ့ကွာ၊ ငါတို့ကိုတော့ အန္တရာယ်ပြုမယ် မထင်ပါဘူး၊ တကယ်လို့ အန္တရာယ်ပြုမယ့်ပုံ ပေါ်တော့လဲ ပြန်ပြေးကြတာပေါ့"

ဟု ပြောဆိုကာ ချောင်းတွင်းသို့ ဝင်သွားကြလေသည်။ ၎င်းတို့ သုံးယောက်စလုံးမှာ ဆရာကြီး ဦးဗန်ကောင်း ပေးထားသော ပရိတ်ကြိုးများကို လည်ပင်း၌ ဆွဲထားကြသည်။ ထိုပရိတ်ကြိုးများ ပါသဖြင့်လည်း ယခုကဲ့သို့ လာဝံ့ကြခြင်း ဖြစ်ပေသည်။ ချောင်းအတွင်းမှာတော့ ခါတိုင်းကဲ့သို့ မှောင်နေသည်။ ခါတိုင်းလည်း ထိုချောင်းအတွင်းသို့ လာနေကျဖြစ်သော်လည်း ယခုတစ်ကြိမ် လာရသည်မှာ စိတ်ထဲ၌ ကြောက်ရွံ့သလို ခံစားနေရသည်။

နီမောင် စိတ်ထဲမှာတော့ တစ်ခုခုကို စိုးရိမ်နေသကဲ့သို့ ရှိနေသည်။ ချောင်းတွင်းပိုင်းသို့ ရောက်သောအခါ ခါတိုင်းကဲ့သို့ လူသံသူသံများ မကြားရပဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

"ဘယ်လိုလဲ. . . ခါတိုင်း ဒီနေရာ ရောက်လာရင် လူသံတွေ ကြားရပါတယ်၊ အခု ဘာသံမှ မကြားရပါဘူး"

"ဆရာကြီး ပြောတဲ့အတိုင်းများ ဟုတ်နေရော့သလား"

"လှေဆိုက်ထားခဲ့ပြီး အပေါ်တက်ကြည့်ကြရအောင်"





ဟု ပြောကာ လှေကို တံတားပျက်တစ်ခုမှာ ဆိုက်ကပ်ထားခဲ့ပြီး သုံးယောက်သား ကမ်းပေါ် တက်ကြည့်ကြသောအခါ ရွာဟောင်းရွာပျက်ကြီးတစ်ခုသာ တွေ့ရပြီး လူတစ်ယောက် ခွေးတစ်ကောင်မှပင် မတွေ့ကြရပေ။

"ဘယ်လိုလဲ. . . ထူးဆန်းလှချည်လား၊ ရွာထဲမှာ လူတွေ တစ်ယောက်မှ မရှိတော့ပါလား"

"အစကတည်းက မရှိတာ ဖြစ်မှာပေါ့၊ နာနာဘာဝတွေက ငါတို့ကို လှည့်စားထားတယ်ဆိုတာ သေချာပြီပေါ့"

ရွာစဉ်တလျှောက်လုံးမှာ တဲပျက်များသာ တွေ့ရပြီး လူနေသည့် လက္ခဏာမျိုး မတွေ့ရပေ။ မကျေနပ်သဖြင့် ခင်လေးညိုတို့ တဲဘက်သို့ လျှောက်လာကြသည်။ လဗပင်ကြီးကို တွေ့ရသည်။

လဗပင်ကြီးအောက်မှာတော့ ပြိုကျနေသော တဲတစ်လုံးမှလွဲ၍ အခြားဘာမှမရှိတော့ပေ။

"ဒီနေရာက ငါတို့သုံးယောက်ကို ထမင်းခေါ်ကျွေးတဲ့နေရာ မဟုတ်လား"

"ဟုတ်တယ်လေ. . . ဒီလဗပင်ကြီးကို ကောင်းကောင်းမှတ်မိနေတာပဲ၊ ကဲ. . . ဒီလောက်ဆိုရင် ဆရာကြီး ပြောတဲ့အတိုင်း မှန်ပါတယ်၊ ငါတို့ ပြန်ကြရအောင် နီမောင်၊ ဒီနေရာမှာ အချိန်အကြာကြီး နေလို့မကောင်းလှဘူး"

"ဟုတ်တယ် နီမောင်၊ ဒီအတိုင်းဆိုရင် ဒီနေရာမှာ မဟုတ်လွတ်သေးတဲ့ နာနာဘာဝတွေ ရှိတယ်ဆိုတာ သေချာတယ်၊ နေဝင်



www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ် သိပ်နေလို့မကောင်းလှဘူး”

နီမောင်မှာ ခင်လေးညိုတို့ နေသွားခဲ့ကြသည့် တဲပျက်ကလေးကို ကြည့်ကာ စိတ်မကောင်း ဖြစ်နေမိသည်။ ထို့နောက် စောထီးနှင့်ငမဲအောင်တို့က အတန်တန် ဖြောင်းဖျပြောဆိုကာ ခေါ်သဖြင့် ပြန်ခဲ့ကြလေသည်။ အချိန်မှာလည်း နေဝင်ရီတရောအချိန် ရောက်လာပြီမို့ မှောင်ရီသမ်းနေသော ရွာပျက်လမ်းကလေးကို ကြည့်ရသည်မှာ လွမ်းစရာကောင်းသလို ရှိနေသည်။

နီမောင်စိတ်ထဲမှာ ရွာလမ်းတလျှောက်မှာ လူတွေ ရှိနေသယောင်၊ နားထဲမှာ လူသံသူသံတွေကို ကြားနေရသယောင် ထင်နေမိသည်။ ထိုအခိုက်မှာပင် တစ်နေရာမှ ခေါ်သံလိုလို ကြားလိုက်ရသည်။

“အစ်ကိုရေ. . . အညို့ဆီကို လာလေ၊ ဒီမှာစောင့်နေတယ်”

“ဟင်. . .”

နီမောင့်နားထဲမှာ ခင်လေးညို၏သနားစဖွယ် ခေါ်သံလေးကို ကြားနေရသည်။

“အစ်ကိုရေ. . . အညို့ဆီကို လာလေ၊ ဘယ်ပြန်မလို့လဲ အစ်ကိုရယ်”

“ဟော. . .”

နီမောင့် အမူအယာကို ကြည့်ပြီး ကျန်နှစ်ယောက်က လန့်သွားကြသည်။

“ဘာဖြစ်လို့လဲ နီမောင်၊ ဘာသံကြားလို့လဲ”

“ခင်လေးညိုအသံ ကြားရတယ်၊ သူ ငါ့ကို ခေါ်နေတယ်”





“မင်း စိတ်စွဲနေလို့ ဖြစ်မှာပါကွာ၊ အချိန်မရှိတော့ဘူး၊ ငါတို့ သွားကြရအောင်”

ဟု စောထီးနှင့်ငမဲအောင်တို့က အတင်းဆွဲခေါ်သဖြင့်သာ လိုက်လာရသော်လည်း နီမောင် စိတ်ထဲမှာ တစ်နေရာ၌ ခင်လေးညို ရှိနေသည်ဟု ထင်နေမိသည်။

“အစ်ကိုရေ. . . ကျွန်မ စောင့်နေတယ်၊ ပြန်လာခဲ့ပါ အစ်ကို ရယ်”

တကြော်ကြော် ခေါ်သံကိုသာ ကြားရပြီး လူတော့ မမြင်ရပေ။ ချောင်းထဲမှ လှေပြန်ထွက်လာသောအခါ နောက်မှ ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ရွာထဲမှ ပြေးလိုက်လာသော ခင်လေးညို၏ပုံရိပ်ကို ဝိုးတဝါး လှမ်းမြင်ရသည်။ ထိုအခြေအနေကို ရိပ်မိသော စောထီးနှင့်ငမဲအောင်တို့က လှေကို မြန်နိုင်သမျှ မြန်အောင် လှော်ထွက်လာကြသည်။

နောက်တစ်နေ့တွင် ခင်လေးညိုတို့ မြေးအဖွား မုန့်ရောင်းလာလေဦးမလားဟု စောင့်သော်လည်း မလာတော့ပေ။ သို့သော်လည်း သူ့နားထဲမှာတော့ ခင်လေးညို၏မုန့်အော်သံကလေးကို ကြားနေမိသလို ရှိလေသည်။ ထိုရက်ထဲမှာပင် ဆရာကြီး ဦးဗန်ကောင်းက ရွာထဲမှာ ရှိသမျှလူများကို ပရိတ်ချည်ကြိုးများ ပေးထားရာ ကလေးလူကြီး လူတိုင်း၏လည်ပင်းမှာ ဆွဲထားကြလေသည်။

ထိုအချိန်မှစ၍ အလုပ်ဆင်းသည့် အလုပ်သမားများ အနှောက်အယှက် မခံကြရတော့ပဲ အလုပ်ဖြောင့်အောင် လုပ်နိုင်ကြသည်။ သို့သော်လည်း ယခုလက်ရှိနေရာ၌ မနေဝံ့ကြတော့သဖြင့်သင့်တော်



www.burmeseclassic.com

www.burmeseclassic.com



သောနေရာများကို ရွှေ့သူက ရွှေ့ကြလေပြီ။ ထိုသို့ရွှေ့ကြရာမှာ မိမိတို့ လုပ်ငန်းနှင့် သင့်တော်သည့်နေရာများကို ဦးစားပေးကာ ရွှေ့ကြရပြီး အချို့ကလည်း အစုလိုက်၊ အချို့ကလည်း တစ်ဦးချင်း နှစ်ဦးချင်း ရွှေ့ကြလေသည်။

ထိုအခါ ခင်မွန်တန်းရွာမှာ ပျက်ပြီး လူစုကွဲသွားတော့သည်။ နီမောင်တို့အလုပ်က ချောင်းငယ်များ ရှိသောနေရာကို ရွှေ့ရသည်။ သူတို့နှင့်အတူ ဘဝင်းပိတ်သော ဦးမွန်ထော်တို့နှင့် မိကျောင်းဖမ်းသော စောထီး၊ ငမဲအောင်တို့တတွေက အတူလိုက်လာရာ တဲစုသုံးစု ရှိလေသည်။ ယခု ပြောင်းရွှေ့သောနေရာမှာ ယခင်နေရာဟောင်းနှင့် ချွန်းတစ်ကွေ့သာ ဝေးကွာလေသည်။

ကုန်းတန်းကြီးရွာ ရှိသောကမ်းဘက်တော့ လှမ်းမြင်နေရဆဲပင်။ နီမောင်မှာ နေရာသစ်သို့ ရောက်သော်လည်း ခင်လေးညိုကို သတိရနေဆဲ။

မျှော်နေဆဲပင် ရှိသေး၏။

စိတ်ထဲမှာလည်း. . .

"အခု ဖြစ်ပျက်နေတာတွေဟာ အမှန်တွေပဲလား၊ သူတို့ ပြောနေကြတာကရော အမှန်ပဲလား၊ ခင်လေးညိုတို့ တစ်ရွာလုံး ဝမ်းရောဂါနဲ့ သေဆုံးသွားကြပြီး ပရလောကသားတွေ ဖြစ်နေကြတယ်ဆိုတာကရော တကယ်ပဲလား၊

အညိုတို့မြေးအဖွားကရော တစ္ဆေသရဲဘဝကနေ လူယောင်ဆောင်ပြီး လာနေကြတာလား"





ဟု တွေးတောကာ အလုပ်ကိုပင် ဖြောင့်အောင်မလုပ်နိုင်ကြပဲ ခင်လေးညိုအကြောင်းကိုသာ တွေးတောကာ တငေးငေး တငိုင်ငိုင် ဖြစ်နေတော့သည်။ ထိုအခြေအနေကို ရိပ်မိသော ဖခင် ဦးဘရှိန်က သတိပေးစကားပြောသည်။

"နီမောင် ဘယ်လိုဖြစ်နေတာလဲ၊ ငါတို့ဆီ လာနေကြတဲ့ ဟိုမြေးအဖွားဟာ လူတွေ မဟုတ်ကြပဲ၊ ကျတ်တွေက လူယောင် ဆောင်လာကြတာမှန်း သိမှတော့ ကိုယ့်စိတ်ထဲမှာ ဖျောက်ဖျက်ပစ်လိုက်တော့လေ၊ တော်ကြာ မကောင်းတဲ့ ဥပါဒါန်အစွဲကြောင့် ဥပါဒ်ဖြစ်လိမ့်မယ်"

ထိုကဲ့သို့ သတိပေးသော်လည်း နီမောင်ကတော့ ခင်လေးညိုကိုသာ သတိရနေမိသည်။ မနက်လင်းသည်နှင့် ခင်လေးညို၏မုန့်ဟော်သံကို ကြားရလေမလားဟု နားစွင့်နေမိသည်။

"ငါတို့က ဒီဘက် ပြောင်းလာတာကို သိကြမှာ မဟုတ်ဘူး၊ တကယ်လို့ သူတို့က တစ္ဆေသရဲ မဟုတ်ပဲ မုန့်ရောင်းတဲ့လူတွေ ဆိုရင်တောင် နေရာရှာမတွေ့တာနဲ့ ငါ့ဆီကို ရောက်နိုင်တော့မှာ မဟုတ်ဘူး"

ထိုကဲ့သို့ ငေးငေးငိုင်ငိုင် ဖြစ်နေသည်ကို ရိပ်မိသော ဖခင်ဖြစ်သူက အလစ်မပေးတော့ပေ။ ဘယ်နေရာကိုမှ တစ်ယောက်တည်း မလွှတ်တော့သည့်အပြင် သူ့မျက်စိအောက်မှာပင် အပျောက်မခံတော့ပေ။

အလုပ်ဆင်းလျှင်လည်း သားအဖနှစ်ယောက် အတူတူ ဆင်းလေ့ရှိပြီး နီမောင်လည်ပင်းမှာ ဦးဗန်ကောင်း ဆွဲပေးထားသော မျက်ချည်ကြိုးကိုလည်း ဖြုတ်ခွင့်မပေးတော့ပေ။ ထိုအခါ တလေ့ဆင်းလေသာ



www.burmeseclassic.com

www.burmeseclassic.com



ရက်များမှာ ထူးဆန်းမှုများ ကြုံတွေ့ရလေသည်။

ညဘက် ချောင်းအတွင်း၌ ပိုက်ထောင်ကြစဉ် ဦးဘရှိန်က လှေပေါ်မှာပင် တရေးတမော အိပ်တတ်လေသည်။ နီမောင်က ပိုက်တိုင်မှာ လှေကြိုးချည်ထားပြီး ထိုင်စောင့်ရင်း အတွေးနယ်ချဲ့နေတတ်သည်။ ပိုက်ထောင်သောချောင်းမှာ (၁၄)တောင်၊ (၁၅)တောင်ထက် ပိုမကျယ်သဖြင့် လှေတစ်စင်း လှည့်သာရုံသာ ရှိလေသည်။ ထိုကဲ့သို့ ချောင်းကျဉ်းရသည့်အထိ ကမ်းနံဘေးရှိ ချုံပုတ်များကြောင့်သော်လည်းကောင်း၊ ကိုင်းကျနေသော သစ်ကိုင်းများကြောင့်သော်လည်းကောင်း ချောင်းထဲမှာ အလင်းရောင် သိပ်မရပေ။

ကောင်းကင်မှာ လရောင်ကြောင့် အလင်းရောင်အချို့ ရှိနေသော်လည်း ချောင်းအတွင်းမှာတော့ မှောင်နေသည်။ လှေဦးမှာတော့ ရေနံဆီမီးခွက်ကို ထွန်းထားသဖြင့် လှေနှင့် ပတ်ဝန်းကျင်တဝိုက်မှာတော့ အလင်းရောင် ရှိသည်။ ထိုကဲ့သို့ မီးထွန်းထားပါက ငါး ပုစွန်ပိုမြူးသည်က တစ်ကြောင်း၊ မြွေပါးကင်းပါးများကို အလွယ်တကူ မြင်တွေ့နိုင်သည်က တစ်ကြောင်းကြောင့် ထိုကဲ့သို့ မီးရောင်ထွန်းထားကြခြင်းဖြစ်၏။ ထိုအခိုက်မှာပင် တောနက်အတွင်းမှ ခေါ်သံလိုလို ကြားရသည်။

"အစ်ကိုရေ. . . အစ်ကိုရေ. . ."

ပထမတော့ ခေါ်သံက မသဲကွဲလှပေ။ နီမောင်က အတွေးနယ်ချဲ့နေရာမှ နားစွင့်လိုက်သည်။

"အစ်ကိုရေ. . . အစ်ကို. . . ကျွန်မ အညိုပါ၊ အစ်ကို့ကို လိုက်





ရှာနေတာ၊ အစ်ကို ဘယ်မှာလဲ"

"ဟင်. . ."

နီမောင်က အတွေးနယ်ချဲ့နေရာမှ အသံကြားရာဘက်သို့ နားစွင့်ကြည့်လိုက်သည်။

"အစ်ကိုရေ. . . အစ်ကို. . ."

"ဒါ အညို့အသံပဲ၊ သူ ဘယ်မှာလဲ မသိဘူး"

နီမောင် ဂဏှာမငြိမ် ဖြစ်နေတော့ လှေက ကူးသွားသည်။ ထိုအခါ ပဲ့ပိုင်းမှာ မှေးနေသော ဦးဘရှိန်က လန့်နိုးလာသည်။

"နီမောင် ဘာဖြစ်လို့လဲ"

"ဘာ. . ဘာမှ မဖြစ်ပါဘူး အဖေ"

ဦးဘရှိန်က နီမောင် အခြေအနေကို အကဲခတ်ပြီး ပြန်မအိပ်တော့ဘဲ ထလာပြီး ဆေးပေါ့လိပ်ကို မီးညှိပြီး ဖွာနေတော့သည်။ ဦးဘရှိန် ထလာပြီးနောက်မှာတော့ တောတွင်းမှ ခေါ်သံလည်း ပျောက်သွားလေတော့သည်။ ရေပြည့်သောအခါ သားအဖနှစ်ယောက် ပိုက်သိမ်းကာ မိမိတို့တဲသို့ ပြန်ခဲ့ကြသည်။

နောက်ပိုင်းရက်များမှာလည်း ပိုက်ထောင်ရင်းနှင့် ခင်လေးညို၏ခေါ်သံကို မကြာခဏ ကြားနေရသည်။

"အဖေ. . . ဒီကနေ့ ပိုက်ထောင်မယ့်ချောင်းက တဲနဲ့ တနီးသားပဲ၊ ကျွန်တော် တစ်ယောက်တည်းပဲ သွားလိုက်မယ်၊ အဖေ နားချင်နားပါလား"

ခါတိုင်း မိမိတို့တဲနှင့် နီးသောနေရာများတွင် အလုပ်ပြီးပါက



www.burmeseclassic.com

www.burmeseclassic.com



ဦးဘရှိန် မလိုက်ပဲ နီမောင်တစ်ယောက်တည်း သွားလေ့ရှိသည်။ ယခုတော့ ဦးဘရှိန်က လက်မခံပေ။

"မဖြစ်ပါဘူးကွာ. . ."

"ဘာဖြစ်လို့လဲ အဖေရဲ့၊ ခါတိုင်းလည်း ကျွန်တော်တစ်ယောက်တည်း သွားနေကျပဲဟာ"

"အရင်က တစ်ယောက်တည်း သွားတာ ဘာမှမဖြစ်ပေမယ့် အခု မင်းတစ်ယောက်တည်း သွားရင် အန္တရာယ်တွေ့လိမ့်မယ်"

"ဘယ်လို အန္တရာယ်တွေ့မှာလဲ အဖေရဲ့"

"ဆရာကြီး ဦးဗန်ကောင်းက ပြောသွားတယ်၊ မင်းမှာ အမှောင့်ပယောဂတစ်ခု စွဲကပ်နေတယ်တဲ့၊ တစ်ယောက်တည်း မထားရဘူး၊ ဘယ်နေရာကိုမှလည်း တစ်ယောက်တည်း မလွှတ်ရဘူးလို့ မှာသွားတယ်"

"အဖေကလည်း. . . ဒါတွေက တကယ်မဖြစ်နိုင်ပါဘူး"

"မင်းတို့က လူငယ်တွေဆိုတော့ အတွေ့အကြုံ မရှိသေးတော့ မကြုံဖူးသေးလို့သာ ဒီစကားမျိုး ပြောတာ၊ တကယ်တော့ ပရလောကသားတွေဆိုတာ ကိုယ့်မျက်စိနဲ့ မမြင်နိုင်ပေမယ့် ကိုယ့်အနီးပတ်ဝန်းကျင်မှာ အများကြီး ရှိကြတယ်၊ ကံဇာတာ မြင့်နေတဲ့အချိန်မှာ မကြုံတွေ့ရပေမယ့် ကံဇာတာ နိမ့်ပါးနေတဲ့အချိန်မှာ တွေ့ကြုံရနိုင်တယ်ကွ၊ ပေါ့ပေါ့ဆဆ မနေရဘူး၊ နောက်ပြီး ဆရာကြီး ဦးဗန်ကောင်း ပေးထားတဲ့ ပရိတ်ချည်ကြိုးကိုလည်း ဘယ်တော့မှ မဖြုတ်နဲ့နော်"

"ဟုတ်ကဲ့ပါ. . ."





သို့ကြောင့် နီမောင်မှာ ခင်လေးညိုကို တွေ့မြင်လိုသော်လည်း ဦးဘရှိန်က အနီးမှာ မျက်ခြည်မပြတ် ရှိနေသဖြင့် အခွင့်မသာတော့ဘဲ ဖြစ်နေတော့သည်။ တစ်နေ့တော့ တဲအပေါ်မှာ အိပ်နေရင်း အိပ်မက်ထဲတွင် ခင်လေးညိုနှင့် ပြန်တွေ့ရသည်။ သူမ၏အမူအယာမှာ မကျေမနပ်ဖြစ်နေဟန် ရှိလေသည်။

"ဟင်. . . အညို ဘယ်လိုဖြစ်လာတာလဲ"

"ဘယ်လိုဖြစ်ရမလဲ. . . အစ်ကို့ကို မကျေနပ်လို့ လာခဲ့တာပေါ့"

"ဘာများ မကျေနပ်စရာ ရှိလို့လဲ အညိုရယ်"

"မေးရက်ပလေ အစ်ကိုရယ်၊ အစ်ကိုပဲ ကျွန်မဆီက အဖြေတောင်းထားတယ်၊ အခု ကျွန်မက အဖြေပေးမယ် လုပ်တော့ အစ်ကိုက ကျွန်မဆီကို မလာတော့ဘူး"

"အထင်မလွဲပါနဲ့ အညိုရယ်၊ အစ်ကို အညို့ဆီကို လာပါတယ်၊ ဒါပေမယ့် အညိုတို့က အရင်နေရာမှာ မရှိတော့လို့ မတွေ့ရတာပါ"

"ဒါကတော့ အစ်ကိုက လည်ပင်းမှာ ပရိတ်ကြိုးတွေဘာတွေ ဆွဲလာတော့ ကျွန်မနဲ့ ဘယ်တွေ့ရတော့မလဲ"

"ဟင်. . . ဘာဖြစ်လို့လဲဟင်"

"အို. . . ဒါကတော့ ကျွန်မပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ နောက်ပြီး ကျွန်မက လာတွေ့မယ်လုပ်တော့ အစ်ကိုရဲ့အဖေက ကဖျက်ကယက် လုပ်နေသေးတယ်၊ ကျွန်မ သူ့ကို မကျေနပ်ဘူး၊ ကံမြင့်နေတုန်းတော့ နေဦးပေါ့၊ ကံနိမ့်တဲ့အခါကျမှ တွေ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့ မလုပ်ပါနဲ့ အညိုရယ်၊ အဖေက ဘာမှ မသိပါဘူး၊ ဒါထက် နေပါဦး၊ အညိုက အဖေ့အပေါ်မှာ ဘာကြောင့် ဒီလောက် ဒေါသထွက်နေရတာလဲ"

"အို . . . ဒါကတော့ ဘယ်ပြောလို့ ဖြစ်ပါ့မလဲ၊ ဒါပေမယ့် ကျွန်မတို့နှစ်ယောက်ရဲ့ချစ်ခြင်းကို ခွဲတဲ့သူဆိုရင် ဘယ်သူပဲဖြစ်ဖြစ် သည်းမခံနိုင်ဘူး"

နီမောင် စိတ်ထဲမှာ ခင်လေးညိုတစ်ယောက် အဘယ်ကြောင့် ထိုမျှလောက် ဒေါသဖြစ်နေသည်ကို နားမလည်နိုင်အောင် ဖြစ်နေတော့သည်။ နောက်ရက်မှာလည်း ခင်လေးညို၏ခေါ်သံကို ကြားရသော်လည်း ဦးဘရှိန်က တင်းတင်းကျပ်ကျပ် ချုပ်ချယ်ထားသောကြောင့် တွေ့ခွင့်မရပြန်ပေ။ နီမောင်ကတော့ သူမြင်မက်သော အိပ်မက် အကြောင်းကိုတော့ ဦးဘရှိန်အား ပြန်မပြောပြတော့ပေ။





## အခန်း(၇)

# နတ်တင်မှားသောသူ

ပြာသိုလဆုတ်(၉)ရက်နေ့တွင် အလုပ်နားကြပြီး ပိုက်ပြင်ခြင်း၊ လှေပြင်ဆင်ခြင်းများ ပြုလုပ်ကြပြီး၊ လဆုတ်(၁၀)ရက်နေ့တွင် ထုံးစံအတိုင်း ပိုက်မြှောက်ခြင်း(နတ်တင်မြှောက်ခြင်း)ကိစ္စအတွက် စီစဉ်ရလေသည်။

အသင့်ပြင်ဆင်ထားသော ကြက်ကို ချက်ပြီး၊ [illegible] ထမင်းဦးပေါင်း၊ တောအရက် စသည်တို့နှင့် ညနေစောင်း၊ နေဝင်ရီ



www.burmeseclassic.com

www.burmeseclassic.com



တရောအချိန်တွင် တင်မြှောက်ရန် ပြင်ဆင်ထားသည်။ နေမဝင်သေးသဖြင့် စောင့်နေကြစဉ် ဦးဘရှိန်က ပြောသည်။

"နီမောင်. . . ငါ ဦးမွန်ထော်တို့ တဲဘက် ခဏသွားလိုက်ဦးမယ်၊ နတ်မြှောက်ပြီးရင် အတူတူ ထမင်းစားရအောင် သွားခေါ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အဖေ၊ စောထီးနဲ့ ငမဲအောင်တို့ တွေ့ရင်လည်း တစ်ခါတည်း ခေါ်ခဲ့ပါ"

"အေး. . အေး. . . နတ်တင်မယ့် အစားအသောက်တွေကိုတော့ ဂရုစိုက်ပြီး ကြည့်ထားလိုက်နော်"

"စိတ်ချပါ"

ဦးဘရှိန်က ပုဆိုးတစ်ထည်ကို ခေါင်းမှာ ပတ်ကာ ဦးမွန်ထော်တို့ တဲဘက်သို့ ထွက်သွားလေသည်။

သူတို့ တဲသုံးလုံးမှာ အတူတကွ နေကြသည်ဆိုသော်လည်း တစ်နေရာနှင့် တစ်နေရာတော့ မနီးလှပေ။

သို့သော်လည်း (၁၀)မိနစ်ခန့် လျှောက်သွားလျှင်တော့ အလွယ်တကူ ရောက်သွားနိုင်ပေသည်။ ဦးဘရှိန် ထွက်သွားသောအခါ တဲမှာ နီမောင်တစ်ယောက်တည်း ကျန်ခဲ့သဖြင့် ပိုက်ပေါက်များကို ဖာနေလေသည်။ ထိုအခိုက်မှာပင် တဲနောက်ဘက်မှ ခေါ်သံကြားရသည်။

"အစ်ကိုရေ. . . အစ်ကို. . ."

"ဟင်. . ."





"ကျွန်မ ဒီနေရာမှာ ရှိတယ်. . . လာခဲ့ပါ"

နီမောင်မှာ ပိုက်ဖာနေရင်းမှ နားစွင့်လိုက်သည်။ ခေါ်သံကြားရသောနေရာမှာ မဝေးလှပေ။

"အစ်ကို လာခဲ့လေ၊ အစ်ကိုလာရင် လည်ပင်းမှာ ဆွဲထားတဲ့ ကြိုးကို ဖြုတ်ထားခဲ့နော်၊ ဒါမှ ကျွန်မနဲ့ တွေ့ရမှာ"

ထိုအသံကြောင့် နီမောင်က သူ လည်ပင်းမှာ ဆွဲထားသော ပရိတ်ချည်ကြိုးကလေးကို ယောင်ယမ်းပြီး ကိုင်ကြည့်လိုက်သည်။ ထိုကြိုးကိုတော့ သူမဖြုတ်ပေ။

အဖေပြန်လာလို့ ထိုကြိုးကို မမြင်ပါက အဆူအကြိမ်း ခံရပေမည်။ သို့သော်လည်း အသံကြားရာသို့ သွားကြည့်ရန်တော့ စိတ်ကူးမိသည်။

သို့ကြောင့် ပိုက်ကြိုးများကို အသာချထားခဲ့ပြီး တောထဲသို့ ဝင်လာခဲ့သည်။ နီမောင် တောထဲသို့ ဝင်သွားသောအချိန်မှာ မရှေးမနှောင်းမှာပင် တောထဲမှ ခွေးနက်တစ်ကောင် ထွက်လာပြီး တဲပေါ်သို့ တက်လာသည်။

ပြီးနောက် ကြက်သားဟင်းအိုးကို ဖွင့်ပြီး ဟင်းအချို့ကို နှိုက်စားပြီး တဲပေါ်မှ ပြန်ဆင်းကာ တောထဲသို့ ပြန်ဝင်သွားလေသည်။

နီမောင်မှာ တောထဲမှ အသံကြားရာနေရာများကို ခပ်သုတ်သုတ် လိုက်ကြည့်သော်လည်း ဘာမှမတွေ့ရသဖြင့် တဲဘက်သို့ ပြန်လာလေသည်။

တဲပေါ်သို့ ပြန်ရောက်သောအခါ ကြမ်းပေါ်မှာ ထင်ရှားသော



www.burmeseclassic.com

www.burmeseclassic.com



ချွေးခြေရာများကို တွေ့ရသဖြင့် အနည်းငယ် အံ့ဩသွားလေသည်။ မသင်္ကာသဖြင့် ချက်ထားသော ဟင်းအိုးရှိရာသို့ သွားကြည့် သောအခါ အဖုံးပွင့်နေသည်ကို တွေ့ရသည်။

"ဘယ်က ခွေးများ တဲပေါ် တက်လာတာလဲ၊ ဧကန္တ ဟင်းခိုးစားဖို့ တက်လာတာ ငါပြန်လာလို့ ပြန်ဆင်းပြေးသွားတာ ဖြစ်မယ်"

ဟုသာ တွေးလိုက်မိသည်။ ခဏကြာတော့ ဦးဘရှိန် ပြန်လာသည်။ သူနှင့်အတူ ဦးမွန်ထော်တို့ရော စောထီးနှင့်ငမဲအောင်တို့ပါ ပါလာကြသည်။

ထိုအချိန်တွင် နေကလည်း ဝင်သွားပြီမို့ ဦးဘရှိန်က ပြင်ဆင်ထားသော အစားအသောက်များဖြင့် တင်မြှောက်ပသလေတော့သည်။ တကယ်တော့ ထိုနေ့က တင်မြှောက်ခြင်းမှာ အမှားအယွင်းဖြစ်သွားသည်ကိုတော့ ဦးဘရှိန်မှာ မသိလိုက်ပေ။

နီမောင်စိတ်ထဲမှာတော့ တထင့်ထင့် ဖြစ်နေမိသည်။ နောက်တစ်နေ့ မနက်လင်းတော့ ဦးဘရှိန်က ပြောသည်။

"ငါ ညက အိပ်မက်သိပ်မကောင်းဘူး၊ ကြောက်စရာကောင်းတဲ့ တစ္ဆေသရဲတွေက လာဆွဲကြတယ်လို့ အိပ်မက်မက်တယ်၊ နောက်ပြီး မနက်လင်းတော့ လည်ပင်းမှာ ဆွဲထားတဲ့ ပရိတ်ချည်ကြိုးလည်း မရှိတော့ဘူး"

"ဘယ်ပျောက်သွားတာလဲ အဖေ"

"ငါလည်း မသိဘူး၊ မနေ့ကအထိတော့ လည်ပင်းမှာ ရှိနေတာပဲ"





"တစ်နေရာရာမှာ ပြုတ်ကျသွားတာ ဖြစ်မှာပေါ့၊ ကျွန်တော့်ဆီက ကြိုးကို အဖေ ယူထားပါလား"

"နေပေစေ . . . ငါက အရေးမကြီးလှဘူး၊ မင်းကသာ အရေးကြီးတာ၊ မင်းပဲ ဆွဲထားပါ၊ ဆရာကြီး ဦးပန်ကောင်းနဲ့ နောက်တစ်ခါ တွေ့တော့မှ ထပ်တောင်းယူတာပေါ့"

ဟု ဦးဘရှိန်က ခပ်ပေါ့ပေါ့ပင် ပြောသည်။ နေ့လည်ဘက် ရောက်တော့ ချောင်းထဲမှာ ရေဆင်းချိုးသော နီမောင်မှာ အပေါ်ပြန်တက်လာသည်နှင့် ကျောထဲမှာ စိမ့်ကနဲ ဖြစ်လာကာ ကောက်ကာငင်ကာ အဖျားဝင်လာတော့သည်။

နီမောင်မှာ ယခင်ကတည်းက ငှက်ဖျားရောဂါ အခံအစွဲ ရှိသူဖြစ်သည်။ ယခုအခါ ဆောင်းတွင်းဘက် အေးသောအချိန်မှာ ချောင်းထဲ ဆင်း၍ ရေချိုးလိုက်သဖြင့် ငှက်ဖျားရောဂါ ပြန်ထကာ ချက်ချင်း အဖျားတက်လာခြင်းဖြစ်၏။

ဦးဘရှိန်မှာ ကောက်ကာငင်ကာ အဖျားဝင်လာသော နီမောင်ကို ကြည့်ပြီး တင်တာမြှောက်တာ အမှားအယွင်း ရှိလေသလားဟု သံသယ အနည်းငယ်တော့ ဝင်မိသည်။

နောက်တစ်ချက်ကလည်း အလုပ်ဆင်းကာနီးမှ ကောက်ကာငင်ကာ အဖျားဝင်လာသဖြင့် သားအဖနှစ်ယောက်တည်း ရှိသောကြောင့် ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်နေတော့သည်။ ဖျားနေသော နီမောင်ကို တဲမှာ တစ်ယောက်တည်း ထားခဲ့လို့ကလည်း မဖြစ်၊ အလုပ်ဆင်းရာကို ခေါ်သွားဖို့ကလည်း ရောဂါပိုသည်းလာမည်စိုးသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အခက်တွေ့နေတော့သည်။

နေ့ခင်းအချိန်တွင် ပါလာသော ချွေးထုတ်ငန်းဆေးများ တိုက်သဖြင့် ညနေစောင်းသောအခါ အဖျားတော့ အနည်းငယ် ပြန်ကျသွားသည်။

"သက်သာရဲ့လား နီမောင်"

"ရပါတယ် အဖေ"

"မင်း တဲမှာ နေချင်နေခဲ့ပါလား၊ ငါတစ်ယောက်တည်းပဲ အလုပ်ဆင်းလိုက်မယ်"

"အဖေတစ်ယောက်တည်း မဖြစ်ပါဘူး၊ ကျွန်တော်ပါ လိုက်ခဲ့ပါ့မယ်"

"ဖြစ်ပါ့မလား"

"အဖျားတက်တော့လည်း လှေပေါ်မှာတင် ခေါင်းမြီးနေရင် ရပါတယ်"

"အေးလေ. . . ဒီလိုဆိုရင်လည်း လိုက်ခဲ့ပေါ့၊ ငါလည်း မင်းတစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချပါဘူး၊ နောက်ပြီး အလုပ်ကလည်း ရေထဦးရက်ဆိုတော့ အလွတ်ပေးလို့ မဖြစ်ဘူး"

ဟု ပြောဆိုကာ သားအဖနှစ်ယောက် အလုပ်ဆင်းသွားကြလေသည်။

ချောင်းတွင်း ရောက်သောအခါ ပိုက်ထောင်သည့်ကိစ္စကို ဦးဘရှိန်တစ်ယောက်တည်းကသာ ဒိုင်ခံလုပ်ပြီး ရေစိုမခံဝံ့သော နီမောင်က လှေပေါ်မှသာ အကူအညီပေးရလေသည်။





ညဦးပိုင်း အေးလာသောအခါ ဖျားက နည်းနည်းပြန်ထလာသဖြင့် လှေပဲ့ပိုင်းမှာ ခေါင်းမြီးပြီး ကွေးနေရသည်။ ဦးဘရှိန်က လှေဦးမှ ထိုင်ကာ ပိုက်စောင့်ရလေသည်။ ယခင်ကဆိုလျှင် ထိုအလုပ်ကို နီမောင်လုပ်ရသည့်အလုပ် ဖြစ်သည်။ လှေဦးမှ စောင့်သူက ပိုက်ထဲဝင်လာသော သစ်ကိုင်းသစ်ခက်များကို ဖယ်ရှားပေးရသည်။

တစ်စတစ်စနှင့် ညဉ့်နက်လာလေလေ အအေးဓါတ်က ပိုလာလေလေ ပဲ့ပိုင်းတွင် ရှိနေသော နီမောင်ထံမှ 'တဟင်းဟင်း' နှင့် ညည်းညူသံများကို ပိုမိုကြားရလေဖြစ်၏။

ပိုက်ဖော်ရန် အချိန်နီးသောအခါမှ ရေစီးနှင့်အတူ ရှည်ရှည်မျောမျော သစ်ကိုင်းတစ်ချောင်းက မျောပါလာသဖြင့် လက်ဖြင့်ကောက်ဖယ်လိုက်သည်။

"အား. . ."

လက်ခွကြားတစ်ပိုက်မှာ ပူကနဲ ဖြစ်သွားသောကြောင့် ငုံ့ကြည့်လိုက်သောအခါ သူကောက်ယူလိုက်သည်မှာ သစ်သားချောင်း မဟုတ်ဘဲ မြွေတစ်ကောင် ဖြစ်နေပြီး ကမ်းစပ် ဂက်သို့ ကူးသွားသည်ကို လှမ်းမြင်လိုက်ရသည်။

"ငါ့လက်ကို ပိုးထိသွားပြီ"

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ပိုက်ကို အလျင်အမြန် သိမ်းဆည်းလေသည်။ ထိုအချိန်မှာ ပဲ့ပိုင်းမှာ ရှိနေသော နီမောင်ထံမှ ညည်းညူသံကလည်း ပိုမိုကျယ်လောင်လာသည်။

"ဒီကောင်တော့ ဖျားပြန်တက်လာပြီ၊ တဲကို အမြန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် ပြန်ပြီး မီးလှုံပြီး ဆေးသောက်မှ ရတော့မယ်၊ ဒီအတိုင်း ဆိုရင် အအေးပတ်ပြီး ဒုက္ခရောက်သွားနိုင်တယ်၊ အရေးထဲမှ ငါ့လက်ကို ပိုးထိခံလိုက်ရတယ်၊ ငါ့ဒဏ်ရာက အရေးမကြီးဘူး၊ ငါ့သားကို ကယ်ပေးရမယ်"

ဟု စိတ်တင်းကာ ပိုက်ကို အလျင်အမြန် သိမ်းဆည်းပြီးနောက် မိမိတို့ တဲရှိရာသို့ ပြန်ခဲ့လေသည်။ တဲသို့ ပြန်ရောက်သောအခါ ငါးပုစွန်များပင် မတင်နိုင်သေးပဲ ဦးစွာသတိမေ့နေပြီဖြစ်သော နီမောင်ကို တဲပေါ် ရောက်အောင် ပွေ့တင်သည်။ ပြီးမှ မီးမွှေးသည်။ မီးတောက်များလာသောအခါ ရေနွေးအိုးတစ်လုံး ရအောင်ကျိုသည်။

ထိုအချိန်မှာပင် လက်မှ ဒဏ်ရာကလည်း တဖြည်းဖြည်းနှင့် အဆိပ်တက်လာသည်။ မျက်လုံးထဲမှာ ပြာစပြုလာပြီ။ တစ်ကိုယ်လုံး မလှုပ်ချင်အောင် လေးလံလာသည်။

"ခက်တာပဲ. . . ညအချိန်ကြီး ဖြစ်နေတော့ ဦးမွန်ထော်တို့ တတွေလည်း ပြန်ရောက်ကြမှာ မဟုတ်ကြသေးဘူး၊ ငါ့လက်က ဒဏ်ရာက အရေးမကြီးဘူး၊ ငါ့သား အသက်ချမ်းသာအောင် လုပ်ဖို့က အရေးကြီးတယ်၊ အခုနေ စက်စုက ဆရာကြီး ဦးဗန်ကောင်းကို သွားခေါ်နိုင်မှ နီမောင်ရဲ့အသက် ချမ်းသာရာရမယ်၊ မဖြစ်ဘူး. . . ငါကိုယ်တိုင် သွားခေါ်မှ ဖြစ်မယ်"

ဟု တွေးတောကာ ကမ်းစပ်ဘက်သို့ တစ်ခေါက်ပြန်ဆင်းသွားလေတော့သည်။ အပြင်ဘက်မှာတော့ အမှောင်ရိပ်များက ကြီးစိုးနေလေသည်။ နှင်းမှုန်နှင်းဖွဲများက တဖွဲဖွဲ ကျဆင်းနေသည်။ ညဉ့်နက်ပိုင်း





ရောက်နေပြီမို့ ဆေးဆရာကြီး ဦးဗန်ကောင်းတစ်ယောက် ပုတီးစိပ်ပြီး အိပ်ယာဝင်ရန်ပင် ပြင်ဆင်နေသည်။

ဦးဗန်ကောင်းသည် စက်စုရွာတွင် တစ်ယောက်တည်း နေကာ ဆေးကုသပေးနေသော ဆရာကြီးတစ်ဦးပင် ဖြစ်သည်။ စက်စုရွာမှာ ရွာကြီးတစ်ရွာ ဖြစ်သောကြောင့် သင်္ဘောဆိပ်၊ ရဲစခန်း၊ စပါးကြိတ်သော ဆန်စက်များ ရှိသည်။ ဦးဗန်ကောင်းမှာ တိုင်းရင်းဆေးပညာသာမက ဗေဒင်ပညာ ပယောဂပညာများပါ တတ်ကျွမ်းသောကြောင့် စက်စုရွာသာမက အနီးပတ်ဝန်းကျင်အရပ်မှ လူများကပါ အားကိုးအားထားပြုနေရသော ဆရာကြီးတစ်ဦး ဖြစ်၏။ ဦးဗန်ကောင်းတစ်ယောက် အိပ်ယာထဲ ဝင်မည်ကြံရုံ ရှိသေးသည်။ အိမ်ရှေ့မှ ခေါ်သံကြားရသည်။

"ဆရာကြီး. . . ဆရာကြီး"

လေသံက တိုးလှသဖြင့် သဲသဲကွဲကွဲ မကြားရပေ။

"ဆရာကြီး. . . ဆရာကြီး"

"ဘယ်သူများလဲဗျ"

"ကျွန်တော် ကိုဘရှိန်ပါ ဆရာကြီး၊ ကိစ္စအရေးကြီးလာလို့ တဆိတ်လောက် တံခါးဖွင့်ပေးပါ"

ဦးဗန်ကောင်းက နေရာမှ ထကာ အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်သည်။ တံခါးပွင့်သွားတော့ တံခါးပေါက်မှာ လူတစ်ယောက် ရပ်နေသည်။ လူကို မြင်ဖူးသော်လည်း နာမည်တော့ မမှတ်မိပေ။ သူ့တစ်ကိုယ်လုံး ရေများ ရွှဲနေသည်။

"ကျွန်တော့်နာမည် ကိုဘရှိန်ပါ ဆရာကြီး၊ အရင်က ခင်မွန်



www.burmeseclassic.com

www.burmeseclassic.com



တန်းမှာ နေကြပါတယ်"

"အခု ဘာကိစ္စ အရေးကြီးလာလို့လဲ"

"ကျွန်တော့်သားလေး ကိုယ်ပူတွေ ကြီးပြီး အပြင်းဖျားနေလို့ပါ ဆရာကြီး၊ အဲဒါ တဆိတ်လောက် လိုက်ကြည့်ပေးပါ"

ဦးဗန်ကောင်း မှောင်ပိန်းနေသော အပြင်ဘက်မှ အခြေအနေကို တစ်ချက်ကြည့်လိုက်သည်။

"အတော်မှောင်တာပဲ၊ မနက်လင်းမှ သွားလို့မဖြစ်ဘူးလား"

"မဖြစ်လို့ပါ ဆရာကြီးရယ်၊ ဒီကနေ့ညမှ မကုနိုင်ရင် ကျွန်တော့်သားလေး အသက်ရှင်မှာ မဟုတ်ပါဘူး၊ ရောဂါက အတော်သည်းနေလို့ပါ"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက အကဲခတ်သလို တစ်ချက်ကြည့်လိုက်လေသည်။

"ခင်ဗျားဗျာ. . . ကိုယ့်သားသ မီးရောဂါ ဒီလောက်သည်းနေမှတော့ တစ်ခါတည်း လှေပေါ် တင်ခေါ်လာတော့ မြန်မြန်ကုသပေးလို့ မရပေဘူးလား"

ထိုစကားကြောင့် ဦးဘရှိန်မှာ ချက်နှာတစ်ချက် ပျက်သွားလေသည်။

"ပထမတော့ ခေါ်လာမလို့ပါပဲ၊ ဒါပေမယ့် အခြေအနေက အဲသည်လို ခေါ်လာလို့ မရလို့ပါ"

ဦးဗန်ကောင်းမှာ သူပြောသောစကားကို နားမလည်သလို ဖြစ်သွားလေသည်။





"လိုက်ကြည့်ပေးပါ ဆရာကြီးရယ်၊ ဆရာကြီးမှ လိုက်မကြည့်ရင်တော့ ကျွန်တော့်သားလေး ဒီည အသက်ရှင်နိုင်စရာလမ်း မရှိတော့လို့ပါ"

ဦးဘရှိန်က အလွန်ညှိုးငယ်သောမျက်နှာဖြင့် ထပ်ပြောပြန်ရာ ဦးဗန်ကောင်းမှာ သက်ပြင်းတစ်ချက် ချလိုက်သည်။ ဆေးဆရာတစ်ယောက် လုပ်နေပြီး လူနာအခြေအနေ အရေးကြီးသဖြင့် လာခေါ်ရာ မလိုက်ပြန်လျှင် မကောင်းပေ။

အကယ်၍ အသက်ချမ်းသာရာ ရနိုင်ပါရက်နှင့် မိမိက ငြင်းပယ်လိုက်၍ တစ်စုံတစ်ခု ဖြစ်သွားပါက ပြောစရာ ဖြစ်ပေမည်။ ဆရာတစ်ယောက်ဆိုတာ အရေးကြီးပါက လူမရွေး၊ ရောဂါမရွေး၊ နေရာမရွေး လိုက်လံကုသပေးရမည့် ဝတ္တရား ရှိပေသည်။

"ခင်ဗျားမှာ လှေပါတယ် မဟုတ်လား၊ ကျုပ်လိုက်ခဲ့ပါတယ်"

ထိုစကားကြားသောအခါမှ ဦးဘရှိန်မှာ စိတ်သက်သာရာ ရသွားဟန်ဖြင့်. . .

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်"

ဟု ခပ်တိုးတိုး ပြောလိုက်လေသည်။ ထို့နောက် ဆေးလွယ်အိတ်ကို ယူကာ ဦးဘရှိန် လာခေါ်သော လှေနှင့်ပင် ဖောင်ဝင်မြစ်တစ်ဖက်ကမ်းသို့ ကူးခဲ့ကြသည်။ အချိန်မှာ သန်းခေါင်ယံ ကျော်ပြီမို့ မြစ်ကြောတလျှောက်မှာလည်း အမှောင်ထုများက ဖုံးလွှမ်းထားသည်။ ထို့ပြင် နှင်းများကပါ ကျနေသောကြောင့် လှေပဲ့ပိုင်းမှ လှေလှော်နေသည့် ဦးဘရှိန်ကိုပင် ကောင်းစွာမမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



တဖက်ကမ်းရောက်တော့ တဲတစ်လုံးအတွင်းမှာ ကိုယ်က ခြစ်ခြစ်တောက် ပူကာ သတိလစ်နေသော နီမောင်ကို တွေ့ရသည်။ မလှမ်းမကမ်းမှာ မီးဖိုရှိပြီး ထိုမှ အပူငွေ့က ရနေသည်။ မီးဖိုပေါ်မှာလည်း ရေနွေးအိုးတစ်လုံးက ဆူနေသဖြင့် ဆေးတိုက်ရန် ပြင်ဆင်လေသည်။

"အဖျားအတော်ကြီးတာပဲ"

"ဟုတ်ပါတယ် ဆရာ"

ဦးဗန်ကောင်းက ဆေးတစ်ခွက်တိုက်ပြီး စောင်များဖြင့် အပေါ်မှ အုပ်ပေးထားသည်။

"နောက်တစ်နာရီလောက်ဆိုရင် အဖျားကျပြီး ချွေးတွေ ထွက်လာလိမ့်မယ်၊ အဲဒီအချိန်ကျရင် သတိပြန်ရလာလိမ့်မယ်၊ ဒါပေမယ့် မနက်ပိုင်းတော့ တစ်ခေါက်လာကြည့်မှ ဖြစ်မယ်၊ ကိုင်း. . . ပြန်ကြရအောင်"

ဦးဗန်ကောင်းက ဆေးလွယ်အိတ်ကို ပြန်သိမ်းပြီး နေရာမှ ထသည်။

"ကျွန်တော့်သားလေး ပြန်ကောင်းလာမှာပါနော်"

"စိတ်ချပါ. . . ခင်ဗျားသား ဘာမှမဖြစ်စေရပါဘူး၊ နောက်တစ်နေ့ ဆွမ်းခံဝင်ချိန်လောက် ရောက်ရင်သာ ကျုပ်ကို တစ်ခေါက်လာခေါ်လှည့်"

ဦးဘရှိန်ကပင် လှေဖြင့် ပြန်ပို့ပေးသည်။ အချိန်ကလည်း အာရုဏ်တက်ချိန် ရောက်လာပြီး အလင်းရောင်ပင် တစွန်းတစ ပေါ်





လာချေပြီ။ မြစ်လယ်လောက် ရောက်မှ ဦးဘရှိန်က ပြောသည်။

"ဆရာကြီးကို တစ်ခုလောက် ပြောချင်လို့ပါ"

"ဘာများလဲဗျ. . . ပြောလေ"

ဦးဗန်ကောင်းက ပြောရင်း တစ်ချက်လှည့်ကြည့်သည်။ လှေလှော်နေသော ဦးဘရှိန်၏မျက်နှာကို မြင်သောအခါ စိတ်ထဲမှာ တစ်မျိုးဖြစ်နေသည်ဟု ထင်မိသည်။

"အလို. . . အခုမှ သေသေချာချာ ကြည့်မိတယ်၊ ခင်ဗျားက သားအတွက်ပဲ ဇောကပ်နေတာကိုး၊ ခင်ဗျားကိုယ်တိုင်ကရော နေကောင်းရဲ့လား၊ တစ်ခုခု ဖြစ်နေသလိုပဲ"

"ကျွန်တော်က နေကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး"

"ဒါထက် စောစောက ခင်ဗျားဘာပြောမှာလဲ. . . ပြောလေ"

"တခြားမဟုတ်ပါဘူး. . . မနက်ဖြန်ကျရင် ဆရာ့ဆီကို ကျွန်တော် မလာနိုင်တော့လို့ ကျွန်တော့်သားလေးကို ဆရာပဲ သွားကြည့်ပေးပါ"

ထိုစကားကြားတော့ ထပ်မံအံ့ဩရပြန်သည်။

"ခင်ဗျားက ဘယ်သွားမှာမို့လဲ"

"ကျွန်တော် ခရီးဝေး သွားစရာရှိလို့ပါ"

"ခင်ဗျားဗျာ. . . ကိုယ့်သားသမီး ဒီလောက် နေမကောင်း ဖြစ်နေတာ၊ သူ့ကို ထားခဲ့ပြီး ဘယ်များ သွားမှာမို့လဲ"

"ရွာပြန်ပြီး သူ့အမေကို အကြောင်းကြားရမှာမို့ပါ"

"ဒါများဗျာ. . . နေမကောင်းတဲ့လူပါ တစ်ခါတည်း ခေါ်သွား



www.burmeseclassic.com

ရင် မပြီးဘူးလား"

"ကျွန်တော်တို့က ကပ္ပနန်းမှာ နေကြတာပါ၊ တစ်ရေတက် တစ်ရေကျ သွားရတာဆိုတော့ ခရီးက ဝေးပါတယ်၊ လမ်းမှာ တစ်ခုခု ဖြစ်မှာစိုးလို့ ခေါ်မသွားတော့ပါဘူး၊ ဆရာကြီးပဲ တစ်ခေါက်လာကြည့် ပေးပါနော်"

ဟု တောင်းတောင်းပန်ပန် ပြောဆိုလေသည်။ ဦးဗန်ကောင်း စိတ်ထဲမှာ တစ်ခုခုတော့ ထူးခြားနေသည်ဟု ထင်နေမိသည်။ တဖြည်း ဖြည်းနှင့် လှေကလေးက စက်စုချောင်းတွင်းသို့ ပြန်ရောက်လာသည်။

"ဒီလိုဆိုရင်လည်း ခင်ဗျား သွားစရာရှိတာကို စိတ်ဖြောင့် ဖြောင့်သာ သွားပါ။ ကျုပ် နေရာလည်း သိပြီဆိုတော့ မနက်လင်းတော့ ကျုပ်ဖာသာပဲ ကူးသွားလိုက်ပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်"

ဦးဘရှိန်က အသံကတုန်ကယင်ဖြင့် ပြောဆိုလေသည်။

"ဒါထက် ခင်ဗျားကြည့်ရတာ နေမကောင်း ဖြစ်နေတယ် မဟုတ်လား"

ဦးဗန်ကောင်းက စိတ်ထဲမှာ မသင်္ကာသဖြင့် ထပ်မေးလိုက် သည်။

"ကောင်း. . ကောင်းပါတယ်"

သို့ကြောင့် ဦးဗန်ကောင်းက ဘာမှထပ်မမေးတော့ပေ။ တံတားဆိပ် ရောက်၍ လှေကပ်ပြီးသောအခါ ဆေးလွယ်အိတ်ကို ယူပြီး အပေါ်သို့ တက်ခဲ့သည်။ ဦးဘရှိန်ကတော့ သူ့ကို နှုတ်ဆက်ပြီး လှေကို





ကပျာကယာ ပြန်လှည့်ထွက်သွားလေသည်။

အရှေ့ဘက်တွင် အလင်းရောင်များ တက်လာပြီ ဖြစ်သော်လည်း ဦးဘရှိန်၏ကျောဘက်ကိုသာ လှမ်းမြင်လိုက်ရတော့သည်။ ဦးဗန်ကောင်း စိတ်ထဲမှာတော့ ဇဝေဇဝါနှင့် ဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၈)

# အမှောင်ထဲမှအကူအညီပေးသူ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် ဦးဇန်ကောင်းသည် လှေသမားတစ်ယောက် ခေါ်ကာ တဖက်ကမ်းသို့ ကူးလာခဲ့လေသည်။ ကမ်းဆိပ်ရောက်တော့ ညက သူ့ကို လာခေါ်သောလှေမှာ ကမ်းဆိပ်၌ ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။ အပေါ်တက်သွားသော်အခါ စောင်ခေါင်းမြီးခြုံပြီး အိပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။ သူတို့ ဝင်လာသည့်အသံ ကြားတော့ ခေါင်းမြီးခြုံကာ မှေးနေသော



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က စောင်ကို ဖွင့်ကြည့်သည်။

"အော်. . . ဆရာကြီးတို့ပါလား"

"မင်းသက်သာသွားပြီလား"

"ဟုတ်ကဲ့. . . အဖျားတော့ ကျသွားပါပြီ"

နီမောင်က လှဲနေရာမှ ထထိုင်သည်။ ဦးဗန်ကောင်းတို့ကို မြင်တော့ အံ့ဩသွားဟန် ရှိနေသည်။ ဦးဗန်ကောင်းက သွေးစမ်းခြင်း၊ ကိုယ်ပူစမ်းခြင်းများ ပြုလုပ်ပြီး ဆေးတစ်ခွက် ထပ်တိုက်လိုက်လေသည်။ နီမောင်က ဆေးသောက်ပြီး တအံ့တဩ မေးသည်။

"ကျွန်တော် နေမကောင်းတာကို ဆရာကြီးက ဘယ်လိုသိလို့ ရောက်လာတာလဲ၊ ဆရာကြီးကို ဘယ်သူလာခေါ်တာလဲဟင်"

"မင်းအဖေ ဦးဘရှိန် လာခေါ်တာပါ။ ညတုန်းက မင်းအပူကြီးပြီး သတိလစ်နေလို့ မသိလိုက်တာပါ။ ဒါထက် မင်းအဖေရော ရွာပြန်သွားပြီလား"

"ဟင်. . . အဖေက ရွာပြန်မလို့ ဟုတ်လား"

"ဟုတ်တယ်ကွယ့်"

ဦးဗန်ကောင်းက ညက အဖြစ်အပျက်များကို ပြောပြလိုက်တော့ နီမောင်မှာ အံ့ဩနေသည်။

"ဒါ. . ဒါဖြင့် အဖေ ဘယ်မှာလဲဟင်"

"ရွာပြန်သွားပြီ ဖြစ်မှာပေါ့"

နီမောင်က တဲအတွင်းမှ လှမ်းမြင်နေရသော တံတားဆိပ်သို့ လှမ်းကြည့်သည်။





"ဟင်. . . တံတားဆိပ်မှာလည်း လှေရှိနေတာပဲ၊ အဖေ မသွားသေးပါဘူး၊ ဒါဖြင့် ဘယ်ရောက်နေပါလိမ့်"

နီမောင်မှာ ဖခင်အတွက် စိတ်ပူသွားလေသည်။ သို့သော်လည်း သူကိုယ်တိုင်မှာ အိပ်ယာမှ မထနိုင်သေးသဖြင့် ဘာမှ မတတ်နိုင်ဘဲ ဖြစ်နေသည်။ ဆေးသောက်ပြီးနောက် တစ်ကျော့ပြန်၍ အိပ်ပျော်သွားရာ ဦးဗန်ကောင်းက စောင်ဖြင့် ခြုံပေးထားလိုက်သည်။

ထို့နောက် အပြင်သို့ ထွက်လာပြီး ဦးဘရှိန်ကို တွေ့လိုတွေ့ငြား လိုက်လံကြည့်ကြသောအခါ မြစ်ကမ်းနံဘေးရှိ လဗပင်ကြီးတစ်ပင်အောက်၌ လူတစ်ယောက် ထိုင်နေသည်ကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့ လျှောက်သွားကြသည်။

"ဟင်. . ."

လဗပင်ကို မှီထိုင်နေသူမှာ နီမောင်ဖခင် ဦးဘရှိန်ပင် ဖြစ်၏။ သူသည် ညက ဝတ်ဆင်ထားသော အဝတ်အစားများကို ဝတ်ဆင်ထားပြီး မြစ်ပြင်ဘက်သို့ မျက်နှာမူ၍ လဗပင်ကို ကျောမှီ၍ ထိုင်နေခြင်းဖြစ်၏။

"သူက ဘယ်သူလဲ ဆရာကြီး"

လှေသမားက မေးသည်။

"ညတုန်းက ဆရာလာခေါ်တဲ့သူပေါ့"

ဟု ပြောကာ ဦးဗန်ကောင်းက အနားကပ်ပြီး ကြည့်လိုက်တော့ ဦးဘရှိန်မှာ အသက်မရှိတော့ပေ။

"ဟင်. . . သူ အသက်မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းက သေတာလဲ ဆရာကြီး"

"အခြေအနေကြည့်ရတာ ညဦးပိုင်းလောက်ကတည်းက သေနေပုံရတယ်"

"ဟင်. . . ဒါဖြင့် ဆရာကြီးကို လာခေါ်သေးတယ်ဆို"

"ဟုတ်တယ်. . . သူ ငါ့ဆီ ရောက်လာတော့ သန်းခေါင်ကျော်နေပြီ"

"သူသေတာ ညဦးပိုင်းအချိန်လောက်လည်း ပြောတယ်၊ ဆရာကြီးကို လာခေါ်တာကလည်း သန်းခေါင်ကျော်ဆိုတော့ ဘယ်လိုအဓိပ္ပာယ်လဲ ဆရာကြီး"

လှေသမားက နားမလည်စွာ မေးသဖြင့် ဦးဗန်ကောင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါဟာ အလွန်ဆန်းကြယ်တဲ့ကိစ္စမျိုးပဲ၊ ဒီလူဟာ ညဦးပိုင်းကတည်းက သေနေတာ၊ သူ ငါ့ကို ပြန်ပို့တော့ မိုးလင်းကာနီးနေပြီ၊ တကယ်လို့ အဲဒီနောက်ပိုင်းမှ သေတယ်ဆိုရင် သူ့အသားအရေက ဒီလိုဖြစ်မှာ မဟုတ်သေးဘူး၊ တကယ်တော့ မိဘမေတ္တာပေါ့ကွာ၊ သူ့ကြည့်ရတာ အဆိပ်ထိပြီး သေရပုံရတယ်၊ သူသေကာနီးမှာ သားအတွက် စိုးရိမ်သောကတွေ ရောက်နေပုံရတယ်၊ ဒါကြောင့် သေပြီးတာနဲ့ ချက်ချင်း ငါ့ဆီ ရောက်လာခဲ့တာပဲ"

"ဟင်. . ."

"ဒါကြောင့် ညက သူ့ကို မြင်တော့ တစ်ခုခုတော့ ထူးခြားပါတယ်လို့ ထင်နေတာ၊ အခုမှပဲ အဖြေပေါ်သွားတော့တယ်၊ ဒီအချိန်





လောက်ဆိုရင် သူ့ရဲ့ဝိညာဉ်က သူ့ရွာက လူတွေဆီ ရောက်နေတော့မယ်"

ဦးဗန်ကောင်းက စိတ်မကောင်းစွာဖြင့် ရေရွတ်ပြောဆိုနေလေသည်။

"ဒါမျိုးတွေက တကယ်ရော ရှိသလား ဆရာကြီး"

"ရှိတာပေါ့ကွာ. . . အများအားဖြင့်တော့ သားသမီး သံယောဇဉ် သိပ်များတဲ့ မိဘတွေနဲ့ ချစ်သူအပေါ်မှာ စွဲလန်းမှု များတဲ့သူတွေဟာ လူသေသွားတာတောင် ဝိညာဉ်က ဒီအတွက် လုပ်ပေးလေ့ရှိကြတယ်၊ အော်. . ကိုဘရှိန်. . ကိုဘရှိန်၊ သူသေတော့မယ့်အချိန်မှာ သူ့အတွက် မတွေးနိုင်ပဲ သားအတွက်ပဲ တွေးနေရှာတယ်. . . သနားစရာပါပဲကွာ"

ထိုသို့ပြောဆိုနေကြစဉ် ဦးမွန်ထော်တို့တစ်တွေနှင့် စောထီးနှင့် ငမဲအောင်တို့ ရောက်လာကြသည်။ သူတို့မှာ ဦးဘရှိန်အဖြစ်ကို မြင်သောအခါ စိတ်မကောင်း ဖြစ်ကြရလေသည်။

"ဦးဘရှိန် ပိုးထိခံရတာ ဆရာကြီး၊ သူ့လက်မှာ အစွယ်ရာနှစ်ချက်တွေ့ရတယ်"

ဟု စောထီးက ပြောသည်။

နေ့လည်ဘက် ရေကျချိန်တွင် သူတို့တဲဆိပ်သို့ လှေတစ်စင်း ဆိုက်ကပ်လာသည်။

"ဒီတဲက ဦးဘရှိန်တို့ နီမောင်တို့ တဲလားရှင်"

"ဟုတ်ပါတယ်"

ငမဲအောင်က ထွက်ပြောသဖြင့် အပေါ်တက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘရှိန်အလောင်းကို မြင်သောအခါ သည်းထန်စွာ ငိုကြွေးကြသည်။ ရောက်လာကြသူများမှာ အခြားမဟုတ်ပဲ ၎င်းတို့၏မိသားစုများပင်ဖြစ်၏။

"ညက သူကိုယ်တိုင် လာပြောသွားတာပါတော်၊ မင်းသား အတော်နေမကောင်း ဖြစ်နေလို့ သွားကြည့်လိုက်ပါတဲ့၊ သူ့အကြောင်း တော့ ဘာမှပြောမသွားဘူး၊ ဖြစ်ရလေ ကိုဘရှိန်ရဲ့"

ဟု ပြောဆိုငိုကြွေးကြလေသည်။

နောက်တော့ ဦးမွန်ထော်တို့ကပင် ကမကထ ပြုလုပ်ကာ ဦးဘ ရှိန်အလောင်းကို သင်္ဂြိုဟ်လိုက်ကြသည်။ ဦးဘရှိန် ရက်လည်ပြီးသော အခါ မိခင်ဖြစ်သူက အလုပ်သိမ်းပြီး ရွာပြန်လိုက်ခဲ့ရန် ပြောသော်လည်း နီမောင်က လက်မခံပေ။

"အဖေ လုပ်ခဲ့တဲ့အလုပ်ကို တစ်နှစ်တစ်ဝါတော့ ပြီးအောင် လုပ်မယ် အမေ၊ ကျွန်တော်အတွက် ဘာမှစိတ်မပူပါနဲ့၊ စောထီးတို့ ငမဲအောင်တို့နဲ့ အတူသွားနေပြီး လုပ်မှာပါ"

"ဒီလိုဖြင့် မင်းတစ်ယောက်ထဲတော့ ငါစိတ်မချဘူး၊ ရွာပြန်ပြီး တော့ စီစဉ်စရာ စီစဉ်ပြီးရင် ငါပြန်လာခဲ့မယ်"

ဟု ပြောကာ မိခင်ဖြစ်သူမှာ ရွာသို့ ပြန်သွားလေတော့သည်။ နီမောင်လည်း မိမိတို့တဲကို ဖျက်၍ စောထီးတို့နေရာသို့ ရွှေ့သွားလေ တော့သည်။

ဦးမွန်ထော်က နီမောင် အလုပ်ဆင်းလျှင် အဖော်ရစေရန် မောင်ထွေးကို လာပို့ပေးထားသည်။ သို့ကြောင့် နီမောင်မှာ အလုပ်ဆင်း





လျှင် တစ်ယောက်တည်း မဟုတ်တော့ပဲ မောင်ထွေးက အဖော်ရှိနေ လေသည်။ မောင်ထွေးမှာ သတ္တိခေသူ မဟုတ်ပေ။

တဈေသူရဲများကို ကြောက်ရွံ့တတ်သူ မဟုတ်သဖြင့် နီမောင့် အတွက်တော့ အဖော်ကောင်း ရလေသည်။ တစ်ညတော့ ချောင်းထဲမှာ ပိုက်ထောင်ရန် ပြင်ဆင်နေကြစဉ် ကမ်းစပ်တောထဲမှ ခြေသံများကို ကြားရသည်။

"မောင်ထွေး. . . မင်းကြောက်တတ်သလား"

"ဘာကြောက်စရာရှိသလဲ အစ်ကိုရဲ့"

"သရဲတစ္ဆေ မကြောက်ဘူးလား"

"သူတို့က ကိုယ့်ကို ဘာလုပ်နိုင်မှာမို့ ကြောက်ရမှာလဲ"

"သရဲခြောက်တော့ ကြောက်စရာတွေ တွေ့တော့ လူတွေက ကြောက်ကြလန့်ကြတယ်၊ မင်းရော မကြောက်ဘူးလား"

"မကြောက်ပါဘူး"

မောင်ထွေးက ဒါပဲပြောပြီး လုပ်စရာရှိတာ လုပ်နေသည်။ နီမောင်ကတော့ မောင်ထွေးကို ကြည့်ပြီး သဘောကျနေလေသည်။ နှစ်ယောက်သား ပိုက်ထောင်ထားပြီးသောအခါ နားချိန်ရကြသဖြင့် အသင့်ယူလာသော မီးခွက်ကို ထွန်းထားပြီး အစားအသောက်များကို စားသောက်ကြသည်။

အစားအသောက်ကလည်း ထွေထွေထူးထူး မဟုတ်ပဲ ထမင်း နှင့်ဟင်းပင် ဖြစ်သည်။ ယောကျ်ားများချည်း နေကြသဖြင့် ထမင်းနှင့် ဟင်းကို ဖြစ်သလိုသာ ချက်ပြုတ်ကြရသည်။ ခံတွင်းမြိန်စေရန် အစပ်



www.burmeseclassic.com

www.burmeseclassic.com



အပျော် တည့်ဖို့မလိုပဲ ဝမ်းပြည့်ရန် စားဖြစ်စေရန်သာ ချက်ကြရခြင်းဖြစ်သည်။

ရေတက်လာချိန်မှစ၍ ရေပြည့်ချိန်အထိ သူတို့အတွက် နားချိန် ရကြသည်။ ထိုသို့ ပိုက်ထောင်ထားစဉ် ကမ်းစပ်မှ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသောခြေသံကို အတိုင်းသား ကြားနေရသည်။ တောများ အုံ့ဆိုင်းနေသည်က တစ်ကြောင်း၊ အမှောင်ထုက ဖုံးနေသည်က တစ်ကြောင်းကြောင့် တောစပ်သို့ လှမ်းမမြင်ရသော်လည်း တောစပ်တွင် မှန်မှန်လျှောက်နေသော ခြေသံကိုတော့ အတိုင်းသား ကြားနေရသည်။

"အစ်ကို. . . တောထဲမှာ လျှောက်နေတာ ဘာကောင်လဲ မသိဘူး"

"တောတိရစ္ဆာန် ဖြစ်မှာပေါ့ကွာ"

"ဒီခြေသံက တိရစ္ဆာန်ခြေသံမျိုး မဟုတ်ဘူး၊ လူတစ်ယောက် လျှောက်နေတဲ့ခြေသံမျိုးပဲ"

"ဒီအချိန်တော့ တောထဲမှာ ဘယ်သူမှ ရှိမှာမဟုတ်ပါဘူးကွာ"

ထိုသို့ပြောဆိုကာ စားသောက်ပြီးကာနီးအချိန်တွင် ကမ်းစပ်လမုကိုင်းပေါ်သို့ မည်းမည်းပုပု သတ္တဝါတစ်ကောင် တက်လာသည်။ နီမောင်တို့ ရှိနေသောနေရာနှင့် မဝေးလှသဖြင့် အတိုင်းသား လှမ်းမြင်ရသည်။ သဏ္ဍာန်ကတော့ မျောက်လိုလို လူလိုလို သဏ္ဍာန်မျိုးဖြစ်သည်။

"ဟိုအပင်ပေါ်က ဘာကောင်လဲ အစ်ကို"

"ငါလည်း မသိဘူး"





"သရဲခြောက်တယ်ဆိုတာ ဒီအကောင်မျိုးလား"

"ဟုတ်ချင်ဟုတ်မှာပေါ့"

မည်းမည်းအကောင်က တစ်ကိုယ်လုံး သဲသဲကွဲကွဲ မမြင်ရသော်လည်း နီရဲနေသည့် မျက်လုံးနှစ်လုံးကိုမူ အတိုင်းသား မြင်နေရသည်။ နီနီရဲရဲ မျက်လုံးနှစ်လုံးမှာ အကောင်အရွယ်အစားနှင့် မမျှအောင် ကြီးလှပေရာ လင်ကွင်းငယ်တမျှ ရှိလေသည်။ ခေါင်းက ကြီးကြီး၊ ကိုယ်က သေးသေး သတ္တဝါမှာ သူတို့ရှိရာသို့ ငုတ်တုတ် ထိုင်ကြည့်နေရာမှ လက်ဖြန့်တောင်းသည်။

နီမောင်တို့ စားသောက်နေသည့် အစားအသောက်များကို လှမ်းတောင်းနေပုံရသည်။ နီမောင်က မသိချင်ယောင် ဆောင်နေလိုက်သည်။ မောင်ထွေးကလည်း တစ်ချက်လှမ်းကြည့်ပြီး ထမင်းကို ပြီးအောင် ဆက်စားသည်။ ထိုအခါ သစ်ပင်ပေါ်မှ သတ္တဝါက ဒေါပွလာပြီး ၎င်းပါးစပ်တွင်းမှ လျှာကို အောက်သို့ ချလိုက်ရာ ဖျာလိပ်ကို ဖြေချလိုက်သကဲ့သို့ ရေပြင်ရောက်သည်အထိ ရှည်ကျလာသည်။

၎င်းလျှာကြီးက တယမ်းယမ်းနှင့် သူတို့လှေရှိရာသို့ ရောက်လာတော့မည့်ဟန်မျိုး ဖြစ်သည်။ နီမောင်က ထမင်းကို လက်စသတ်လိုက်ပြီးနောက် နံဘေးနားမှာ ချထားသော ဓါးရှည်ကို ကိုင်ထားလိုက်သည်။ အကယ်၍ ထိုလျှာကြီး အနားရောက်လာပါက ဓါးဖြင့် ပိုင်းရန် အဆင်သင့် ပြင်ထားလေသည်။ ထိုအခိုက်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုက ပေါ်လာလေတော့သည်။

ထိုသတ္တဝါ ရှိနေသော လမုပင်ပေါ်သို့ နောက်ထပ် မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်တစ်ကောင် တက်လာပြီး တိုက်ခိုက်လေရာ နှစ်ကောင်သား လုံးထွေးသတ်ပုတ်ကာ ရေထဲသို့ ကျသွားလေတော့သည်။

"ဝုန်း. . ."

နီမောင်တို့နှစ်ယောက်မှာ ထိတ်လန့်ဖွယ်ကောင်းလှသော မြင်ကွင်းကို တအံ့တသြ ကြည့်နေကြသည်။ ရေထဲ ကျသွားသော မည်းမည်းသဏ္ဍာန်နှစ်ကောင်မှာ အကြိတ်အနယ် သတ်ပုတ်နေကြကြောင်း ရေပြင်ပေါ်မှာ ထနေသော ရေလှိုင်းများကို ကြည့်ရုံနှင့် သိနိုင်ကြသည်။

အတန်ကြာသောအခါ ၎င်းတို့ကို ခြောက်လှန့်ခဲ့သော မည်းမည်းပုပုသဏ္ဍာန်မှာ ကြောက်လန့်တကြား အမူအယာဖြင့် ရေထဲမှ ပေါ်လာပြီးနောက် ကမ်းပေါ်သို့ တက်ပြေးသွားလေတော့သည်။ ၎င်း ပြေးသွားရာ လမ်းတလျှောက်မှာ သစ်ပင်သစ်ကိုင်းများ လှုပ်ယမ်းကျန်နေခဲ့သည်ကို အတိုင်းသား လှမ်းမြင်လိုက်ရသည်။ အတန်ကြာတော့မှ ရေထဲမှ မည်းမည်းသဏ္ဍာန် ပေါ်လာကာ ကမ်းစပ်ပေါ်သို့ တက်သည်။ ကမ်းစပ်ပေါ် ရောက်သောအခါ သူတို့ ရှိရာဘက်သို့ အတန်ကြာအောင် ရပ်ကြည့်နေပြီးမှ တောထဲသို့ ပြန်ဝင်သွားလေသည်။ ၎င်းဝင်သွားပြီး မရှေးမနှောင်းမှာပင် တောစပ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသောခြေသံကို ကြားကြရပြန်သည်။

"ဒါ စောစောက ကြားရတဲ့ခြေသံပဲ"

မောင်ထွေးက ပြောသည်။

"အေး. . . ဟုတ်တယ်"

"ဒါဖြင့် စောစောက ပြန်တက်သွားတဲ့ မည်းမည်းသဏ္ဍာန်ရဲ့





ခြေသံဖြစ်မှာပေါ့နော်"

"ဖြစ်နိုင်တာပေါ့ကွ"

"ဒီလိုဖြင့် စောစောက လမုကိုင်းပေါ်က လာခြောက်နေတဲ့ သရဲကို နှင်ထုတ်လိုက်တာလဲ သူပဲ ဖြစ်မှာပေါ့နော်"

"ဖြစ်နိုင်တာပေါ့ကွ. . . ငါကတော့ သေသေချာချာ ဘယ်သိပါ့မလဲ"

ထိုနေ့က ရေပြည့်ချိန်အထိ နောက်ထပ် အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ရပဲ အေးအေးဆေးဆေး အလုပ်လုပ်နိုင်ကြရာ ပိုက်ဖော်ပြီးသောအခါ ငါးပုစွန်များ မြောက်မြားစွာ ရကြလေသည်။

သူတို့လှေ ချောင်းတွင်းမှ ပြန်ထွက်လာသောအခါ ကမ်းစပ်မှ တလျှောက်လုံး ကြားနေရသော ခြေသံလည်း ပျောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

# စွဲလန်းမှုသံယောဇဉ်

နံနက်ပိုင်းအချိန် ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်တို့ ပြန်ရောက်လာသောအခါ နီမောင်က ညက ကြုံခဲ့ရသောအကြောင်းများကို ပြန်ပြောပြလိုက်သည်။

ထိုအခါ ဦးမွန်ထော်က လက်ဖက်ရည်ကြမ်း သောက်ရင်း ပြောပြလိုက်သည်။

"ငါတို့ကလည်း အလုပ်သာ ဆင်းနေကြရပေမယ့် မင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဖြောင့်လှပါဘူးကွာ၊ ဒီပုံအတိုင်းဆိုရင်တော့ မင်းကို ပရလောကသားတစ်ယောက်က ကူညီစောင့်ရှောက်ပေးနေပုံ ရတယ်"

ဟု ဦးမွန်ထော်က ပြောသည်။

"ဒီလို အကူအညီပေးလို့ ရသလား အဘထော်"

"ပရလောကသားက လူကို အကူအညီပေးခဲ့တဲ့ အဖြစ်အပျက်တွေ အများကြီး ရှိခဲ့တယ်"

"ကျွန်တော်တို့ကို တစ်ခုလောက် ပြောပြပါလား အဘထော်"

ငမဲအောင် စကားကြောင့် ဦးမွန်ထော်က ရေနွေးကြမ်း ပန်းကန်ကို ပြန်ချထားလိုက်သည်။

"ပရလောကသားတွေဟာ ရှုတွေ မဆိုထားနဲ့၊ ရှေးခေတ်က ရှင်ဘုရင်ဆီမှာတောင် အမှုထမ်းခွင့် ရတာတွေ ရှိခဲ့တယ်၊ ရှေးက အကြောင်းတစ်ခုကို ငါပြောပြမယ်"

ဟု ရှေးဟောင်းအဖြစ်အပျက်တစ်ခုကို ပြောပြလေသည်။

နောင်တော်မင်းတရားကြီး လက်ထက်တော်၌ ငဘတ်ချောင်းဗိုလ် ခေါ် ဥဒိန်ကျော်ခေါင်သည် စစ်မှုထမ်းကောင်းသူတစ်ယောက်ဖြစ်သော်လည်း အမှုထမ်းကောင်း ဘွဲ့ထူးဂုဏ်ထူးများ မရခဲ့ပေ။

တစ်နေ့တော့ ဥဒိန်ကျော်ခေါင်သည် တိုက်ပွဲတစ်ခုတွင် ကျဆုံးသွားခဲ့သည်ကို မင်းကြီးက မသိရှာပေ။ တစ်နေ့သ၌ ဘုရင်မင်းကြီး စက်တော်ခေါ်နေမိုက် ခြေထောက်ကို လှုပ်နှိုးသဖြင့် ထကြည့်ရာ သလွန်ခြေရင်း၌ ရပ်တန့်နေသော ဥဒိန်ကျော်ခေါင်၏ပုံရိပ်ကို ဝိုးတဝါး တွေ့မြင်ရသည်။





မင်းကြီးက အကျိုးအကြောင်း မေးမြန်းသောအခါ. . .

"ကျွန်တော်မျိုး တိုက်ပွဲမှာ ကျဆုံးခဲ့ရပြီး တစ္ဆေဘဝသို့ ရောက်ရှိရပါပြီ၊ သို့ကြောင့် တစ္ဆေဘဝနှင့်ပင် အမှုတော်ကို ဆက်လက်ထမ်းရွက်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်ဘုရား"

ဟု လျှောက်ထားသဖြင့် မင်းကြီးလည်း ဥဒိန်ကျော်ခေါင်အပေါ်မှာ ယုံကြည်စိတ်ချတော်မူသဖြင့် လေသာဆောင်မှာ နေထိုင်၍ အမှုတော် ထမ်းရွက်စေဟု အမိန့်တော် ချမှတ်လေသည်။ ဥဒိန်ကျော်ခေါင်လည်း တစ္ဆေဘဝနှင့်ပင် ကောင်းမွန်စွာ အမှုတော် ထမ်းရွက်လေသည်။

တစ်နေ့သောအခါ အင်းဝမြို့မှ မုတ္တမသို့ စေလွှတ်ထားသော မြင်းသည်ကျော် ငသားနှင့်ငရွှမ်းတို့နှစ်ယောက်မှာ ပြန်ရောက်ချိန် သင့်ပါလျက် ပြန်မရောက်လာသဖြင့် မင်းကြီးမှာ များစွာစိတ်ပူပန်မှု ရှိလေသည်။

သို့ကြောင့် ဥဒိန်ကျော်ခေါင်ကို ခေါ်၍ သွားရောက်ကြည့်ရှု၍ အခြေအနေကို လျှောက်ထားရမည်ဟု အမိန့်ချမှတ်ရာ ထွက်သွားပြီး ညီလာခံ မကွဲခင်မှာ ပြန်ရောက်လာသည်။ မြင်းသည်ကျော်တစ်ဦး အနေဖြင့် ရက်ပေါင်းများစွာ သွားရမည့်ခရီးလမ်းက တစ္ဆေဝိညာဉ်က မိနစ်ပိုင်းအတွင်း ပြန်ရောက်လာနိုင်ခြင်း ဖြစ်၏။

"အကြောင်းထူး မရှိပါဘူးဘုရား၊ ငသားနှင့်ငရွှမ်းတို့ ပြန်လာနေကြပါပြီ ဘုရား"

"ဘယ်နေရာမှာ တွေ့ခဲ့သလဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တောင်ငူမြို့ ခပေါင်းမြစ်ချောင်းထိပ်မှာ ရှိတဲ့ မန်ကျည်းပင်အောက်မှာ ထမင်းချက်နေသည်ကို မြင်ခဲ့ရပါသည် ဘုရား"

"နင်တွေ့ခဲ့တယ်ဆိုတာ ဘယ်လို သက်သေပြနိုင်မလဲ"

"ဘုရားတပည့်တော် သူတို့ နားနေတဲ့ မန်ကျည်းပင်ပေါ် တက်ပြီး အပေါ်ကနေ မန်ကျည်းကိုင်း ချိုးချခဲ့ပါတယ်ဘုရား၊ ဟုတ်မဟုတ် ရောက်လာတဲ့အခါမှာ မေးမြန်းကြည့်တော်မူပါ"

ဟု လျှောက်ထားလေသည်။

နောက်တစ်နေ့တွင် သားနှင့်ရွှေမှီးတို့ ပြန်ရောက်လာသဖြင့် မေးမြန်းကြည့်သောအခါ ဥဒိန်ကျော်ခေါင်တစ္ဆေ လျှောက်တင်သည့်အတိုင်း အမှန်ဖြစ်ကြောင်း သိရလေသည်။

"မှန်လှပါဘုရား. . . တောင်ငူမြို့ ခပေါင်းချောင်းအနီး မန်ကျည်းပင်ကြီးအောက်မှာ ထမင်းချက်နေတုန်း အပေါ်က မန်ကျည်းကိုင်းတစ်ခု ချိုးချတာကို ခံခဲ့ရပါတယ် ဘုရား"

ထိုအချိန်မှစ၍ ဘေတ်ချောင်းဗိုလ်ခေါ် ဥဒိန်ကျော်ခေါင်တစ္ဆေမှာ ခရီးဝေး စေလွှတ်ခြင်းကိစ္စများ၌သော်လည်းကောင်း၊ လျှို့ဝှက်ကိစ္စများကို သိစေရန် ကြည့်ရှုစေရန်၌လည်းကောင်း များစွာ အသုံးပြု၍ ရခဲ့လေသည်။ ဥဒိန်ကျော်ခေါင်ကြောင့် လျှို့ဝှက်ကိစ္စများကြိုတင်သိရှိရလေရာ တိုင်းရေးပြည်ရာအတွက် များစွာအကျိုးရှိခဲ့လေသည်။

နောင်သောအခါ ဥဒိန်ကျော်ခေါင်ကြောင့် စစ်ပွဲတစ်ခု အောင်မြင်ပြီးနောက်တွင် ၎င်းကလည်း အခြားအမှုထမ်း၊ အရာထမ်းများ နည်းတူ ဘွဲ့တံဆိပ်တော် ချီးမြှင့်ပေးပါရန် လျှောက်ထားအသနားခံလေသည်။





ထိုအခါ မင်းတရားကြီးက. . .

"မောင်မင်း ဘွဲ့တံဆိပ်တော်ကို လိုချင်ရင် ကိုယ်ထင်ပြပြီး တောင်းခံလော့"

ဟု အမိန့်ချသည်။

"ဘုရားတပည့်တော်၏ကိုယ်ကာယ ပုံပန်းသဏ္ဌာန်မှာ မတင့်တယ်ခြင်းနှင့် ကြောက်ရွံ့ဖွယ် ရှိပါသဖြင့် မပြဝံ့ပါဘုရား"

ဟု ပြန်လည်လျှောက်ထားလေသည်။

သို့ကြောင့် မင်းတရားကြီးက 'ဇဝနယက္ခကျော်ခေါင်' ဟူသောဘွဲ့တော်ကို ရွှေပြားပေါ်မှာ ရေး၍ မင်းတရားကြီးရှေ့၌ ကလပ်ပေါ်တင်ထားလေသည်။

"ဘွဲ့တံဆိပ်တော် ယူလော့"

ထိုအခါ အကောင်အထည် မမြင်ရပဲ ဘွဲ့တံဆိပ်တော် ချည်ထားသောကြိုးကို ယူငင်သွားပြီး ရွှေနန်းတော်၏လေသာဆောင် ထုပ်တန်းပေါ်မှာ တင်ထားသည်ကို မှူးမတ်ပရိသတ်များ အားလုံးတွေ့မြင်ကြရလေသည်။

မင်းတရားကြီး နတ်ရွာစံပြီးနောက်ဝယ် ဥဒိန်ကျော်ခေါင် တစ္ဆေလည်း ပျောက်ကွယ်သွားလေတော့သည်။

"ဒီအဖြစ်အပျက်ကို ကြည့်ရင် တစ္ဆေသရဲတွေက လူတွေကိုအနှောင့်အယှက်ပေးနိုင်သလို အကူအညီပေးနိုင်တယ်ဆိုတာ သိကြ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ"

"အတော်ဆန်းကြယ်တာပဲ"

"ဒါမျိုးတွေက မြတ်စွာဘုရားလက်ထက်တော်ကတည်းက ရှိခဲ့သလို ရှေးမင်းတွေ လက်ထက်တွေမှာလည်း အများကြီး ရှိခဲ့တာပဲ၊ အခုလည်း ဒါတွေက ရှိနေသလို နောင်ကာလတွေမှာလည်း ရှိနေဦးမှာပဲ၊

ဘာကြောင့်လဲဆိုတော့ လူတွေ ရှိနေသရွေ့ ဝိညာဉ်တွေ ရှိမယ်၊ ဝိညာဉ်တွေ ရှိနေသမျှ ပရလောကသားတွေ၊ နာနာဘာဝတွေ ဆိုတာ အမြဲရှိနေဦးမှာပဲ"

"ဒါဖြင့် နီမောင်ကို အကူအညီပေးတာ တစ္ဆေသရဲ တစ်ကောင်ကောင် ဖြစ်မှာပေါ့နော် အဘ"

"တောထဲမှာ ဒါ့အပြင် ဘာရှိမှာလဲကွာ"

ဟု ပြောပြလေသည်။

နောက်ပိုင်းရက်တွေမှာလည်း နီမောင် အလုပ်ဆင်းသည့်အခါ ချောင်းကမ်းပါးတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသောခြေသံများကို ကြားနေရပြီး အခြောက်အလှန့်တော့ မခံရတော့ပေ။

နီမောင်ကိုယ် တိုင်ကလည်း ထိုခြေသံကို မကြောက်တော့ပေ။ မကြောက်သည့်အပြင် ထိုခြေသံ ကြားနေရသည်ကိုပင် အားရှိသလို ခံစားရသည်။

နောက်(၁၅)ရက်ခန့် ကြာသောအခါ နီမောင် မိခင်နှင့် နှမတစ်ယောက် ရောက်လာသဖြင့် အားလုံးအဆင်ပြေသွားလေသည်။



မိုးဦးကျ မတိုင်ခင် လုပ်ငန်းများ သိမ်းကြရသည်မို့ တဖြည်းဖြည်းနှင့် အလုပ်သိမ်းကြရမည့်အချိန်ကလည်း နီးလာချေပြီ၊ တစ်နေ့တော့ မိခင်ဖြစ်သူက မေးသည်။

"မင်းအဖေနဲ့ တွေ့သေးလား"

"ဟင့်အင်း. . . တစ်ခါမှ မတွေ့ရဘူး"

"သူ မကျွတ်သေးဘူး၊ ဒီနေရာတဝိုက်မှာပဲ ရှိတယ်လို့ ငါ့ကို အိပ်မက်ပေးတယ်"

"ကျွန်တော်တော့ တစ်ခါမှ မတွေ့ရသေးဘူး"

"တကယ်လို့ တွေ့ရင် အမျှအတန်း ဝေပေးလိုက်ပါကွယ်၊ သူက မင်းအပေါ်မှာ သံယောဇဉ် ရှိရှာတယ်"

ဟု အမေက မျက်ရည်လေး အဝိုင်းသားဖြင့် ပြောသည်။

တစ်နေ့တော့ ချောင်းစပ်ထဲမှာ အလုပ်ဆင်းရင်းနှင့် ထူးခြားမှုတစ်ခုနှင့် ကြုံရလေသည်။

ထိုနေ့က ကမ်းစပ်မှာ လျှောက်နေသော ခြေသံကို မကြားရဘဲ အဝေးမှ ခေါ်သံသဲ့သဲ့ကို ကြားရလေသည်။

"အစ်ကိုရေ. . . အစ်ကို. . ."

ထိုခေါ်သံကြားသည်နှင့် ခင်လေးညိုခေါ်သံ ဖြစ်မှန်း စိတ်ထဲမှ မှတ်မိလေသည်။ လှမ်းကြည့်လိုက်တော့ အဝေးမှ လာနေသော ခင်လေးညိုကို လှမ်းမြင်ရသည်။

"အစ်ကိုရေ. . . ကျွန်မဆီကို လာခဲ့ပါ အစ်ကိုရယ်၊ ကျွန်မ အစ်ကိုနဲ့ မခွဲနိုင်ဘူး၊ အတူတူနေဖို့ လာခဲ့ပါနော်"

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံက တဖြည်းဖြည်း နီးလာသလို ခင်လေးညို၏ပုံရိပ်ကိုလည်း မျက်စိထဲမှာ ပီပြင်စွာ မြင်လာရသည်။ တဖြည်းဖြည်းနှင့် ခင်လေးညိုက ကမ်းစပ်သို့ ရောက်လာသည်။ ကမ်းစပ်မှာ ရပ်၍ နီမောင်ကို လက်ယပ်ခေါ်နေလေသည်။

"အစ်ကို. . . လာပါ အစ်ကိုရယ်၊ ကမ်းပေါ် တက်လာခဲ့ပါ"

"မင်းက ဘယ်နေရာ ရောက်နေတာလဲဟင်"

"ကျွန်မက အစ်ကိုရှိတဲ့နေရာကို တကောက်ကောက် လိုက်နေတာပဲပေါ့၊ ဒါပေမယ့် အနှောင့်အယှက်တွေက များတော့ လာချင်တိုင်း လာလို့မရဘူး၊ အစ်ကိုသာ ကျွန်မဆီကို လာခဲ့ပါနော်"

ဟု ဖွတ်အတင်းခေါ်နေလေသည်။ နီမောင် စိတ်ထဲမှာ ချီတုံချတုံ ဖြစ်နေလေသည်။

ထိုအခိုက်မှာ ခင်လေးညို့နောက်ကနေမှ မည်းမည်းသဏ္ဍာန် တစ်ယောက် ရောက်လာသည်။

"နင်လာပြန်ပြီလား၊ လူ့ဘဝတုန်းက ငါတို့ချစ်ခြင်းကို ခွဲဖို့ ကြံစည်တာနဲ့ မြွေနဲ့ တိုက်သတ်ခဲ့လို့ သေတာ မမှတ်သေးဘူးလား"

ခင်လေးညိုက ဒေါသတကြီး ပြောလိုက်သော်လည်း မည်းမည်းသဏ္ဍာန်က နောက်မဆုတ်ပေ။

"အခုလည်း လာပြီးနှောင့်ယှက်ပြန်ပြီ၊ ဒီတစ်ခါ ထပ်ပြီးသေချင်ပြန်ပြီလား"

"နင် သူ့ကို ခေါ်လို့မရဘူး"

မည်းမည်းသဏ္ဍာန်က အသံသြသြဖြင့် ပြောလိုက်သည်။





"နင်နဲ့သူနဲ့ ဘဝခြားသွားပြီ၊ ဘာမှမဆိုင်တော့ဘူး၊ အဲဒီတော့ ငါတို့ကို မနှောင့်ယှက်နဲ့. . . ဝေးဝေးသွားနေတော့"

"မသွားနိုင်ဘူး. . . ငါ လူ့ဘဝတုန်းက ဒုက္ခပေးခဲ့တဲ့ နင့်ကို ပြန်ပြီးကလဲ့စားချေရမှ အေးမယ်"

ဟု ပြောကာ ခင်လေးညို လည်ပင်းကို ညှစ်လေရာ ခင်လေးညိုကလည်း ပြန်သတ်လေသည်။

ထိုသို့သတ်ရင်းမှပင် ခင်လေးညိုမှာ မူလရုပ်သွင် ပျောက်သွားပြီးနောက် ကြောက်မက်ဖွယ် အသွင်သဏ္ဍာန် ဖြစ်လာတော့သည်။ ကြောက်စရာကောင်းသော သဏ္ဍာန်နှစ်ခု သတ်ပုတ်နေသည်မှာ တောထဲ၌ ဆူညံနေတော့သည်။

နီမောင် မျက်စိထဲမှာ ထိုမြင်ကွင်းကို ကောင်းစွာမြင်တွေ့နေရသည်။

အချိန်အတော်ကြာသည့်တိုင်အောင် လုံးထွေးသတ်ပုတ်နေကြပြီးနောက် ခင်လေးညိုအဖြစ်မှ အသွင်ပြောင်းနေသော သရဲမှာ အော်ဟစ်ကာ ထွက်ပြေးသွားတော့သည်။

ထိုသို့ပြေးရာနောက်သို့ မည်းမည်းသဏ္ဍာန်ကြီးကလည်း ထပ်ကြပ်မကွာ လိုက်သွားလေတော့သည်။

အတန်ကြာသောအခါ တောတစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။ ထိုအခါမှ နီမောင်မှာ သတိရသလို ဖြစ်လာတော့သည်။

"အစ်ကို. . . အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွေးက အနားမှ လာနှိုးသည်။

"အစ်ကို အစ်ကိုနီမောင်"

"ဟင်. . ."

"အစ်ကို နိုးပြီလား၊ အိပ်နေရင်းနဲ့ ဘာဖြစ်နေတာလဲ"

"အော်. . . အေး. . . ရေပြည့်ပြီလား"

နီမောင်က ပြောရင်း လှဲနေရာမှ ထသည်။ ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းနေပြီး တိတ်ဆိတ်ငြိမ်သက်နေသည်။ နီမောင်က စောစောက အိပ်မက်ထဲတွင် မည်းမည်းသဏ္ဍာန်ကြီးများ သတ်ပုတ်နေသောနေရာသို့ လှမ်းကြည့်သည်။ ဘာမှမတွေ့ရပေ။

"စောစောက အစ်ကို အိပ်ပျော်နေတုန်းက ဟိုတောစပ်မှာ ဆူညံနေတာပဲ"

"ဟေ. . . ဘယ်လို ဆူညံနေတာလဲ"

"လူနှစ်ယောက် လုံးထွေးသတ်ပုတ်နေတဲ့ အသံမျိုးတွေ အတိုင်းသား ကြားနေရတယ်"

"ဟင်. . ."

"အဲဒါ. . . လှမ်းကြည့်တော့လည်း သိပ်မသဲကွဲဘူး၊ သစ်ပင် သစ်ကိုင်းတွေကြားမှာ မည်းမည်းသဏ္ဍာန်နှစ်ကောင် သတ်ပုတ်နေတာပဲ တွေ့ရတယ်"

"ဘယ်. . ဘယ်နေရာမှာလဲ"

မောင်ထွေးက တောစပ်တစ်နေရာသို့ လက်ညှိုးထိုးပြသည်။ ထိုနေရာသည် သူအိပ်မက်ထဲမှာ တွေ့မြင်ခဲ့ရသောနေရာပင်ဖြစ်သည်။





"နောက်တော့ ဘာဖြစ်သေးလဲ"

"နောက်တော့ တောထဲကို ပြေးသွားတဲ့အသံတွေပဲ ကြားလိုက်ရတယ်၊ တခြားတော့ ဘာမှမကြားရတော့ဘူး"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။ ဒီလိုဖြင့် ခင်လေးညိုသည် သူ့ကို လာရောက်လှည့်စားနေသော ပရလောကသား တစ်ယောက်ဆိုတာ သေချာသွားပေပြီ။ သို့ဆိုလျှင် မည်းမည်းသဏ္ဍာန်က ဘယ်သူလဲ။

အဖေများ ပရလောက ရောက်ပြီး သူ့ကို လာရောက်စောင့်ရှောက်ပေးနေရော့သလား။

ထို့နောက် ရေပြည့်သွားသောအခါ နှစ်ယောက်သား ပိုက်သိမ်းကြပြီး တဲသို့ ပြန်သွားကြသည်။ တဲသို့ ပြန်ရောက်သောအခါ အမေက ပြောသည်။

"ညဦးပိုင်းတုန်းက ခဏကလေး အိပ်ပျော်သွားတာ အိပ်မက်လိုလိုနဲ့ မင်းအဖေကို တွေ့လိုက်ရတယ်"

"ဘယ်လိုတွေ့ရတာလဲ အမေ"

"သူ့တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ တွေ့ရတယ်၊ သူက မကျွတ်သေးဘဲ ပရလောကသားဘဝ ရောက်နေရတယ်လို့ ပြောတယ်၊ အဲဒါကလည်း မင်းကို စိတ်မချလို့ အခုလို နေရတာလို့ ပြောတယ်"

"ကျွန်တော်ကြောင့် ဟုတ်လား အမေ၊ ကျွန်တော်က ဘယ်လို လုပ်မိလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက လုပ်တာ မဟုတ်ပါဘူး၊ မင်းကို တစ္ဆေမ တစ်ကောင်က စွဲလန်းပြီး အနားမှာ လိုက်ကပ်နေတယ်တဲ့၊ သူမသေခင်တုန်းက သူ ကာကွယ်စောင့်ရှောက်ပေးတာကို မကျေနပ်လို့ ပွဲတင်မြှောက်တာကို မှားအောင်လုပ်ပြီး မြွေနဲ့ တိုက်သတ်ခဲ့တာလို့ ပြောတယ်"

"ဟင်. . ."

"အခုလည်း အဲဒီတစ္ဆေမက မင်းနားမှာ လာကပ်နေလို့ သူက ကာကွယ်ပေးနေရတယ်လို့ ပြောတယ်၊ အခုလည်း အဲဒီတစ္ဆေမနဲ့ နပန်းသတ်ခဲ့ရသေးတယ်လို့ ပြောတယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ အမေ၊ အဖေ့အတွက် ကောင်းမှုကုသိုလ်လုပ်ပြီး အမျှအတန်း ဝေပေးရရင် မကောင်းဘူးလား အမေ"

"အမေလည်း စိတ်ကူးမိပါတယ်၊ ဒါပေမယ့် မင်းအဖေက လက်မခံဘူး၊ သူကျွတ်သွားရင် မင်းကို စောင့်ရှောက်ပေးမယ့်သူ ရှိတော့မှာမဟုတ်ဘူး၊ အဲဒီလို မရှိရင် တစ္ဆေမ ရောက်လာပြီး မင်းလိပ်ပြာကို နှုတ်သွားလိမ့်မယ်တဲ့၊ ဒါကြောင့် အလုပ်ရာသီ သိမ်းပြီးမှာကို ပြန်ကာနီးတော့မှ သူ့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုပြုလုပ်ပေးပါ၊ အမျှအတန်း ဝေပေးပါတဲ့ကွယ်"

မိခင်ဖြစ်သူ စကားကြောင့် နီမောင် ရင်ထဲမှာ ဆို့နင့်သွားလေသည်။

"ဖြစ်မှဖြစ်ရလေ အဖေရယ်"

နီမောင် မျက်စိထဲမှာ မျက်ရည်များ ရစ်ဝဲလာသလို နှမဖြစ်သူနှင့် မိခင်ဖြစ်သူတို့မှာလည်း မျက်ရည်အဝိုင်းသားနှင့် ရှိနေကြသည်။





မိဘတို့မည်သည်. . .

တမလွန်ဘဝ ရောက်ပြီး ဘဝခြားခဲ့သည့်တိုင် သားသမီးအပေါ် ထားသော သံယောဇဉ်ကတော့ မခြားဘဲ စွဲလန်းစိတ်ဖြင့် စောင့်ရှောက်ပေးတတ်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

# ဗရလောကသားတို့တိုက်ပွဲ

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် ရာသီကုန်တော့မည့်အချိန်သို့ ရောက်လာကြတော့သည်။ မကြာခင်မှာ ရာသီသိမ်း၍ ရွာသို့ ပြန်ကြရပေတော့မည်။ နောက်ပိုင်းရက်များမှာတော့ နီမောင်မှာ အလုပ်ဆင်းသည့်အခါ အနှောင့်အယှက်များ သိပ်မတွေ့ရဘဲ ဖြောင့်ဖြောင့်တန်းတန်း လုပ်နိုင်လေသည်။ တစ်နေ့တော့ အိပ်မက်ထဲမှာ အဖေ့ကို ပြန်တွေ့ရသည်။ သူက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီမောင်. . . မကြာခင်မှာ သူတို့ မင်းရှိတဲ့ဆီကို ရောက်လာကြတော့မယ်"

"သူတို့ဆိုတာ ဘယ်သူလဲ အဖေ"

"မင်းကို စွဲလန်းနေတဲ့ တစ္ဆေမပေါ့၊ သူတစ်ယောက်တည်း မနိုင်တော့ သူ့အဖော်တွေ သွားခေါ်နေတာ၊ အခု သူတို့ လာကြတော့မယ်၊ မင်းကို မရရတဲ့နည်းနဲ့ ယူကြလိမ့်မယ်"

"ဟင်. . . ဘယ်တော့ လာကြမှာလဲ အဖေ"

"မနက်ဖြန်ခါ ညနေပိုင်းအချိန်တော့ ရောက်လာတော့မယ်ထင်တယ်"

"ဘယ်လိုလုပ်ရမလဲ အဖေ၊ ကျွန်တော်တို့ ဒီနေရာက ထွက်သွားရမှာလား"

"ဒီလိုပြေးလို့လည်း လွတ်မှာ မဟုတ်ဘူး၊ အကောင်းဆုံးက နောက် မလာဝံ့အောင် ရိုက်ထုတ်ပစ်နိုင်မှ ရမယ်"

"ကျွန်တော်တို့ကမှ သူတို့ကို မမြင်ရတာ၊ ဘယ်လို ရိုက်ထုတ်မလဲ အဖေ"

"မင်းတို့ ရိုက်လို့မရဘူး၊ ငါ ရိုက်မှ ရမယ်၊ ဒီတော့ ငါပြောသလို လုပ်ကြ"

"ဘယ်လိုလုပ်ရမလဲ အဖေ"

"မနက်ဖြန်ကျရင် တဲနောက်ဖက်မှာ လူသွားလမ်းတစ်ခု ဖောက်ပေးထား၊ အဲဒီလမ်းဘေး တစ်ဖက်တစ်ချက်မှာ လက်မောင်းလုံးလောက် အရွယ်ရှိတဲ့ ကနစိုသားတွေကို လေးတောင်လောက် ဖြတ်ပြီး





ထောင်ထားပေး၊ များလေကောင်းလေပဲ၊ နောက်ပြီး မင်းတို့တွေလည်း နေဝင်ရီတရောအချိန်မှာ ဘယ်မှ မထွက်ကြနဲ့၊ တဲနဲ့ လေးငါးလံလောက် ဝေးတဲ့နေရာမှာ အပ်ချည်ကြိုးတစ်ကြိုး တန်းထားပေး"

"လုပ်ပါ့မယ် အဖေ"

"အဲဒီအပ်ချည်ကြိုးကို ကြည့်နေ၊ အဲဒီအပ်ချည်ကြိုး ပြတ်ရင် ငါရှုံးပြီလို့သာ မှတ်ကြ၊ အပ်ချည်ကြိုး ပြတ်သွားရင် လှေပေါ်ကို အမြန်တက်ပြီး ရေလယ်ခေါင်ဘက်ကို ရောက်အောင် ပြေးကြပေတော့"

ဟု မှာကြားကာ ပြန်ပျောက်ကွယ်သွားတော့သည်။ နောက်တစ်နေ့ အိပ်ယာမှ နိုးသောအခါ အိပ်မက်အကြောင်းကို အမေ့ကို ပြောပြသည်။ ထို့နောက် ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်တို့ကိုလည်း သွားပြောပြသည်။ ထိုအခါ ဦးမွန်ထော်က. . .

"ဒီလိုဆိုရင် စိတ်ဝင်စားစရာပဲ၊ ငါတို့တတွေလည်း အလုပ်မဆင်းကြဘဲ စောင့်ကြည့်ကြရမှာပေါ့၊ ဒါပေမယ့် ကိုဘရှိန် ပြောတဲ့အတိုင်း လှေထဲမှာ ပစ္စည်းတွေ ထည့်ထားပြီး အဆင်သင့် ပြင်ထားကြ"

ဟု မှာသည်။

နေ့လည်ဘက် ရောက်သောအခါ လှေပြင်သူက ပြင်ကြပြီး လမ်းဖောက်သူက ဖောက်သည်။ သစ်ပင်ငယ်များနှင့် ချုံများကို နှစ်လံလောက် ကျယ်အောင် ခုတ်ထွင်ရှင်းလင်းကြသည်။ ၎င်းတို့ တဲများရှိရာ ကမ်းစပ်မှ တောတွင်းရောက်အောင် ဖောက်ကြသည်။

ထို့နောက် လက်မောင်းလုံးခန့် အရွယ်ရှိသော ကနစိုသားများကို လေးတောင်ခန့် ဖြတ်ကာ လမ်းဘေးတစ်ဖက်တစ်ချက်၌ ထောင်ပေး



www.burmeseclassic.com

ထားလိုက်သည်။ ဦးဘရှိန် မှာသည့်အတိုင်း တဲနှင့် လေးငါးလံလောက် အကွာတွင် အပ်ချည်ကြိုးတစ်ချောင်းကိုလည်း တားထားလိုက်သည်။

လှေများကိုတော့ ပန္နည်းများ တင်ကာ ကမ်းစပ်မှာ အဆင်သင့် ပြင်ထားသည်။ နီမောင်တို့တတွေမှာလည်း စိတ်လှုပ်ရှားစွာဖြင့် တဲ အတွင်းမှ စောင့်ကြည့်နေကြလေသည်။ တဖြည်းဖြည်းနှင့် နေဝင်ချိန် ရောက်လာခဲ့ချေပြီ။

ထိုအချိန်တွင် တောနက်အတွင်း အော်ဟစ်သံများ စတင်ကြား လာရသည်။ လူသံသူသံကဲ့သို့ အသံများမှာ တဖြည်းဖြည်း နီးကပ်လာ ချေပြီ။

"ဒီတစ်ခါတော့ မရရအောင် ခေါ်ကြပေ့"

ဟူသော ကြက်သီးထဖွယ် အသံတစ်သံကိုလည်း ကြားရ သည်။ ထိုအသံများကြောင့် ယောကျ်ားများက စိတ်ထိန်းထားနိုင်သော် လည်း နီမောင်၏အမေနှင့် နှမဖြစ်သူတို့မှာ မိန်းမသားများ ဖြစ်သော ကြောင့် ကြောက်လွန်းသဖြင့် မျက်နှာငယ်ကလေးများဖြင့် ရှိနေကြ သည်။ အသံများ နီးလာသောအခါ လမ်းဘေး၌ ထောင်ထားသော ကနစိုသားတစ်ချောင်းကို ကိုင်ကာ ထွက်သွားသော မည်းမည်းသဏ္ဍာန် တစ်ခုကို မသဲမကွဲ လှမ်းမြင်လိုက်ကြရသည်။

အတန်ကြာသောအခါ အော်ဟစ်သံများက တဖြည်းဖြည်း နီးလာပြီး မရှေးမနှောင်းမှာ ကြိမ်းမောင်းသံ၊ ရိုက်သံနှက်သံများကို ကြားရတော့သည်။

"ကိုင်းဟာ. . . ကိုင်းဟာ"





"ဖြောင်း. . ဖြောင်း. . ဖြောင်း"

တုတ်ဖြင့် ရိုက်သံများနှင့် မရှေးမနှောင်းမှာ ငယ်သံပါအောင် အော်ဟစ်သံများကိုပါ ကြားကြရသည်။ အော်သံများမှာ ယောကျ်ားသံ၊ မိန်းမသံများသာမက ကလေးငိုသံများပါ ကြားကြရသည်။

အတန်ကြာတော့ နောက်ဖက်သို့ တဖြည်းဖြည်း ပြန်ဆုတ်လာ သော မည်းမည်းသဏ္ဍာန်ကို ဝိုးတဝါး လှမ်းမြင်ရသည်။ ထို့ပြင် တုတ် များက တစ်ချောင်းကျိုးသွားလိုက်၊ နောက်တစ်ချောင်းနှင့် ယူရိုက်လိုက် နှင့် အတော်ကုန်နေချေပြီ၊ တုတ်ဖြင့် တရကြမ်း ရိုက်နေသော သဏ္ဍာန် မှာ တဲဘက် ဆုတ်လာလိုက်၊ တောတွင်းသို့ ပြန်တိုးသွားလိုက်နှင့် အကြိတ်အနယ် ရှိနေချေသည်။

တစ်ကြိမ်မှာတော့ တားထားသော အပ်ချည်ကြိုးနားအထိ ရောက်လာပြီး အပ်ချည်ကြိုး ပြတ်လုမတတ် ရှိနေသည်။ သို့သော်လည်း ခဏကြာတော့ ရှေ့သို့ တဖြည်းဖြည်းနှင့် ပြန်တိုးသွားပြန်လေသည်။ ဤသို့ဖြင့် သူတပြန် ကိုယ်တပြန် ဖြစ်နေရာမှာ လူသံသူသံ အော်သံ ဟစ်သံများ တဖြည်းဖြည်း ဝေးသွားကာ ပျောက်ကွယ်သွားတော့သည်။

နီမောင်တို့ ဖောက်ထားသော လမ်းကြောင်းပေါ်မှာတော့ ကနစိုတုတ် အပိုင်းအကျိုးများက ဖြန့်ကြဲကာ ကျန်ခဲ့လေတော့သည်။ နီမောင်တို့တတွေမှာ အခြေအနေကို စောင့်၍နားထောင်ကြည့်သော် လည်း မည်သည့်အသံမှ မကြားရတော့မှ စိတ်သက်သာရာ ရသွားကြ တော့သည်။

"တော်ပါသေးရဲ့ကွာ. . . ကိုယ့်ဘက်ကလူက နိုင်လို့ပဲ၊ မဟုတ်

www.burmeseclassic.com



ရင်တော့ ခွေးပြေးဝက်ပြေး ဆင်းပြေးရမှာ သေချာတယ်"

ဟု ဦးမွန်ထော်က ပြောသည်။

"ကျွန်တော့်တစ်သက်မှာ တစ္ဆေသရဲချင်း တိုက်ခိုက်ကြတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ သူတို့လောကမှာလည်း ဒီလို တိုက်တာ ခိုက်တာတွေ ရှိတယ်နော်"

"ရှိတာပေါ့ကွာ. . . ကိုယ်မမြင်ရလို့သာ၊ ပရလောကမှာလည်း နေရာလုတာ အစာလုတာတွေကြောင့် တိုက်ခိုက်လုယက်ကြတာတွေ အများကြီး ရှိတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကိုဘရှိန်ကိုတော့ ကျေးဇူးတင်ရမယ်၊

သူ အကူအညီပေးလို့သာပဲ၊ မဟုတ်ရင် ငါတို့တွေ တစ္ဆေသရဲတွေ နှိပ်စက်လို့ ဒုက္ခရောက်ကြရမှာ သေချာတယ်၊ အော်. . . ကိုဘရှိန်. . . ကိုဘရှိန်၊ ဝိညာဉ်ဘဝ ရောက်နေတာတောင် သားသမီး သံယောဇဉ်ကြောင့် ငါတို့တွေကို အကူအညီပေးသွားသေးတယ်"

ဟု စိတ်မကောင်းသောလေသံဖြင့် ပြောလိုက်လေသည်။ နောက်ဆုံး မိုးဦးကျရာသီ ရောက်ကာနီး အလုပ်သိမ်းကာနီးသောအခါ စက်စုရွာမှ ဆရာကြီး ဦးဗန်ကောင်း အကူအညီဖြင့် ဘုန်းကြီးများ ပင့်၍ ဆွမ်းကပ်ခြင်း၊ တရားနာခြင်း၊ အမျှအတန်းဝေခြင်းများ ပြုလုပ်ကြလေသည်။

ကိစ္စများအားလုံးပြီး၍ ညနေပိုင်းအချိန်တွင် စခန်းသိမ်း၍ ကမ်းမှ ခွာကြလေသည်။ အားလုံးမှာ ဦးဘရှိန်ကို သတိရကြပြီး မျက်ရည်မဆည်နိုင်အောင် ရှိကြလေသည်။ ၎င်းတို့လှေ ရေလယ်သို့ ရောက်





သောအခါ သစ်တောရိပ်များအောက် ကမ်းနဖူးစပ်တွင် ရပ်၍ လက်ပြနှုတ်ဆက်နေသော ဖြူဖြူအရိပ်သဏ္ဍာန်တစ်ခုကို လှမ်းမြင်ကြရသည်။

၎င်းသဏ္ဍာန်မှာ တမလွန်ဘဝ ရောက်သွားရှာသော ဦးဘရှိန်၏ဝိညာဉ်မှလွဲ၍ အခြားမဖြစ်နိုင်တော့ပြီ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(ခင်မွန်တန်းမှ လွမ်းပုံပြင်) အမည်ရှိ ပရဆန်းကြယ်ဝတ္ထုမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာ ဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ကြိုသာဦ

စာပြီးချိန် ။ ။ (၂၀၀၈)ခုနှစ်၊ ဒီဇင်ဘာ(၉)ရက်၊ နံနက်(၉)နာရီအချိန်။



www.burmeseclassic.com